The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .18, NO . 44 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | November 5, 2018

# မြန်မာနိုင်ငံထွက်သစ်သီးများ ကမ္ဘာ့သစ်သီးဝလံဈေးကွက်တွင်နေရာရရှိရေး ဝိုင်းဝန်းကြိုးစားပေး

စာမျက်နှာ - ၈ ➤



မြန်မာ - ထိုင်း နှစ်နိုင်ငံအကြား ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းရပ်များ ပူးပေါင်းဆောင်ရွက်ရေးအတွက် ညှိနှိုင်းအစည်းအဝေးအခမ်းအနားအား မြဝတီကုန်သွယ်ရေးဇုန်တွင် ကျင်းပခဲ့

စာမျက်နှာ - ၁၇ ➤

သကြားလုပ်ငန်းအတွက် အစိုးရထောက်ပံ့မှုကြောင့် လာမည့်နှစ်တွင် အိန္ဒိယနိုင်ငံ၌ သကြားပိုလျှံနိုင်

စာမျက်နှာ - ၃၃ ➤






# Min Dhama


Steel Structures Co., Ltd.

## We are able to PRODUCE whatever we can DRAW

Design → Shop DWG → Pre-Fab → Fitting → Welding → Trial Fit-up → Blasting → Coating → Packing → Site-Service



## Actives in Various Products




No.(75),Kanung Min Thar Gyi Street, Industrial Zone(4), Shwe Pyi Thar Township, Yangon, Myanmar.

Tel: +95-1-618876, 618134, 618398

Fax: +95-1-618880

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကျူးဘားနိုင်ငံ ဟာဗားနားမြို့တွင်ကျင်းပသော (၃၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဟာဗားနားကူးသန်းရောင်းဝယ်မှုနှင့် ကုန်သွယ်မှုကုန်စည်ပြပွဲ (XXXVI Havana International Fair -FIHAV) သို့ တက်ရောက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကျူးဘားနိုင်ငံ ဟာဗားနားမြို့တွင်နိုဝင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ ကျင်းပလျက်ရှိသည့် (၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဟာဗားနား ကူးသန်းရောင်းဝယ်မှုနှင့် ကုန်သွယ်မှုကုန်စည်ပြပွဲ (XXXVI Havana International Fair – FIHAV 2018) သို့ တက်ရောက်လျက်ရှိသည်။



ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၉ ရက် နံနက် ၁၀:၀၀ နာရီတွင် ကျင်းပသော ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနားသို့ ကျူးဘားနိုင်ငံသမ္မတ H.E Mr. Miguel Díaz-Canel၊ ကျူးဘားနိုင်ငံခြားကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ကြီး H.E. Rodrigo Malmierca Diaz တို့နှင့်အတူ ကျူးဘားနိုင်ငံ၏ အဓိကကုန်သွယ်ဘက်များဖြစ်သော ဗင်နီဇွဲလား၊ ရုရှား၊ စပိန်အပါအဝင် နိုင်ငံပေါင်း ၂၀ ကျော်မှ ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ကမ္ဘာတစ်ဝန်းနိုင်ငံပေါင်း ၆၅ နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြ သည်။

ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၃၀ ရက် နံနက် ၁၀:၀၀ နာရီတွင် ဟာဗားနားမြို့ရှိ Bio Cuba Farma (ဆေးဝါးညွှန်ကြားမှုဌာန) သို့ သွားရောက်လေ့လာခဲ့ရာ ကျွမ်းကျင်ပညာရှင် Dr. Dora Carcia Deigado နှင့် ညွှန်ကြားရေးမှူး Dr. Normando E. Iznaga Esco.bar တို့မှ ကြိုဆိုခဲ့ပြီးBio Cuba Farma မှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျန်းမာရေးကဏ္ဍ၊ လယ်ယာကဏ္ဍတို့နှင့်စပ်လျဉ်းသော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

မွန်းလွဲပိုင်း ၁၅:၀၀ နာရီတွင် ကျူးဘားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms.Dra C. de la Salud Marcia Cobas Ruiz နှင့် အဆင့်မြင့်အရာရှိများနှင့် တွေ့ဆုံခဲ့ပြီး ဆေးနှင့်ဆေးပစ္စည်းများ တင်သွင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့အပါအဝင် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများအပေါ် အမြင်ချင်းဖလှယ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းတွင် ကျူးဘားနိုင်ငံ၏ဆေးဝါးသုတေသနဌာန Centro de Inmunologia Molecular သို့ သွားရောက်ခဲ့ရာ ဌာနမှူး Mr. Marardo Pujol နှင့် ဒေသတွင်း စီးပွားရေးစီမံခန့်ခွဲမှုအရာရှိ Dr. Patricia Sierra Blazquez တို့မှကြိုဆိုခဲ့ကြပြီး ကျူးဘားနိုင်ငံ၏ ဆေးဝါးထုတ်လုပ်မှုနှင့် နိုင်ငံတကာသို့ တင်ပို့ရောင်းချမှုအခြေအနေများနှင့် မြန်မာနိုင်ငံတွင် ဆေးဝါးများထုတ်လုပ်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်ရေး အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်း ၁၅:၀၀ နာရီတွင် ကျူးဘားနိုင်ငံ၏ Center for Genetic Engineering and Biotechnology သို့ သွားရောက်ခဲ့ရာ ဌာနမှူးဖြစ်သူ Mr. Lic.Frank Gabriel Denis Martinez မှ ဌာနမှ ကင်ဆာဆေးဝါးများ၊ ဆီးချိုဆေးဝါးများ၊ အသည်းရောင် အသားဝါရောဂါကု ဆေးဝါးများထုတ်လုပ်၍ ကမ္ဘာ့နိုင်ငံများသို့ ရောင်းချနေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။ ပြည်ထောင်စုဝန်ကြီးမှ နှစ်နိုင်ငံဆေးပညာရှင်များ၊ သင်တန်းများ အပြန်အလှန်

စာမျက်နှာ ၁၇ သို့

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး European Commission မှ Deputy Director General ဦးဆောင်သည့် အီးယူ ကုန်သွယ်မှုအခွင့်အရေး စိစစ်လေ့လာရေးအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ဂျီးရီးယားနိုင်ငံ သံအမတ်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့အား သီးခြားစီလက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် Deputy Director General of European Commission, Directorate General of Trade မှ Mrs. Helena Konig ဦးဆောင်သည့် အီးယူကုန်သွယ်မှုအခွင့်အရေး စိစစ်လေ့လာရေးအဖွဲ့အား အောက်တိုဘာ ၃၁ ရက် ၁၄း၀၀ နာရီတွင်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ဂျီးရီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. Ahmed Nuhu Bamalli အား ၁၆း၀၀ နာရီတွင်လည်းကောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ သီးခြားစီ လက်ခံတွေ့ဆုံခဲ့သည်။



အီးယူကုန်သွယ်မှုအခွင့်အရေး စိစစ်လေ့လာရေးအဖွဲ့နှင့်တွေ့ဆုံစဉ် မြန်မာနှင့် အီးယူကုန်သွယ်မှုကိစ္စ၊ GSP အခွင့်အရေးကိစ္စများအား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ဂျီးရီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. Ahmed Nuhu Bamalli နှင့်အဖွဲ့အား တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများအား ရှာဖွေဖော်ထုတ်သွားရေး၊ ဆန်စပါးကဏ္ဍနှင့် စွမ်းအင်ကဏ္ဍတို့တွင် ကုန်သွယ်မှုမြှင့်တင်နိုင်မည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC(IR)

Commerce JOURNAL

အတိုင်ပင်ခံစာတည်း
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

စာတည်းမှူးချုပ်
သိန်းထွန်းဦး

တာဝန်ခံစာတည်း
-

အုပ်ချုပ်ရေးမှူး
အေးအေးမော်

စာတည်းအဖွဲ့
ကြည်သာသစ်နိုင်

လက်ထောက်စာတည်း
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

သတင်းထောက်များ
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

Proof & Layout Design ကြီးကြပ်
ခင်စုစုလှိုင်

ကြော်ငြာတာဝန်ခံ
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

ထုတ်ဝေသူ
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။ ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

ဖြန့်ချိရေးတာဝန်ခံ
သန်းစိုး

ဖြန့်ချိရေး
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

ကွန်ပျူတာ
ဝင်းမာသိန်း
သင်းသီရိအောင်

Layout Design & Graphic Design
CJ Design Group

ပုံနှိပ်သူ
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

Email Address
commercejournal.editor@gmail.com

# ကျိုက်လတ်မြို့နယ်တွင် ကောက်စောစပါးများ စတင်ရိတ်သိမ်းလျက်ရှိပြီး တောင်သူများမနှစ်ကထက် ပိုမိုတွက်ခြေကိုက်မှုရှိနေ



ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်တွင် မိုးစပါးစိုက်ဧက ၁၃၂၆၈၃ ဧက စိုက်ပျိုးသည့်အနက် အချို့ကျေးရွာအုပ်စုများတွင် အောက်တိုဘာနောက်ဆုံးပတ်မှစ၍ ကောက်စောစပါးများ စတင် ရိတ်သိမ်းနေပြီးဖြစ်ကြောင်းသိရသည်။ မိုးစပါးရိတ်သိမ်းထွက်ရှိမှုအခြေအနေနှင့် ဈေးနှုန်း၊ ဈေးကွက်အခြေအနေအားသိရှိရန် ကျိုက်လတ်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံဦးစိုးမင်းထိုက်နှင့် ဝန်ထမ်းများသည် အောက် တိုဘာ ၃၀ ရက်က ကျုံကလွတ်ကျေးရွာအုပ်စု၊ ပျဉ်ထောင်စုကျေးရွာခွဲရှိ တောင်သူဒေါ်ဖြူဖြူသင်းနှင့်တွေ့ဆုံမေးမြန်းရာ "ကျွန်မတို့ ပျဉ်ထောင်စုကျေးရွာမှာတော့ ကျွန်မလယ်ကအရင် ဆုံးရိတ်တာပါ၊ ပေါ်ဆန်းရင်စိုက်ဧက ၈ဧက စိုက်ပျိုးထားပါတယ်။ အခုတစ်ဧက ရိတ်သိမ်းပြီးသွားပြီ။ တစ်ဧကကုန် ကျစရိတ်ကျပ်၁၅၀၀၀၀ခန့်ရှိပါတယ်။ အထွက်နှုန်းအနေနဲ့ စပါးအခြောက် တင်း ၄၆ ပေါင် ကိုက်၄၂ တင်းနှုန်းထွက်ရှိပြီး ဈေးနှုန်းကတော့ အခုရွာပေါက်ဈေး(၄၆)ပေါင်ကိုက်စပါးတင်း ၁၀၀ ကို ကျပ် ၉၂၀၀၀၀ ပေါက်ပါတယ်။ မနှစ်က ဈေးနဲ့နှိုင်းယှဉ်ပါက ကျပ် ၂၅၀၀၀၀ ပိုပါတယ်။ မနှစ်က ပေါက်ဈေးက ၄၆ ပေါင် ကိုက်စပါး ၁၀၀ ကို ကျပ်၆၆၉၀၀၀၊ ကျပ် ၆၇၀၀၀၀ ထက်မပိုတဲ့ဈေးပဲ ပေါက်ပါတယ်။ အထွက်နှုန်းကတော့ သုံးတင်းလောက်လျော့သွားပါတယ်။ ဒါကလည်း မုန်တိုင်းကြောင့်ပါ။ ယခင်နှစ်တွေထက် ယခုနှစ်က တွက်ခြေပိုကိုက်ပါတယ်"လို့ တောင်သူဒေါ်ဖြူဖြူသင်းက ပြောသည်။

အလားတူ ပန်းဘဲဥကျေးရွာအုပ်စု အခြံကျောင်းကျေးရွာမှ တောင်သူဦးသိုက်စိုးနှင့်တွေ့ဆုံရာ "ရက် ၉၀ စပါး လေးဧကစိုက်ပျိုးထားပြီး အခု ၁ ဒသမ ၅၀ ဧကရိတ်သိမ်းပြီးပါပြီ။ အထွက်နှုန်းကတော့ တင်း ၇၀ထွက်ပါတယ်။ တစ်ဧကကုန်ကျစရိတ်မှာ ကျပ် ၁၃၀၀၀၀ ကုန်ကျပါတယ်။ အခုကွင်းပေါက်ဈေးကတော့ ၄၆ ပေါင် ကိုက်စပါးတင်း ၁၀၀ ကို ကျပ် ၆၂၀၀၀၀ ဈေးပေါက်တယ်လို့ သိရပါတယ်။ ကျွန်တော်က မရောင်းပါဘူး။ နွေစပါးစိုက်ပျိုးဖို့အတွက် မျိုးအဖြစ်ပြန်လည်အသုံးပြုမှာပါ။ မနှစ်ကဈေးနှုန်းက ကျပ် ၅၆၀၀၀၀ ကျော်ပေါက်ပါတယ်။ အခြားအခက်အခဲတော့မရှိပါဘူး။ ရိတ်သိမ်းတာကလည်း မိသားစုပဲရိတ်သိမ်းတာဖြစ်လို့ အခက်အခဲမရှိပါဘူး။ စပါးလှိုင်လှိုင်ပေါ်လာရင်တော့ ရိတ်သိမ်းခြွေလှေ့စက်ကြီးတွေ ငှားစရိတ်ကုန်ကျမှာပါ။ တစ်ဧက ရိတ်သိမ်းခ ကျပ် ၅၀၀၀၀ပေးရတယ်"လို့ အခြံချောင်းကျေးရွာရှိ တောင်သူဦးသိုက်စိုးထံမှ သိရပါသည်။

**မင်းဇော်မွန်(ဖျာပုံ)**

# ဆန်အသစ်များဝင်ရောက်လာပြီဖြစ်တဲ့အတွက် ဆန်ဈေးကျ

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချောအသစ် ဝင်ရောက်လာပြီး ဆန်ချောအဟောင်းများ ဈေးငြိမ်နေကြောင်း ဝါးတန်းဆန်ဈေးကွက်မှ သိရပါတယ်။ ဆန်ချောအဟောင်းများဖြစ်တဲ့ ဖျာပုံ၊ ပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်ကျပ် ၅၂၀၀၀နဲ့လတ်စတစ်အိတ်ကျပ် ၅၁၀၀၀ ၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်ကျပ် ၅၆၀၀၀ နဲ့ လတ်စတစ်အိတ် ကျပ် ၅၄၀၀၀၊ ကျိုက်လတ်ပေါ်ဆန်းဆန်ထိပ်စ တစ်အိတ် ကျပ် ၅၀၀၀၀ နဲ့ လတ်စတစ်အိတ် ကျပ် ၄၉၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ် ကျပ် ၆၁၀၀၀-၆၃၀၀၀ ရှိပြီး ဆန်အဝင်လည်းနည်းကာ အရောင်းအဝယ်လည်းအေးတဲ့အတွက် ဈေးငြိမ်နေကြောင်းသိရပါတယ်။ အသစ်ဝင်ရောက်လာတဲ့ ပေါ်ဆန်းဆန်ကတော့ တစ်အိတ်ကိုကျပ် ၄၅၀၀၀-၄၆၀၀၀ ရှိပြီး တစ်ပတ်အတွင်းမှာပဲ တစ်အိတ်ကို ကျပ် ၁၀၀၀ ခန့်အထိ ဈေးကျတာ တွေ့ရပါတယ်။ ဆန်ချောများလည်း ထပ်မံဝင်ရောက်လာမှာဖြစ်တဲ့အတွက် ထပ်မံဈေးကျဖွယ်ရှိတယ်လို့ ဝါးတန်းဆန်ဈေးကွက်မှ သိရပါတယ်။

အလားတူ ဆန်ကြမ်းအဟောင်းများလည်း ဈေးကျကြောင်း သိရပါတယ်။ ဧည့်မထ ၂၅ မှတ်ဆန်တစ်အိတ်ကျပ် ၂၀၅၀၀-၂၁၀၀၀၊ ရက် ၉၀ ဆန်အဟောင်းတစ်အိတ်ကျပ် ၂၄၅၀၀-၂၅၅၀၀၊ သီးထပ်ဆန်(ရှယ်)အဟောင်းတစ်အိတ် ကျပ် ၂၃၀၀၀-၂၄၀၀၀၊ မိုးသုခတစ်အိတ်ကျပ် ၂၄၅၀၀-၂၆၀၀၀ ရှိပြီး ဆန်အဝင်နည်းသလို အရောင်းအဝယ်လည်း အေးတဲ့အတွက် တစ်အိတ်ကို ကျပ် ၅၀၀ မှ ကျပ် ၂၀၀၀ အထိ ဈေးကျကြောင်း သိရပါတယ်။ ရန်ကုန်ဆန်ဈေးကွက်ကို ဆန်သစ်များ ဝင်ရောက်လာပြီဖြစ်တဲ့အတွက် ဆန်ဈေးများ ထပ်မံကျဖို့ရှိတယ်လို့ ဝါးတန်းဆန်ဈေးကွက်မှ သတင်းရရှိပါတယ်။

**ယဉ်ယဉ်အေး**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း လက်ရှိဆန်စပါးအဟောင်းဈေးကွက် ဈေးနှုန်းတည်ငြိမ်

ဧရာဝတီတိုင်းဒေသကြီးအတွင်း လက်ရှိဆန်စပါးအဟောင်းဈေးကွက်တွင် ဈေးနှုန်းတည်ငြိမ်၍ အရောင်းအဝယ်အေးကာမြို့နယ်အချို့တွင် ဆန်ချောဈေးနှုန်း အနည်းငယ်မြင့်တက်လျက်ရှိကြောင်း မိုးကောက်စောစပါး အနည်းအကျဉ်းသာ အရောင်းအဝယ်ဖြစ်ပြီး နိုဝင်ဘာလပထမပတ်လောက်ဆိုရင် ဈေးကွက်မှာ မိုးစပါးသစ်များ အရောင်းအဝယ် သွက်လာနိုင်ကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှ သိရသည်။

လက်ရှိအဟောင်းဈေးကွက်မှာ ပေါ်ဆန်စပါးနှင့်မိုးဧည့်မထ၊ နွေသီးထပ်ရင်စပါးဈေးမှာ ယခင်နှစ်ကထက် ဈေးကောင်းရပြီး တိုင်းအတွင်း ပေါ်ဆန်စပါး (၄၆)ပေါင်တင်း(၁၀၀)ကို (၁၁)သိန်းကျော် (၁၂)သိန်းကျော်ဝန်းကျင် မိုးဧည့်မထစပါးဈေး မနောသုခမျိုးပွား (၄၆)ပေါင်တင်း(၁၀၀)ကို ၆ သိန်း ၄ သောင်းမှ ၆သိန်း ၉သောင်းကျော်နှင့် နွေသီးထပ်ရင်စပါးဈေးမှာ ၆ သိန်းဈေးမှ ၆ သိန်းကျော်အထိ ပေါက်ဈေးရှိကြောင်း၊ ပုသိမ်မြို့တွင် ပေါ်ဆန်း(၁)အိတ်ကို ယခင် ၄၈၀၀၀ ကျပ်မှ ယခု ၅၁၀၀၀ ကျပ်၊ ငပုတောမြို့နယ် ယခင်ပေါ်ဆန်း (၁)အိတ် ၄၁၀၀၀ ကျပ်မှ ယခု ၄၃၀၀၀ ကျပ်၊ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ လပွတ္တာ၊ မော်ကျွန်းမြို့နယ်များတွင် ယခင်ပေါ်ဆန်း (၁)အိတ်ကို ၅၁၀၀၀ ကျပ် ၅၂၅၀၀ ကျပ်မှ ယခုဈေး ၅၂၅၀၀၊ ကျပ် ၅၃၅၀၀ ဈေးနှုန်းဖြစ်သွား၍ ဆန်ချော(၁)အိတ်ကို ၁၀၀၀ ကျပ်မှ ၃၀၀၀ ကျပ်အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိပြီး စပါးသစ်ပေါ်ဆန်းထွက်ရှိမှုမရှိသေးခြင်း၊ စပါးလက်ကျန်နည်းပါးလာခြင်းနှင့်ဈေးကွက်ဝယ်လိုအားရှိနေခြင်းတို့ကြောင့် ဆန်ချောဈေးနှုန်းမြင့်တက်ရခြင်းဖြစ်ကြောင်း ဆန်စပါးဈေးကွက်သတင်းများမှသိရသည်။

**မင်းမင်းဦး(ပသ)**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂-၁၁-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၄ | ၃၉၀ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၄ | ၃၈၀ | ▽ | ၄၀၈ | ၄၁၃ | ▽ | ၃၆၆ | ၃၇၀ | △ | ၃၇၈ | ၃၄၈ | ▽ |
| ဆန်ဖြူ ၁၀% | ၃၈၂ | ၃၇၈ | ▽ | ၄၀၃ | ၄၀၈ | △ | - | - | - | ၃၇၃ | ၃၄၃ | ▽ |
| ဆန်ဖြူ ၁၅% | ၃၇၉ | ၃၇၆ | ▽ | ၃၉၈ | ၄၀၃ | △ | - | - | - | ၃၆၈ | ၃၃၈ | ▽ |
| ဆန်ဖြူ ၂၅% | ၃၆၅ | ၃၆၅ | □ | ၃၈၅ | ၃၉၃ | △ | ၃၄၃ | ၃၅၀ | △ | ၃၃၈ | ၃၁၃ | ▽ |
| ပေါင်းဆန် | ၄၀၆ | ၄၀၀ | ▽ | - | - | - | ၃၅၈ | ၃၅၈ | □ | ၄၀၈ | ၄၀၈ | □ |

***Source: liverice***

## ပြည်တွင်းမြို့ကြီးများ၏ (၂-၁၁-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၆၄၅၀ | □ | ၂၇၀၀၀ | □ | ၁၀၅၀၀ | □ | ၄၃၀၀၀ | □ |
| ပုသိမ် | ၆၇၁၀ | □ | ၂၇၀၀၀ | □ | ၁၁၃၆၀ | □ | ၄၈၀၀၀ | □ |
| ပဲခူး | ၆၆၅၀ | □ | ၂၇၀၀၀ | □ | ၁၂၀၀၀ | ▽ | ၅၃၀၀၀ | □ |
| ရွှေဘို | ၇၀၀၀ | □ | ၂၆၀၀၀ | □ | ၁၇၀၀၀ | □ | ၅၄၀၀၀ | □ |
| စစ်တွေ | ၆၄၀၀ | ▽ | ၂၆၀၀၀ | ▽ | ၁၃၀၀၀ | □ | ၅၆၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၇၅၀၀ | □ | ၃၂၀၀၀ | □ | - | - | ၅၄၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၆၄၀၀ | □ | ၂၃၂၀၀ | □ | - | - | ၅၂၀၀၀ | △ |
| မန္တလေး | ၇၅၀၀ | □ | ၃၀၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၈၈၀၀ | ▽ | ၃၀၀၀၀ | □ | - | - | ၆၅၅၀၀ | △ |
| မော်လမြိုင် | ၇၀၀၀ | □ | ၂၇၀၀၀ | □ | ၁၁၅၀၀ | □ | ၅၀၀၀၀ | □ |
| လှိုင်ကော် | ၈၆၉၀ | ▽ | ၄၃၀၀၀ | ▽ | - | - | ၆၃၀၀၀ | □ |
| မြိတ် | ၆၈၀၀ | □ | ၂၇၅၀၀ | □ | - | - | ၅၇၀၀၀ | △ |
| ဘားအံ | ၇၃၀၀ | □ | ၂၈၅၀၀ | □ | - | - | ၅၆၅၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂၉-၁၀-၂၀၁၈ မှ ၂-၁၁-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 861 | 48,212,323.010 |
| 2 | Form D | 110 | 2,998,602.910 |
| 3 | Form E | 145 | 3,079,857.870 |
| 4 | Korea GSP | 4 | 53,278.900 |
| 5 | Form AK | 149 | 4,244,702.930 |
| 6 | Form AJ | 12 | 744,949.390 |
| 7 | Form AI | 87 | 2,685,418.320 |
| 8 | Form AANZ | 21 | 337,711.630 |
| 9 | Form DFTP | 1 | 23,865.000 |
| 10 | Form CHINA | | |
| **Grand Total** | | **1390** | **62,380,709.960** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂-၁၁-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၆/၁၀ | ၂/၁၁ | ပြောင်းလဲမှု | ၂၆/၁၀ | ၂/၁၁ | ပြောင်းလဲမှု | ၂၆/၁၀ | ၂/၁၁ | ပြောင်းလဲမှု | ၂၆/၁၀ | ၂/၁၁ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၁၂၅ | ၁၄၂၇ | ▲ | ၁၁၆၇ | ၁၃၅၀ | ▲ | ၁၂၀၀ | ၁၁၇၅ | ▼ | ၉၄၀ | ၁၃၅၀ | ▲ |
| ပဲစင်းငုံ | ၈၇၄ | ၁၁၅၉ | ▲ | ၇၅၈ | ၁၀၁၇ | ▲ | ၇၂၅ | ၈၇၅ | ▲ | ၇၃၅ | ၁၀၄၀ | ▲ |
| ပဲတီစိမ်း | ၁၅၈၀ | ၁၆၀၀ | ▲ | ၁၇၇၈ | ၁၇၇၈ | ■ | ၁၅၇၈ | ၁၅၂၆ | ▼ | ၁၆၀၅ | ၁၆၃၀ | ▲ |
| ကုလားပဲရိုးရိုး | ၁၀၀၀ | ၁၀၀၀ | ■ | ၁၂၀၅ | ၁၂၆၆ | ▲ | ၁၁၀၄ | ၁၂၆၃ | ▲ | ၁၂၁၀ | ၁၂၉၀ | ▲ |
| ပဲလွန်းဖြူ | ၁၁၈၀ | ၁၁၃၀ | ▼ | ၁၃၆၇ | ၁၃၆၇ | ■ | ၁၃၆၈ | ၁၃၆၈ | ■ | ၁၃၇၀ | ၁၁၆၀ | ▼ |
| ထောပတ်ပဲ | ၂၆၀၅ | ၂၄၃၀ | ▼ | ၂၉၃၃ | ၂၉၃၃ | ■ | ၂၇၃၆ | ၂၇၃၆ | ■ | ၃၁၆၀ | ၃၁၆၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၈) မှ |
| | (၂၀.၁၀.၁၈)ထိ | (၂၇.၁၀.၁၈)ထိ | (၂၇.၁၀.၁၈) ထိ |
| မတ်ပဲ | ၄၃၈၅၄၈ | ၁၀၇၁၃ | ၄၄၉၂၆၁ |
| ပဲတီစိမ်း | ၁၀၁၆၈၂ | ၇၅၃ | ၁၀၂၄၃၅ |
| ပဲစင်းငုံ | ၁၆၄၉၆၈ | ၆၁၈ | ၁၆၅၅၈၆ |
| ကုလားပဲ | ၄၈၆၆၆ | ၄၇၇ | ၄၉၁၄၃ |
| ပဲလွန်းဖြူ | ၂၁၄၇၁ | ၅၃ | ၂၁၅၂၄ |
| မြေထောက်ပဲ | ၉၉၄၄ | ၁၀ | ၉၉၅၄ |

## ပြည်မတ်ပဲမျိုးပဲအဝယ်ရှိလာပြီး ဈေးလည်းပိုလာခဲ့

ပြည်ပဲဈေးကွက်အတွင်း အောက်တိုဘာလကုန်ပတ်တွင် မတ်ပဲသီးနှံဈေး ပိုရလျက်ရှိလာခဲ့တာကို တွေ့ရပါတယ်။ ယခုကာလသည် မိုးစပါးရိတ်သိမ်းပြီး ဆောင်းပဲသီးနှံများ စိုက်ပျိုးချိန်ဖြစ်သည့်အတွက် မတ်ပဲသီးနှံအား မျိုးပဲဝယ်ယူမှုများ ရှိလာသလို ရန်ကုန်ဝယ်လက်သမားများလည်း အဝယ်လိုက်လာလို့ ပဲတစ်တင်း ကျပ် ၂၄၅၀၀ အထိ ရရှိလာခဲ့ပါတယ်။ ပဲလက်ကျန်များရှိနေတဲ့အတွက် ဝယ်လိုအား ရှိသလောက်အရောင်းအဝယ် ဖြစ်ခဲ့ကာ အိတ် ၄၀၀ ကျော် ၅၀၀ အထိ ရောင်းဝယ်မှုရှိခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း(ပြည်)**

## ပြည်ပဲတီစိမ်းသစ် ပဲအဝင်များလာသလို ဈေးလဲမြင့်လာ

အောက်တိုဘာလလယ်မှစ၍ ပြည်ပဲဈေးကွက်သို့ ပဲတီစိမ်းသစ်များ ဝင်ရောက်ခဲ့ပြီး ယခုတစ်ပတ်မှာလည်း ပဲသစ်အဝင်ဆက်ရှိလာခဲ့လို့ တစ်ရက် အိတ် ၃၀၀ ကျော်အထိ ပြည်အနီးတစ်ဝိုက်ဒေသများမှ ဝင်ရောက်ခဲ့ကြပါတယ်။

ပဲဈေးမှာတော့ အရည်အသွေးလိုက် ဈေးကွာခြားမှုရှိခဲ့တာကြောင့် ထိပ်စတစ်တင်း ကျပ် ၃၃၅၀၀ ဖြင့် ပဲသစ်ပေါ်စ ဈေးထက်ဈေးပိုကောင်းလာသလို ပဲဟောင်းဈေးထက်လည်း ဈေးပိုရခဲ့ကြောင်းသိရပါတယ်။ ဝယ်လက်အနေဖြင့် မန္တလေးလိုင်းသမား အဓိကထားဝယ်ယူလျက်ရှိလို့ ဝင်လာသမျှ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း(ပြည်)**

## မြင်းခြံခရိုင်တွင် ပဲပုပ်(ဆောင်း) ၁၆၆၂ ဧက စိုက်ပျိုးပြီးစီး

မြင်းခြံခရိုင်ပဲပုပ်(ဆောင်း) စိုက်ပျိုးပြီးစီးမှုမှာ ၁၆၆၂ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ မြင်းခြံမြို့နယ်တွင် ၉၆၂ ဧကနှင့် ငါန်းဇွန်မြို့နယ်တွင် ၇၀၀ ဧကစိုက်ပျိုးပြီးဖြစ်ကြောင်းပြီး၊ တောင်သာမြို့နယ်တွင် စိုက်ပျိုးခြင်းမရှိသေးကြောင်းကိုလည်း သိရသည်။ နွားထိုးကြီးမြို့နယ်တွင် ပဲပုပ်စိုက်ပျိုးမှုမရှိကြောင်း သိရပါသည်။

၂၀၁၈-၂၀၁၉ ခုနှစ်တွင် မြင်းခြံ၌ ၇၃၄၃ ဧက၊ တောင်သာ ၁၁၀ ဧကနှင့် ငါန်းဇွန်၌ ၅၁၅၆ ဧက စိုက်ပျိုးရန် လျာထားပြီးဖြစ်ပါသည်။ ပဲပုပ်မျိုးလိုအပ်ချက်မှာ တောင်သူများမှ ကိုယ့်မျိုးကိုယ်ထားစနစ်ဖြင့်လည်းကောင်း၊ တောင်သူအချင်းချင်း မျိုးဖလှယ်၍လည်းကောင်း စိုက်ပျိုးလျက်ရှိသဖြင့် မျိုး ထပ်မံလိုအပ်ချက်မရှိတော့ကြောင်းကိုလည်း တောင်သူတစ်ဦးက ဆိုသည်။

တစ်ဧကကုန်ကျစရိတ်မှာ မြင်းခြံမြို့နယ်တွင် ကျပ် ၁၃၃၅၀၀၊ တောင်သာမြို့နယ်တွင် ကျပ် ၁၂၄၇၀၀၊ ငါန်းဇွန်မြို့နယ်တွင် ကျပ် ၇၈၄၀၀ ကုန်ကျကြောင်း၊ ပဲပုပ်တစ်ပိဿာလျှင် ကျပ် ၁၄၀၀- ၁၄၅၀ ဖြစ်ပြီး ယခင်လ ကာလတူဈေးမှာ တစ်ပိဿာလျှင် ကျပ် ၁၅၁၅ ယခင်နှစ် ကာလတူက တစ်ပိဿာလျှင် ၁၇၁၈ ဖြစ်ကြောင်း သိရှိရပါသည်။

**ဝင်းထွန်းဦး**

## ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံနီ ဈေးအနည်းငယ်တက်နေ

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံနီ (အဟောင်း)မှာ ဈေးတက် လျက်ရှိပြီး၊ ယခင်တစ်ပတ်က ပဲစင်းငုံနီ (အဟောင်း)တစ်တင်းလျှင် ကျပ် ၁၄၅၀၀ - ၁၅၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ပဲစင်းငုံနီ (အဟောင်း)တစ်တင်းလျှင် ကျပ် ၁၆၄၀၀- ၁၆၈၀၀-၁၈၄၀၀ ဈေးပေါက်ခဲ့ပြီး အရောင်းအဝယ်အနေဖြင့် အိတ် ၁၀၀ မှ ၅၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ကုလားပဲဝါ HL မှာ တစ်တင်းလျှင် ကျပ် ၂၅၃၀၀-၂၅၅၀၀-၂၅၁၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဝါလုံးကြီး 929 မှာ တစ်တင်းလျှင် ကျပ် ၂၄၂၀၀-၂၄၅၀၀-၂၄၈၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၂၄၀၀၀-၂၄၂၀၀-၂၄၅၀၀ ဖြင့် အိတ် ၅၀ ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ပဲတီစိမ်းသေးမှာ အရည်အသွေးကိုလိုက်၍ တစ်တင်းလျှင် ကျပ် ၂၂၀၀၀ မှ ၃၀၀၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀ ကြား၊ ပြောင်းဖူးစေ့ CP တစ်တင်းလျှင် ကျပ် ၉၀၀၀ မှ ၉၃၀၀ ဖြင့် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နှမ်းနီ (ယော)မှာ ပြည်ပမှဝယ်လိုအားကောင်းတာကြောင့် ဈေးကောင်းရလျက်ရှိပါတယ်။ နှမ်းနီတစ်တင်းလျှင် ကျပ် ၅၀၀၀၀ ဖြင့် အိတ် ၁၀၀ ခန့်၊ နှမ်းဝါ(ယော) မှာတစ်တင်းလျှင် ကျပ် ၄၉၅၀၀-၅၁၄၀၀-၅၃၈၀၀-၅၅၀၀၀ ဖြင့် အိတ် ၅၀ မှ ၃၀၀ ထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သတင်းရရှိပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် မန္တလေး-မူဆယ် ကုန်သယ်ယူခနှုန်းထားများ

၂၀၁၈ အောက်တိုဘာလအတွင်း မန္တလေးမှ မူဆယ်သို့ ကုန်သယ်ယူခနှုန်းထားများမှာ ပို့ကုန်တွင် ဒုတိယပတ်မှစပြီး ပြောင်း၊ ဆန်နဲ့ ရော်ဘာ တစ်ပိဿာ သယ်ယူခ မှာ ၆၄ ကျပ်မှ ၆၅ ကျပ်သို့ ဈေးမြင့်တက်ခဲ့ပြီး သွင်းကုန်မြေဆီ သယ်ယူခမှာလည်း ၂၉-၃၀ ကျပ်မှ ၃၀-၃၂ ကျပ်သို့ ဈေးမြင့်တက်ခဲ့တာ တွေ့ရပါတယ်။ မူဆယ်မှ တရုတ်နိုင်ငံသို့ ပြောင်း၊ ပဲအမျိုးမျိုး၊ ရော်ဘာ၊ ဆန်၊ ဖရဲသီး၊ ကြွဲ/နွား(အရှင်)၊ Re-export သကြား၊ ဒီဇယ်ဆီ၊ ပရဆေးကုန်ကြမ်း၊ ပလတ်စတစ်ဖြတ်စ၊ ဆံပင်၊ ဇင့်အောက်ဆိုဒ်၊ သဘာဝခတ်ငွေ့နဲ့ လက်ဝတ်ရတနာ (အချောထည်) များတင်ပို့ပြီး တရုတ်နိုင်ငံဘက်မှလည်း လယ်ထွန်စက်များ၊ လယ်ယာသုံးနောက်တွဲယာဉ်၊ စက်နှင့်စက်ပစ္စည်း၊ အင်ဂျင်များ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ သတ္တုကုန်ချောဆောက်လုပ် ရေးပစ္စည်းများ၊ ဓာတုဗေဒကုန်ကြမ်းများ၊ ပလတ်စတစ်ကုန်ကြမ်းများ၊ ချည်ခင်၊ ဘက်ထရီခြောက်၊ ရေနံထွက်ပစ္စည်းများနဲ့ လျှပ်စစ်မီးသီး၊ မီးချောင်းများ တင်သွင်းခဲ့ပါသည်။

**မော်မော်အောင်**

## ပြည်ကုလားပဲသီးနှံ ခွဲစက်သမား ပုံမှန်ဝယ်ယူပြီး ဈေးငြိမ်နေ

ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ကုလားပဲသီးနှံလက်ကျန်ပဲရှိမှုအပေါ် အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိခဲ့တာကို တွေ့ရပါတယ်။ ဒေသတွင်းခွဲစက်သမားများ ပုံမှန်ဝယ်ယူမှုရှိလို့ တစ်ရက်အိတ် ၂၀၀/၃၀၀ ကျော် ရောင်းဝယ်မှုရှိခဲ့ကြပါတယ်။ အခြားပဲများ မျိုးပဲဝယ်ယူမှုရှိလာသော်လည်း ကုလားပဲသီးနှံကတော့ မျိုးပဲအဝယ် သိပ်မရှိသေးဘဲ ခွဲစက်သမားများသာ အဓိကထားဝယ်ယူကြပြီး ပဲတစ်တင်းလျှင် ကျပ် ၂၆၅၀၀ ဖြင့် ဈေးငြိမ်ရောင်းဝယ်နေခဲ့ကြတာကို တွေ့ရပါတယ်။ ယခင်နှစ် ယခုရာသီတွင် တစ်တင်းကျပ် ၄၀၀၀၀ ကျော်ထိ ရရှိခဲ့လို့ ဈေးကောင်းခဲ့ပေမယ့် ယခုနှစ်အတွင်းမှာတော့ ကုလားပဲသီးနှံဈေးဟာ ဈေးအေးနေပါတယ်။

**ခင်ဆွေဝင်း(ပြည်)**

## ပဲလွန်း မိုးနှင့် ဆောင်းတွင် ဧက ၅၀၀၀ ကျော်စိုက်ပျိုး တောင်သူများစိုက်စရိတ်သက်သာပြီးဝင်ငွေရ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် မိုးသီးနှံနှင့် ဆောင်းသီးနှံအဖြစ် ပဲလွန်းဧက ၅၀၀၀ စိုက်ပျိုးရန် လျာထားပြီး မိုးသီးနှံကိုစိုက်နေကြောင်း သိရသည်။

မိုးသီးနှံကို ယာမြေများတွင် စက်တင်ဘာလမှစတင်၍ စိုက်ကြပြီး ဆောင်းသီးနှံကိုကိုင်းမြေများတွင် နိုဝင်ဘာလမှ စတင်၍ စိုက်ပျိုးကြကာ ဒီဇင်ဘာလနှင့် ဇန်နဝါရီလတွင် အသစ်ပေါ်ကြောင်း သိရသည်။

“ပဲလွန်းကတော့ အခြားပဲတွေလို မြေပဲတစ်ဧကကိုကျပ် ၃ သိန်းအထိ မရင်းနှီးရဘူး” ယခုပဲလွန်းကတော့ အရင်းအနှီး ကျပ် ၁၀၀၀၀၀ ပဲကုန် တယ်။ အရင်းနည်းတယ်။ နွားစာအဖြစ်လည်း အရိုးကိုသုံးတယ်။ တောင်သူတွေကတော့ မဖြစ်မနေ စိုက်တယ် ”ဟု ရေနံချောင်းမြို့နယ်က တောင်သူဦးဝင်းကြိုင်က ပြောသည်။

“ပဲလွန်းကို မိုးပဲအနေနှင့် ဧက ၃၆၁၀ စိုက်တယ်။ ဆောင်းပဲအဖြစ်၁၄၅၀ ဧက စိုက်ဖို့လျာထားတယ်။ အထွက်ကတော့ မိုးပဲကို ဧက ၃၀၆၇၅နှင့် ဆောင်းပဲကတော့ ၁၈၄၈၈ ဧက လျာထားတယ်”ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပဲလွန်းကို ရန်ကုန်နှင့် မန္တလေးသို့ တင်ပို့ပြီး ဒေသတွင်းမြို့နယ်များသို့ တင်ပို့ကြောင်း၊ ပြည်တွင်းရှိ မုန့်လုပ်ငန်းများကတွင်ကျယ်စွာ အသုံးပြုကြောင်း၊ ပြည်တွင်းစားကုန်ဖြစ်ကြောင်း၊ ပဲလွန်းတစ်တင်း ကျပ် ၂၀၀၀၀ ပေါက် ဈေးရှိကြောင်း၊ အတက်အကျမရှိဘဲ ငြိမ်နေကြောင်းသိရသည်။

**ရွှေဇင်(ရေနံချောင်း)**

## ပြည်ပဲကြီးသီးနှံ (ကမ်းနား) ပဲအမျိုးအစားထက် (ရွှေကျွန်း)အမျိုးအစား ဈေးပိုရ

ယခုတစ်ပတ် ပြည်ပဲဈေးကွက်မှာ ဈေးကောင်းရနေတဲ့ သီးနှံကတော့ ပဲကြီးသီးနှံဖြစ်နေခဲ့ပြီး တစ်တင်းကျပ် ၄၀၀၀၀ ကျော်ဖြင့် (ရွှေကျွန်း) ပဲများ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ (ကမ်းနား) ပဲအမျိုးအစားကတော့ ရွှေကျွန်းပဲကဲ့သို့ ဈေးမကောင်းသော်လည်း တစ်တင်းကျပ် ၃၈၀၀၀ ကျော် ရရှိခဲ့ပါတယ်။ ဝယ်လက်သမားများကတော့ ပဲကြော်ဖိုလုပ်ငန်းသမားများ ဝယ်ယူလျက်ရှိကာ ကမ်းနားပဲထက် ရွှေကျွန်းပဲကို ပိုပြီးဝယ်ယူခဲ့ကြောင်း သိရပြီး အရောင်းအဝယ်ဖြစ်မှုပမာဏမှာ တစ်ရက်အိတ် ၂၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း(ပြည်)**

# ပိုးသတ်ဆေးကြွင်းအန္တရာယ်နှင့်ကုန်သွယ်မှုအတားအဆီး


**တိုးဦး (CTQM)**

ယနေ့ခေတ်လယ်ယာထွက်ကုန်သီးနှံများ၏ကုန်သွယ်မှုတွင် ပိုးသတ်ဆေးကြွင်း အမြင့်ဆုံးပါဝင်ခွင့်သတ်မှတ်ချက် (Maximum Residue Limits- MRLs) ဆိုသည့်ကိစ္စရပ်သည် ယင်းကုန်ပစ္စည်းတို့၏အရည်အသွေးကို တိုက်ရိုက်သက်ရောက်မှုရှိနေပါသည်။ ပိုးသတ်ဆေးကြွင်းပါဝင်သည့် သီးနှံထွက်ကုန်တစ်ခုသည် ဝယ်ယူသူ၏ငြင်းခြင်းကို လတ်တလောခံရမည်ဖြစ်ပြီး ရေရှည်ဈေးကွက်အတွက်လည်း ထိခိုက်မှုများရှိလာနိုင်ပါသည်။ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက်သုံးစွဲခဲ့ကြသည်။ Pesticide များဟု လူသိများသည့် စိုက်ပျိုးရေးသုံး ဓာတုပစ္စည်းများမှာ အင်းဆက်သတ်ဆေး၊ ပေါင်းသတ်ဆေး၊ ကြွက်သတ်ဆေး၊ ရေညှိသတ်ဆေး၊ မှိုသတ်ဆေး အစရှိသည့် ပုံစံမျိုးစုံဖြင့် သုံးစွဲနေကြပါသည်။ ထိုနေရာတွင် သုံးစွဲမှုပုံစံ၊ ရည်ရွယ်သည့် အဖျက်ပိုး အစရှိသည်တို့အပေါ် မူတည်၍ ဓာတုဖွဲ့စည်းပုံအမျိုးမျိုး၊ ဆေးဖော်စပ်ပုံအမျိုးမျိုးကို ကွဲပြားခြားနားသော ဓာတုပစ္စည်းများသုံးစွဲနေကြပါသည်။

ယင်းတို့အထဲတွင် ဓာတုဖွဲ့စည်းပုံပေါ် မူတည်၍ Organo chlorine,Organophosphine အစရှိသော ဓာတုဗေဒအခေါ်အဝေါ်များဖြင့် ပိုးသတ်ဆေးအုပ်စုများရှိကြပါသည်။ ယင်းအုပ်စုများတွင် မည်သည့်အုပ်စုပိုးသတ်ဆေးသည် မည်ကဲ့သို့သော အဖျက်ပိုးများ ကိုထိန်းချုပ်နိုင်မည်ဟူ၍ကျွမ်းကျင်သူများကလမ်းညွှန်၍ သုံးစွဲခဲ့ကြပါသည်။ ထိုသို့သုံးစွဲရာတွင် ၁၉၆၀ခုနှစ်ပြည့်လွန်နှစ်များကစ၍ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း သုံးစွဲလာခဲ့ပါသည်။ တွင်ကျယ်စွာသုံးစွဲလာသောအခါ ယင်းစိုက်ပျိုးရေးသုံးဓာတုပစ္စည်းများ၏အကျိုးအပြစ်များကိုသိရှိရလာပါတော့သည်။ ယင်းကိစ္စများကို WHO , FAO တို့ကဲ့သို့သော အဖွဲ့အစည်းကြီးများက စောင့်ကြည့်လေ့လာ၍သုံးစွဲသောဓာတုပစ္စည်းများ အလိုက်သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှု၊ သက်ရှိများအပေါ် သက်ရောက်မှုတို့ကို သိပ္ပံနည်းကျစမ်းသပ်မှုများဖြင့် ထုတ်ပြန်သတိပေးလျက်ရှိပါသည်။ ထို့အတူ CODEX ၏စံချိန်စံညွှန်းအဖြစ် ပိုးသတ်ဆေးကြွင်းပါဝင်မှုကို Maximum Residue Limits (MRLs) ထုတ်ပြန်ကြေညာရန် လုပ်ဆောင်လျက်ရှိပါသည်။ ယင်း၏ယူနစ်မှာ Parts per million (ppm) ဖြစ်ပါသည်။ကုန်ပစ္စည်းအပုံတစ်သန်းတွင် ပါဝင်သော ပိုးသတ်ဆေး၏ပမာဏဖြစ်ပါသည်။

ထိုသို့ ထုတ်ပြန်ကြေညာထားသော MRLs များကို CODEX Standards များအဖြစ် ကမ္ဘာ့နိုင်ငံအများစုက လိုက်နာကျင့်သုံးလျက်ရှိပါသည်။ တစ်ဖန်ဖွံ့ဖြိုးပြီးနိုင်ငံများမှာလည်း ပိုးသတ်ဆေးကြွင်းပမာဏကို ယင်းတို့၏နိုင်ငံအနေထားအရ ပြင်ဆင်ပြောင်းလဲသတ်မှတ်ရန် ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။ MRLs များကိုနိုင်ငံ အလိုက်သတ်မှတ်ကြသကဲ့သို့ ဥပမာအားဖြင့် ASEAN အဖွဲ့များမှလည်း မိမိတို့အဖွဲ့ဝင်နိုင်ငံများ လိုက်နာသင့်သောအခြေအနေ၊ ရေမြေသဘာဝပေါ် မူတည်၍သတ်မှတ်ကြပါသည်။ သို့ပါ၍ ပိုးသတ်ဆေးတစ်မျိုး၏ဆေးကြွင်းပါဝင်မှုကန့်သတ်ချက်(MRLs) များသည်နိုင်ငံအလိုက်၊ ဒေသအလိုက်ကွဲပြားခြားနားမှုရှိနေသဖြင့် လယ်ယာထွက်ကုန်သီးနှံတစ်ခု တင်ပို့မည်ဆိုပါက မိမိတို့တင်ပို့မည့်နိုင်ငံ၏သတ်မှတ်ချက်များကိုလေ့လာ၍ တင်ပို့သင့်ပါသည်။ ဥပမာအားဖြင့် တင်ပြရမည်ဆိုသော် Acephate ဆိုသည့်ပိုးသတ်ဆေး၏ MRLs မှာ CODEX ၏ သတ်မှတ်ချက်မှာ 0.5 ppm ဖြစ်ပြီး Japan ၏သတ်မှတ်ချက်မှာ 0.05ppm ဖြစ်၍ ထိုင်ဝမ်နိုင်ငံ၏ သတ်မှတ်ချက်မှာ 0.05ppm ဖြစ်နေကြောင်းတွေ့ရှိရပါသည်။

ဖော်ပြခဲ့သည်များမှာ ပိုးသတ်ဆေးကြွင်းပမာဏနှင့် ယင်း၏ MRLs များဖြစ်ပါသည်။ ယင်းသတ်မှတ်ချက်များနောက်တွင် ယင်း ပိုးသတ်ဆေးကြွင်းများကို ရှာဖွေတိုင်းတာသောစနစ်၊ ကိရိယာများအပိုင်းသည်လည်းများစွာ အရေးပါသောကိစ္စတစ်ရပ်ဖြစ်ပါသည်။ ပိုးသတ်ဆေးကြွင်းတစ်ခုကို တိုင်းထွာမည်ဆိုလျှင် ကမ္ဘာသုံး Official Methods, Modified Methods, In house Methods အစရှိသဖြင့်ရှိကြပါသည်။ ပိုးသတ်ဆေးကြွင်းတိုင်းထွာမည့် ဓာတ်ခွဲခန်းတစ်ခုသည် အသုံးပြုမည့် Methods ကိုရွေးချယ်ရာတွင် မိမိတို့နိုင်ငံအလိုက် ဥပဒေအရသတ်မှတ်ပြဋ္ဌာန်းထားသော Methods ရှိ




မည်ဆိုပါက ယင်းMethodsကိုအသုံးပြုမည်ဖြစ်ပြီး ယင်းကဲ့သို့ပြဋ္ဌာန်းထားခြင်းမရှိပါက Official Methods ခေါ် AOAC,ISO ကဲ့သို့သော Methods များကိုအသုံးပြုစမ်းသပ်နိုင်ပြီး မိမိတို့စမ်းသပ်မည့်နမူနာပစ္စည်းအနေအထားအရလည်း ဖော်ပြပါ Methods များကို အနည်းငယ်ပြုပြင်သုံးစွဲသော Modified method များကို အသုံးပြုသော ဓာတ်ခွဲခန်းများလည်းရှိပါသည်။ တစ်ဖန်ဓာတ်ခွဲခန်းအလိုက် မိမိတို့ကိုယ်တိုင်စမ်းသပ်ထားသော In house Methods များလည်းရှိပါသည်။In house Methods နှင့် စမ်းသပ်မည်ဆိုပါက Verification of Methods ခေါ် နည်းလမ်း၏မှန်ကန်ခြင်းကို စစ်ဆေးပြုလုပ်ရမည်ဖြစ်ပါသည်။ ယင်းနည်းလမ်းတွင်နမူနာတစ်ခုကိုအခြားသော Official Methods ခေါ် အကြိမ်ကြိမ်ပြုလုပ်၍ရရှိလာသောအဖြေများကို တွက်ချက်စိစစ်၍ မှန်ကန်သောအဖြေဖြစ်သည်ဆိုသည့် သက်သေပြနိုင်ရမည်ဖြစ်ပါသည်။ သို့မှသာမိမိဓာတ်ခွဲခန်းမှ စမ်းသပ်ရရှိသော အဖြေသည် မှန်ကန်တိကျကြောင်းသက်သေပြနိုင်မည်ဖြစ်ပါသည်။

ဖော်ပြခဲ့သည်များမှာ Sample preparation method များသာဖြစ်ပြီး ပိုးသတ်ဆေးတို့၏ ဓာတ်ဂုဏ်သတ္တိ၊ ရုပ်ဂုဏ်သတ္တိများအလိုက် စမ်းသပ်သောကိရိယာများကိုလည်းခွဲခြားထားပါသေးသည်။ အကြမ်းဖျင်းအားဖြင့် တင်ပြရပါလျှင် ပိုးသတ်ဆေးတစ်မျိုးသည် အငွေ့အခြေအနေရောက်သွားသည့်တိုင် ယင်းဂုဏ်သတ္တိမရှိသော Volatile ကဲ့သို့သော ပိုးသတ်ဆေးများကိုGas Chromatography (GC) နှင့် အငွေ့အခြေအနေရောက်ရှိသော ယင်းဂုဏ်သတ္တိ ပျက်ပြယ်တတ်သောnon - volatile ကဲ့သို့သောပိုးသတ်ဆေးအမျိုးအစားများကို Height Performance Liquid Chromatography (HPLC) ကဲ့သို့သောကိရိယာဖြင့်စမ်းသပ်ရမည် ဖြစ်ပါသည်။ Official Methods များတွင်မည်သည့်ကိရိယာဖြင့် စမ်းသပ်ရမည်ဆိုသော သတ်မှတ်ချက်များပါရှိပြီးဖြစ်ပါသည်။

တစ်ဖန်စမ်းသပ်စစ်ဆေးတော့မည်ဆိုပါက ပိုးသတ်ဆေးကြွင်းစမ်းသပ်မှုတိုင်းတွင် မပါမဖြစ်အသုံးပြုရသောစံပိုးသတ်ဆေး Reference Standard )၏သန့်စင်မှုရာခိုင်နှုန်းကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။ များသောအားဖြင့် စံပိုးသတ်ဆေးများ၏ သန့်စင်မှုရာခိုင်နှုန်း ၉၅ ရာခိုင်နှုန်းနှင့်အထက်ရှိပါသည်။ ယင်းစံပိုးသတ်ဆေးများသည်လည်း အမျိုးအစားတစ်မျိုးချင်းသော်လည်းကောင်း၊ အမျိုးအစားများစွာရောနှော၍သော်လည်းကောင်း ထုတ်လုပ်လေ့ရှိပါသည်။ လက်ရှိအခြေအနေတွင် အသုံးများလျက်ရှိသော GC,HPLC များတွင် Detector တစ်ခုဖြစ်သော Mass Spectrometer (MS) များ တွဲဖက်တပ်ဆင်အသုံးများလျက်ရှိရာ အဆိုပါ (MS) နှင့်တိုင်းထွာသည်ဆိုပါက ပိုးသတ်ဆေး အမျိုးအစား ခွဲခြားခြင်း Qualitative အတွက်သင့်လျော်ပြီး ပမာဏတွက်ချက်ခြင်း Qualitative အတွက်စံပိုးသတ်ဆေး(standard) အသုံးပြုရန် ချိန်ညှိတွက်ချက်ရပါသည်။

သို့ပါ၍ပိုးသတ်ဆေးကြွင်းတိုင်းတာမှုတစ်ခုတွင် အသုံးပြုရသောပစ္စည်းကိရိယာများ၊ဖန်ထည်ပစ္စည်းများ Chemical, Standard, Reagent များကို အသုံးပြုရသဖြင့် တစ်ခုချင်းစီအလိုက် အရည်အသွေးသဘာဝများအရသွေလွဲမှုများရှိနိုင်ပါသည်။ ဥပမာအားဖြင့် 50 ml volumetric flask သည် ထုထည်တိကျစွာတိုင်းတာသော Glass were ဖြစ်ပါသည်။ ယင်း Glass were တွင်ပင် ဓာတ်ခွဲခန်းသုံး အဆင့်အတန်းသတ်မှတ်ချက်အရ A,B,C အစရှိသည်ဖြင့် ခွဲခြားထားပြီး Grade A ခေါ် Standard solution ထည့်ရန် တိုင်းထွာမှုတွင်ပင် ယင်း ဖော်ပြထားချက်အရ 20°C 50ml ကိုထည့်သွင်းတိုင်းထွာပါကသွေလွဲနိုင်မှုကို± 0.06 ml ဟုဖော်ပြပါရှိပါသည်။ သို့ပါ၍ သတ်မှတ်အခန်းအပူချိန် 20°C တွင် မိမိတိုင်းထွာမှုသည် 50.06ml မှ 49.94 ml အတွင်းသာ ရရှိမည်ဖြစ်ပါသည်။ အလားတူအသုံးပြုသော Balance (ချိန်ခွင်) Micropipette အစရှိသော ကိရိယာများတွင်လည်းသွေ လွဲမှုများရှိပါသည်။ သို့ပါ၍အဆိုပါ သွေလွဲမှုများကိုစုစည်း၍Measurement Uncertainly ကိုတွက်ချက်နိုင်ပါသည်။ ယခုအခါ ကမ္ဘာအဆင့်မီဓာတ်ခွဲခန်းများတွင် ကျင့်သုံးသော ISO:IEC 17025 ၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဓာတ်ခွဲစမ်းသပ်မှုများပြုလုပ်မည်ဆိုပါက Measurement Uncertainly ကို ဓာတ်ခွဲစမ်းသပ်မှုအဖြေတွင်ထည့်သွင်းရမည်ဖြစ်ပါသည် ။ ယင်း( MU)သည် အရေးပါလာမည်ဖြစ်ပါသည်။

စမ်းသပ်မှုအဖြေများတွင်(MU)သည် ကွာခြားမှုရှိပါသည်။ ဥပမာအားဖြင့် Inorganic စမ်းသပ်မှုဖြစ်သော ကက်ဒမီယံ၊ ပြဒါး၊ အာဆင်းနစ် တိုင်းထွာမှုများတွင် MU သည်နည်းပြီး ပိုးသတ်ဆေးကြွင်းကဲ့သို့သော တိုင်းထွာမှုဖြစ်သည့် Organic တိုင်းထွာမှုများတွင် MU သည် ကိန်းဂဏန်းအားဖြင့်ပိုမိုမြင့်ပါသည်။ ဓာတ်ခွဲခန်းတစ်ခုသည်မိမိတို့စမ်းသပ်သော ပိုးသတ်ဆေးအမျိုးအစား၊ စမ်းသပ်ရမည့် နမူနာကုန်ပစ္စည်း ( ဥပမာ၊ စပါး၊ ဆန်၊ ပဲ၊ ပြောင်းအစရှိသဖြင့်)ပေါ် မူတည်၍စမ်းသပ်ရာတွင် Inter – laboratory comparisons များပြုလုပ်ရပါသည်။ **စာမျက်နှာ-၇သို့**

## မြန်မာ့ဆိပ်ကမ်းတွင် ၁ . ၁၁ . ၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့်ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း(၁) | - IAL-001 | ကုန်သေတ္တာ ၄၆၄တင်ရန် |
| ထီးတန်းဆိပ်ကမ်း(၂) | - CAPE FLORES | ကုန်သေတ္တာ ၄၀၉ ချရန် |
| | | ကုန်သေတ္တာ ၄၃၅ တင်၃၉၃ချရန် (UNI ANGEL Follows) |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | - SINAR BINTAN | ကုန်သေတ္တာ ၄၁၁ တင်ရန် |
| အလုံဆိပ်ကမ်း(၃) | - TUB;BRANTAS1001 BG;SINGA BESAR2502 | Concrete Pile ၃၅၂၄ ချရန် |
| စက်မှုဆိပ်ကမ်း (၃) | - ANDAMAN STAR | ကုန်သေတ္တာ ၄၃၃ ကုန်ချရန် |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၃) | - SOUL OF LUCK | ကုန်သေတ္တာ ၅၀၀ တင် ၃၃၅ ချရန် |
| MIPLဆိပ်ကမ်း | - VINALINES SUNRISE | Steel Product ၃၀၇၁၉ ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၁) | - MCC MERGUI | ကုန်သေတ္တာ ၃၅၈တင် ၁၅၉ချရန် |
| သီလဝါဆိပ်ကမ်း (၃) | - KOTA HASIL | ကုန်သေတ္တာ ၃၀တင် ၁၀၀ ချရန် |
| သီလဝါဆိပ်ကမ်း (၅) | - AMFITRITI | Steel Product ၂၅၂၁၄ ကုန်ချရန် PAX ၄၈၆ Nos ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| MS SILVER MUSE | Passenger Cruise Vessel Pax၄၈၆ ကုန်ချရန် | COLOMBO | ၂ . ၁၁ . ၂၀၁၈ |
| MCP LINZ | Urea ၆၀၀၀ တန်ကုန်တင်ရန် | MALAYSIA | ၃ . ၁၁ . ၂၀၁၈ |
| TUG;MARITIME | REPAIR AND MAITEWTENANCE | INDIA | ၃ . ၁၁ . ၂၀၁၈ |
| PUTRI SMIT BORNEO SMIT BORNEO | | | |
| MAAN AUNG | Fertilizer ၆၅၀၀ ကုန်ချရန် | THAI | ၃ . ၁၁ . ၂၀၁၈ |
| MALAYSIA STAR | Unite Vehicle ၅၅ ကုန်ချရန် | JAPAN | ၃ . ၁၁ . ၂၀၁၈ |
| MS WORLD ODYSSEY | Cruise Vessel Pax ၅၁၆ တန်ကုန်တင်ရန် | INDIA | ၄ . ၁၁ . ၂၀၁၈ |
| BBC MARY LAND | Steel Products ၈၇၇၉ တန်ကုန်ချရန် | INDIA | ၅ . ၁၁ . ၂၀၁၈ |
| JACARAKDA | G/C ၆၀၀၀ တန်ကုန်တင်ရန် | KOREA | ၁၆ . ၁၁ . ၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| BIPL TRUST | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁.၁၁.၂၀၁၈ |
| ANAN BHUM | SINGAPORE | စက်မှုဆိပ်ကမ်း | ၁.၁၁.၂၀၁၈ |
| UNI ANGEL | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၁၁.၂၀၁၈ |
| SANGIO RGIO | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂.၁၁.၂၀၁၈ |
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၂.၁၁.၂၀၁၈ |
| PACITA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၃.၁၁.၂၀၁၈ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၁၁.၂၀၁၈ |
| ISEACD GENE SIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၁၁.၂၀၁၈ |
| KOTA HADIAM | SINGAPORE | သီလဝါ/အေးရှာဝေါလ်ဆိပ်ကမ်း | ၈.၁၁.၂၀၁၈ |
| PATHEIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၉.၁၁.၂၀၁၈ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀.၁၁.၂၀၁၈ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀.၁၁.၂၀၁၈ |
| AS FRIDA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၄.၁၁.၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.MESON | P'Oil(In Bulk) | INDONESIA | ၁.၁၁.၂၀၁၈ |
| MT.ATALANTA | Diesel Oil | SINGAPORE | ၃.၁၁.၂၀၁၈ |
| MT.CHAOANOMA | P'Oil(In Bulk) | INDONESIA | ၃.၁၁.၂၀၁၈ |
| MT.AU VIRGO | P'Oil(In Bulk) | INDONESIA | ၃.၁၁.၂၀၁၈ |
| MT.ARMONIA | P'Oil(In Bulk) | INDONESIA | ၄.၁၁.၂၀၁၈ |
| MT.PHUBAI PATTRA-2 | Diesel Oil | SINGAPORE | ၈.၁၁.၂၀၁၈ |
| MT.OCEAN MANTA | Mogas (92Ron)&DieselOil | SINGAPORE | ၈.၁၁.၂၀၁၈ |
| MT.CORVUS | P'Oil(In Bulk) | INDONESIA | ၁၁.၁၁.၂၀၁၈ |

## ကြက်သွန်

# အညာဒေသထွက် ကြက်သွန်ဖြူများဝါကျွတ်ကာလတွင် အဝယ်လိုက်နေ

အညာဒေသထွက် ကြက်သွန်ဖြူများ ဝါကျွတ်ကာလတွင် ဒေသခံနှင့်နယ်ဝယ်လိုအားရှိသဖြင့် အဝယ်လိုက်နေကြောင်း ကျောက်ပန်းတောင်းနှင့်ရေနံချောင်းမြို့နယ်ကတောင်သူများနှင့်ပွဲစားများထံက သိရသည်။

အဆိုပါဒေသတွင် ပင်းချောင်းမြေနု၌အဓိကထားပြီး ဒီဇင်ဘာလတွင် စိုက်ပျိုးကြကာ ဖေဖော်ဝါရီလ၌အသစ်ပေါ်ကြောင်း၊ ယခုနှစ်အသစ်ပေါ်စမှာ တစ်ပိဿာ ကျပ်၁၀၀၀သာ ရောင်းရပြီး ပွဲစားများက လှောင်လက်သွင်းခဲ့ကြောင်း၊ထို့နောက်ပိုင်း ဩဂုတ်လမှာ တစ်ပိဿာကျပ် ၁၃၀၀ ကနေ စက်တင်ဘာလမှာ ကျပ် ၁၅၀၀ ရောင်းရကာ ယခုရက် ကျပ်၁၈၀၀အထိ တရိပ်ရိပ် ဈေးတက်နေကြောင်း အဆိုပါဒေသမှ ပွဲစားများထံက သိရသည်။ အညာဒေသထွက်ကြက်သွန်ဖြူကတော့ ဗမာဥတွေဖြစ်ပြီး ဥအရွယ်အစားသေးသော်လည်း ရန်မွှေးတာကြောင့် အမ်းမြို့နှင့်နတ်မောက်၊ ညောင်ဦး၊ မန္တလေးစတဲ့ အညာမြို့များမှ နှစ်သက်ကာ စားသုံးကြောင်းသိရသည်။

"ပြီးခဲ့တဲ့လကတော့ တစ်ပတ် ပိဿာ၃၀၀ ပဲဝယ်တယ်။ ယခု တစ်ပတ်တော့ ပိဿာ ၃၅၀ အထိ ဝယ်တယ်။ ဈေးကွက်အနေအထားက ရောင်းအားကောင်းနေတယ်'ဟု ပွဲစားဦးတင့်ထွန်းက ပြောသည်။

**ဆန်းညွန့်(ရေနံချောင်း)**

# ပြည်ကြက်သွန်နီ ဝင်ရောက်မှုရဲ့ ထက်ဝက်ခန့်သာ အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ်အတွင်း ပြည်ဈေးကွက်သို့ ဆိပ်ဖြူ၊ ပခုက္ကူ၊ မြင်းခြံ စတဲ့နယ်များ မှ ကြက်သွန်နီများ ပိဿာ (၃၀)ဝင် အိတ် ၄၀၀ မှ ၅၀၀ ထိ ဝင်ရောက်မှုရှိသလို ရေနံချောင်း၊ ချောက် စတဲ့နယ်ဘက်မှ ကြက်သွန်နီများလည်း အိတ်အနည်းငယ်ဝင် ရောက်မှုရှိနေကြောင်းလည်း သိရပါတယ်။

ဝင်ရောက်လာသော ကြက်သွန်နီများအနေဖြင့် အချို့မှာ အရည်အသွေးအသင့်အတင့်ရှိနေပြီး အချို့မှာ အမိတ်များထွက်ကာ အရည်အသွေးမကောင်းတော့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် အိတ်ဆွဲဝယ်ရောင်းသမားများ၊ဒေသတွင်းဝယ်လက်များနှင့် ဧရာဝတီ၊ ရခိုင်တို့သို့တင်ပို့မှုအပါအဝင် ဝင်ရောက်မှုရဲ့ ထက်ဝက်ခန့်သာ အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။ ဈေးနှုန်းအနေနဲ့ ပြည်ပွဲရုံလက်ကားဈေးတစ်ပိဿာလျှင် ကျပ် ၁၀၀၀-၁၁၀၀-၁၂၀၀-၁၃၀၀ စသည်ဖြင့် အရည်အသွေးပေါ်မူတည်၍ ရောင်းချနေပြီး လက်လီဈေးအသေးများတွင် တစ်ပိဿာကို (ကြီး) ကျပ် ၁၅၀၀-၁၆၀၀၊ (လတ်) ကျပ် ၁၃၀၀-၁၄၀၀၊ (သေး) ကျပ် ၁၂၀၀-၁၃၀၀ စသည်ဖြင့် အသီးသီးရောင်းဝယ်လျက်ရှိနေကြောင်း သိရပါတယ်။ ပြည်ဈေးကွက်အတွင်းတွင် တရုတ်ကြက်သွန်နီများ ပစ္စည်းလက်ကျန်လည်းမရှိသလို ဈေးနှုန်းလည်းမရှိတော့ကြောင်းသိရပါတယ်။ **ဝင်းလဲ့ဝါ(ပြည်)**

## မန်ကျည်း


# မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၃၀၀၀ ကျော် ဝင်ငွေရ

အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၁၀၁ ဒသမ ၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံသို့ တန်ချိန် ၁၀၀ နဲ့ ကိုရီးယားနိုင်ငံသို့ ၁ ဒသမ ၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ အောက်တိုဘာ ၂၁ ရက်မှ ၂၇ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်းတင်ပို့မှုမရှိခဲ့ဘူးလို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၃၇၅၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**


စာမျက်နှာ (၆) ပိုးသတ်ဆေးကြွင်းအန္တရာယ်. . . . မှအဆက်

ယင်းကိစ္စရပ်မှာ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ပြုလုပ်ရန်လွယ်ကူပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်မူProficiency Test ခေါ် ပိုးသတ်ဆေးထည့်သွင်းထားသော နမူနာပစ္စည်းကို ပြုလုပ်လိုသော ဓာတ်ခွဲခန်းများမှ စမ်းသပ်စစ်ဆေးသောနည်းလမ်းဖြင့်လည်း ပြုလုပ်နိုင်ပါသည်။ ယင်းနမူနာပစ္စည်းကို Metrology Service များမှ နမူနာများ ရယူစမ်းသပ်လုပ်ကိုင်ရပါသည်။ ယင်းစမ်းသပ်မှုများတွင် ဥပမာအရ တင်ပြရသော် အဖြေများသည် 0.009 ppm မှ 0.09 ppm အကြားတွင်ရရှိပြီး ယင်းအဖြေများသည် မှန်ကန်သည်ဟုဆုံးဖြတ်ပါသည်။ (ပုံ-၃ နှင့် ပုံ - ၄)တွင် ကြည့်ရှုနိုင်ပါသည်။ ယင်းသတ်မှတ်ချက်ဘောင်မှကျော်လွန်၍ များသောနည်းသော အဖြေများမှသာ မှန်ကန်ခြင်းမရှိဟု ဆုံးဖြတ်ပါသည်။

သို့ပါ၍လက်ရှိပိုးသတ်ဆေးကြွင်းစမ်းသပ်တိုင်းထွာရေးစနစ်တွင် ISO အသိအမှတ်ပြုနည်းများအရအဖြေတွင် (MU) ထည့်သွင်းရမည်ဖြစ်ပြီး ဥပမာအားဖြင့် MRLs သတ်မှတ်ချက် 0.05 ppm ရှိပြီး လက်ရှိအဖြေတွင် 0.06ppm ဟုဖော်ပြပါက ပြန်လည်မေးခွန်းထုတ်ရမည်သာဖြစ်ပြီး ယင်းဓါတ်ခွဲခန်းအဖြေ၏ (MU) မည်မျှရှိပါသနည်းဆိုသည့်အချက်ပေါ် မူတည်၍ ပြန်လည်ဖြေရှင်းရမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။




(ပုံ-၃)




(ပုံ-၄)

## ချင်း

# ရှမ်းချင်းကို ပြည်တွင်းဈေးကွက်တွင်သာ ရောင်းချမှုရှိနေ

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ချင်းကို နေရာအနှံ့အပြားတွင်စိုက်ပျိုးနိုင်ပြီး အောင်ပန်း၊ ပင်လောင်းနှင့်ကလောမြို့နယ်တွင် အများဆုံးစိုက်ပျိုးကြပါတယ်။ ရှမ်းချင်းတွေကိုတော့ ပြည်တွင်းတင်ပို့မှုအနေဖြင့် ရန်ကုန်၊ စစ်တွေ၊ မန္တလေး၊ ပြည်၊ တပ်ကုန်းနှင့်အခြားဒေသဈေးကွက် များကိုတင်ပို့ပါတယ်။ ပြီးခဲ့တဲ့လကစပြီး ချင်း(သစ်)တွေက ဈေးကွက်အတွင်း စတင်ဝင်ရောက်လာပေမယ့် လောလောဆယ်မှာ ပြည်ပဝယ်လက်မရှိတော့လို့ ပြည်တွင်းဈေးကွက်မှာသာ ရောင်းချနေရတယ်လို့သိရပါတယ်။ ပြီးခဲ့တဲ့လက မိုးများခဲ့တော့ အပင်သေ၊ အမြစ်ပုပ်တဲ့အပင်တွေကို မဖော်မနေရဖော်ရတာဖြစ်ပြီး ပြည်ပပို့ဖို့လောက် အရည်အသွေးမမီသေးဘူးလို့လည်း သိရပါတယ်။

ချင်း(တက်)က ချင်း(ဥမ)ထက်အထားခံတာကြောင့် ရေရှည်သိုလှောင်ရန်ဝယ်ယူလေ့ရှိတဲ့ ကုန်သည်များပါ ဝယ်ယူမှုရှိပြီး ချင်းတက်က တစ်နှစ်ပတ်လုံးအရောင်းအဝယ်ဖြစ်တာကြောင့် ချင်း(ဥမ)ထက် အမြန်ရောင်းချရန် မလိုဘူးလို့လည်းသိရပါတယ်။ ယခုတစ်ပတ်အောင်ပန်းဈေးကွက်မှာတော့ ချင်း(သစ်) တစ်ပိဿာကို ကျပ် ၁၀၀၀ခန့်ဈေးပေါက်တယ်လို့ သိရပါတယ်။ ချင်း (စို)က ဈေးကောင်းနေတော့ ချင်းခြောက်ကိုလည်းသိပ်ပြီးမပြုလုပ်တော့ပါဘူး။ ချင်းခြောက်က တစ်ပိဿာကို ကျပ် ၉၀၀ မှ ကျပ် ၁၀၀၀ အထိဈေးရှိတယ်လို့ အောင်ပန်းချင်းပွဲရုံတွေထံက သိရှိရပါတယ်။ **ဇေခိုင်(တောင်ကြီး)**

## ဝဥ

# ချင်းရွှေဟော်မှ ဝဥအစို ပိုမိုတင်ပို့

အောက်တိုဘာနောက်ဆုံးပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၄၉၆၅၀ တန်ဖိုးရှိ ဝဥအစို ၆၁၇ တန် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၁၄ တန်နဲ့ နှိုင်းယှဉ်ပါက ၄၀၃ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ ဝဥအစိုတစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာ ကျပ်လေးသိန်းဝန်းကျင်ရှိတယ်လို့ သိရပါတယ်။

ချင်းတောင်ဒေသတွင် ဝဥမှာ ငွေပေါ်သီးနှံဖြစ်ပြီး တောင်သူများအတွက် ရွှေသီးနှံဟုပင်တင်စားကြောင်း၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်မြို့များရှိ စိုက်ပျိုးတောင်သူများရဲ့ ၉၅ ရာခိုင်နှုန်းမှာ ဝဥစိုက်ပျိုးကြပြီး အခြားသီးနှံများ စိုက်ပျိုးခြင်းထက် ဝဥစိုက်ခြင်းက ဝင်ငွေတိုးသဖြင့် ဝဥကို ဦးစားပေးစိုက်ပျိုးကြကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ထိုဒေသများရဲ့ ဝဥစိုက်ပျိုးထုတ်လုပ်မှုအခြေအနေမှာ စုစုပေါင်း ပိဿာချိန် ရှစ်သန်းခန့် ထုတ်လုပ်နိုင်ခဲ့ကြောင်း ကန်ပက်လက်ရှိ ဝဥစိုက်တောင်သူတစ်ဦးထံမှ သတင်းရရှိပါတယ်။ **မော်မော်အောင်**

## နနွင်း



# ရှမ်းနနွင်း အရောင်းအဝယ်ပုံမှန်ရှိ

ရှမ်းနနွင်းကတော့ အရောင်းအဝယ်ပုံမှန်ဖြစ်နေပါတယ်။ ယခင်တစ်ပတ်အထိတော့ ချင်းဝယ်ယူသူတွေဝယ်ယူရင်းကနေ နနွင်းကိုပါဝယ်ယူနေတာကြောင့် ဈေးကွက်မှာတော့ ပုံမှန် အရောင်းအဝယ်ဖြစ်နေပါတယ်။ ပြည်တွင်းဝယ်လက်တွေကပဲ ဝယ်ယူမှုရှိနေပါတယ်။ အိမ်နီးချင်းနိုင်ငံတွေကလည်း ဝယ်ယူမှုနည်းနေပါတယ်။ ၂၀၁၈ နှစ်ဆန်းပိုင်းခန့်ကသာ ပြည်ပဝယ်ယူမှုတွေ ရှိနေခဲ့ပြီး သင်္ကြန်ပြီးသည့်ကာလမှစ၍ ပြည်ပဝယ်လက်တွေအဝယ်နားသွားပါတယ်။ ဒါပေမယ့်လည်း ပြည်တွင်းသုံးဝယ်လက်တွေဖြစ်တဲ့ ရန်ကုန်၊ မန္တလေး၊ ပြည်၊ မော်လမြိုင်စတဲ့ ဈေးကွက်တွေကဝယ်ယူနေမှုကအမြဲမပြတ်ရှိနေတာကြောင့် အောင်ပန်းဈေးကွက်မှာ စက်တင်ဘာလမှာ ပိဿာချိန် ပေါင်း ၂ ဒသမ ၆ သိန်းနဲ့ အောက်တိုဘာလမှာ ပိဿာချိန်ပေါင်း ၂ ဒသမ ၁ သိန်းခန့်အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။

နနွင်းအသစ်တွေလည်း ဈေးကွက်ကိုဝင်လာဖို့ကလိုပါသေးတယ်။ ပေါ်ကာစမှာလည်းတာရှည်အထားခံဖို့အတွက် ပြုတ်/ခြောက်လုပ်ရဦးမှာဖြစ်လို့ရှိတဲ့ နနွင်းလက်ကျန်တွေကိုပဲ နောက်နှစ် နှစ်လပိုင်း၊ သုံးလပိုင်းအထိ ရောင်းဝယ်ရမှာဖြစ်တယ်လို့လည်း နနွင်းပွဲရုံတွေထံက သိရပါတယ်။ ဒီတစ်ပတ်အောင်ပန်းဈေးကွက်မှာ နနွင်းတစ်ပိဿာ အနိမ့်ဆုံး ကျပ် ၉၀၀ မှ အမြင့်ဆုံး ကျပ် ၂၂၀၀ဈေးရှိပါတယ်။ **ဇေခိုင်(တောင်ကြီး)**

Vol: 18, No.44 Monday November 5 2018

# jrefrmEdkifiHESifh urÇmhopfoD;0vH aps;uGuf ae&m&&SdrI

ခင်လေးယု



သစ်သီးဝလံကုန်သွယ်မှုသည် ကမ္ဘာ့ကုန်သွယ်ရေးဈေးကွက်တွင် တစ်နှစ်ထက်တစ်နှစ် ပိုမိုမြင့်မားလာလျက်ရှိသည်။ အဆိုပါဈေးကွက်သည် ဟင်းသီးဟင်းရွက်ဈေးကွက်ထက်လည်း နှစ်စဉ်ပိုမိုကျယ်ပြန့် ဖြစ်ပေါ်နေသည်ဟု ဈေးကွက်စောင့်ကြည့်လေ့လာသူများက ဆိုသည်။ နိုင်ငံအများစုသည် လတ်ဆတ်သော သစ်သီးဝလံများ စားသုံးမှုမြင့်တက်လာခြင်း၊ စိုက်ပျိုးမှုနည်းပညာများ ခေတ်မီဆန်းသစ်လာမှုတို့ကြောင့် ရာသီချိန်မဟုတ်သည့်တိုင်အောင် စိုက်ပျိုးထုတ်လုပ်လာနိုင်ခြင်း၊ ဝင်ငွေမြင့်မားလာစေခြင်းနှင့် ဈေးနှုန်းအတက်အကျ နေ့းကွေးမှုတို့ကြောင့် သစ်သီးဝလံဈေးကွက် ကျယ်ပြန့်မှုသည်လျင်မြန်နေသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်လည်း အားထားစရာ ကုန်သွယ်မှုတစ်ခုဖြစ်လျက်ရှိသည်။ စုစုပေါင်း ကမ္ဘာ့သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်မှု၏ ၉ ရာခိုင်နှုန်းခန့်ကို နိုင်ငံတကာ ကုန်သွယ်မှုအဖြစ် ဆောင်ရွက်နေကြောင်း၊ ဈေးကွက်ရှယ်ယာမှာလည်း တိုးတက်နေကြောင်းကို ဈေးကွက်သုတေသနအဖွဲ့များက ထုတ်ပြန်ထားသည်။ သစ်သီးဝလံဈေးကွက်နှင့် ဟင်းသီးဟင်းရွက်ဈေးကွက်၏ အဓိက ကွာခြားမှုမှာ အသီးဖျော်ရည်လုပ်ငန်းများ လုပ်ဆောင်နိုင်မှုပင်ဖြစ်သည်။ ငှက်ပျောသီး၊ ပန်းသီး၊ သံပရာ၊ လိမ္မော်၊ ကွဲကောစသည့် အနွယ်ဝင်များနှင့် စပျစ်သီးတို့သည် ကမ္ဘာ့သစ်သီးကုန်သွယ်မှုကိုလွှမ်းမိုးထားပြီး လက်တင်အမေရိကသည် သစ်သီးတင်ပို့မှုကဏ္ဍကို အုပ်စိုးထားကာ တရုတ်နိုင်ငံသည် သစ်သီးတင်သွင်းမှု အများဆုံးနိုင်ငံဖြစ်သည်။ သစ်သီးဝလံဖျော်ရည်များ ထုတ်လုပ်မှုနှင့် သစ်သီးဆီသွတ်ဘူးများ ထုတ်လုပ်မှုဈေးကွက်မှာကြီးမားစွာ တည်ရှိနေပြီး အမေရိကန်၊ ဥရောပနှင့် အိုရှန်းနီးယားနိုင်ငံများသည် ယင်းဈေးကွက်ကို အဓိကအုပ်စိုးလျက်ရှိသည်။

## လတ်ဆတ်သော သစ်သီးဝလံ ရောင်းဝယ်မှုဈေးကွက်နှင့် နိုင်ငံများ၏ ဈေးကွက်အခြေအနေများ

လက်ရှိကာလတွင် ဖွံ့ဖြိုးပြီးနိုင်ငံများသည် ဝင်ငွေမြင့်မားမှု၊ ကျန်းမာရေးနှင့်သင့်လျော်သော အသီးအနှံများအား ရွေးချယ်စားသုံးမှုတို့ကြောင့် အဆိုပါနိုင်ငံများ၏ နေ့စဉ်ရွေးချယ်စားသုံးမှုများတွင် သစ်သီးဝလံစားသုံးမှုသည် မြင့်တက်လျက်ရှိပါသည်။ သို့ဖြစ်ရာ ယနေ့ခေတ်ကာလသည် နည်းပညာကို အားပြုသည့် ခေတ်ဖြစ်သည်နှင့်အညီ အဆိုပါသမားရိုးကျ အခြေခံကုန်စည်များကိုပင် နည်းပညာအသုံးပြု စိုက်ပျိုးမှု၊ ထုပ်ပိုးမှု၊ တင်ပို့မှုတို့ကို ပြုလုပ်ကာ ဈေးကွက်အတွင်း ခေတ်မီသည့်၊ လတ်ဆတ်သည့်၊ သန့်ရှင်းသည့်၊ စံချိန်စံညွှန်းကိုက်ညီသည့် ကုန်စည်များဖြစ်ပေါ်လာစေရန်အတွက် သစ်သီးဝလံကို အားပြုတင်ပို့နေသော နိုင်ငံများမှ အစွမ်းကုန်ကြိုးပမ်းလျက်ရှိပါသည်။ စုစုပေါင်းကမ္ဘာ့သစ်သီးဝလံစိုက်ပျိုးထွက်ရှိမှု၏ ၈၀ ရာခိုင်နှုန်းကိုလတ်ဆတ်သော အနေအထားဖြင့်သာ ရောင်းဝယ်ဖောက်ကားမှုပြုလျက်ရှိကြောင်း၊ အဆိုပါ လတ်ဆတ်သော သစ်သီးရောင်းဝယ်မှုဈေးကွက်သည် အမေရိကန်နှင့် အီးယူနိုင်ငံများ၏ လွှမ်းမိုးမှုအောက်တွင် မရှိကြောင်း၊ အဆိုပါဈေးကွက်ကို စားသုံးသူများ၏ နှစ်သက်ရွေးချယ်မှုဖြင့်သာ သတ်မှတ်ထားကြောင်း၊ စားသုံးသူများ၏ နှစ်သက်မှုပုံစံသည် လတ်ဆတ်မှုကိုသာ အလေးသာနေကြောင်းနှင့် အေးခဲသစ်သီးများ၊ အသီးဖျော်ရည်များနှင့် သစ်သီးဆီသွတ်ဘူးများကိုလည်း ရွေးချယ်လာကြကြောင်း၊ လွန်ခဲ့သော ဆယ်စုနှစ်များထက် အေးခဲသစ်သီးများ စားသုံးမှုမှာ ၅ ရာခိုင်နှုန်းခန့် မြင့်တက်လာကြောင်း၊ လောလောဆယ်တွင် ဥရောပ၊ ဩစတြေးလျနှင့် အမေရိကန်နိုင်ငံတို့တွင် အေးခဲသစ်သီးများ၊ သစ်သီးဆီသွတ်ဘူးများနှင့် တာရှည်ခံပြုလုပ်ထားသော သစ်သီးဘူးများကို စားသုံးမှုမှာ ၁ ရာခိုင်နှုန်းကျော် ကျဆင်းနေပြီး လတ်ဆတ်သော သစ်သီးများကို ရွေးချယ်စားသုံးမှု ပိုမိုလာကြောင်းကို World Fruit Map 2018 တွင် ဖော်ပြထားသည်ကို တွေ့ရသည်။

သစ်သီးဝလံများကို စိုက်ပျိုးခြင်းသည် မြေနေရာအနေအထား ကျယ်ပြန့်မှုကို လိုအပ်သည်ဖြစ်ရာ ကမ္ဘာ့သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထုတ်လုပ်မှုအများဆုံးနိုင်ငံများသည် ပထဝီအနေအထားအရကြီးမားသည့်နိုင်ငံများဖြစ်သည်ကို တွေ့ရပါသည်။ အမေရိကန်နိုင်ငံသည် ကမ္ဘာ့သစ်သီးဝလံဈေးကွက်တွင် အင်အားကြီးနိုင်ငံအဖြစ် ကာလရှည်ရပ်တည်နေခဲ့သည်။ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည်လည်း အမေရိကန်နိုင်ငံနည်းတူ ထုတ်လုပ်မှုများပြားသော်လည်း ပြည်တွင်းစားသုံးမှု များပြားသည်ဖြစ်ရာ တင်ပို့မှုအနေဖြင့် အမေရိကန်နိုင်ငံအား မယှဉ်နိုင်သည်ကို တွေ့ရသည်။

သို့သော်လည်း အဆိုပါသုံးနိုင်ငံမှ သစ်သီးဝလံတင်ပို့မှုတို့သည် ဥရောပသမဂ္ဂနိုင်ငံများ စုစုပေါင်းတင်ပို့မှုထက် ပိုမိုများပြားလျက်ရှိနေပါသည်။ သို့ဖြစ်ရာ လတ်ဆတ်သော သစ်သီးဝလံတင်ပို့မှု အခြေအနေကို အောက်ပါအတိုင်း လေ့လာနိုင်ပါသည်။




*Source: ABS data; Fresh Intelligence analysis*

၁၉၈၀ ခုနှစ်နှောင်းပိုင်းကာလမှစတင်၍ သစ်သီးဝလံတင်ပို့ကုန်သွယ်မှုသည် အခြား လယ်ယာထွက် သီးနှံများ၏ ကုန်သွယ်မှုထက် ပိုမိုမြင့်တက်လာခဲ့ခြင်းဖြစ်သည်။ သစ်သီးဝလံကဏ္ဍသည် ဝင်ငွေတိုးတက်လာမှု၊ နည်းပညာတိုးတက်လာမှုနှင့် ဝယ်လိုအားမြင့်တက်လာမှုတို့ကြောင့် ဈေးကွက်ကျယ်ပြန့်လာကာ ကမ္ဘာ့ဈေးကွက်တွင် လျင်မြန်စွာ ကြီးမားကျယ်ပြန့်လျက်ရှိသည်။ European Union (EU), North American Free Trade Agreement (NAFTA) area , and Asia (East, Southeast, and South) တို့သည် ရာသီပေါ် လတ်ဆတ်သီးနှံဈေးကွက်ကို ဦးဆောင်လျက်ရှိသည်။ European Union (EU) သည် ကမ္ဘာ့သစ်သီးဝလံဈေးကွက်၏ ၄၀ ရာခိုင်နှုန်းခန့်ကို ရယူထားပြီး North American Free Trade Agreement (NAFTA) အဖွဲ့ဝင်နိုင်ငံများသည် ကမ္ဘာ့တောင်ပိုင်းနှင့် အီကွေတာဒေသမှ သစ်သီးဝလံများနှင့် အသီးဖျော်ရည်တို့အား အာရှဒေသသို့ အဓိကတင်ပို့လျက်ရှိသည်။ အာရှဈေးကွက်ကိုမူ တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ ဈေးကွက်ဝေစု သိမ်းပိုက်ရယူထားလျက်ရှိပြီး ၁၉၉၀ ခုနှစ်နောက်ပိုင်းမှစ၍ တရုတ်နိုင်ငံသည် လတ်ဆတ်သော သစ်သီးများနှင့် အေးခဲထားသည့် ဟင်းသီးဟင်းရွက် တင်ပို့မှုကို အားပြုခဲ့သည်။ အာရှဈေးကွက်ကြီးအား အဆိုပါနှစ်နိုင်ငံတို့မှ အုပ်စိုးထားသော်လည်း တင်ပို့သည့် အမယ်ကွဲပြားမှုကြောင့် ဈေးကွက်ပိုင်ဆိုင်မှုသည် တည်ငြိမ်လျက်ရှိသည်ကိုလည်း တွေ့ရှိရသည်။ သို့သော်လည်း အာရှဒေသမဟုတ်သည့် နိုင်ငံများမှတင်ပို့သည့် ကုန်စည်များနှင့် ဈေးကွက်ပြိုင်ဆိုင်မှုမှာမူ တစ်နှစ်ထက်တစ်နှစ် ကြီးမားလာသည်ဖြစ်ရာ ဈေးကွက်ခိုင်မာရေးအတွက် စံချိန်စံညွှန်းပြည့်မီရေးကို အထူးအလေးထားကာ စိုက်ပျိုးတင်ပို့လျက်ရှိကြသည်။

လတ်ဆတ်သော သစ်သီးဝလံကုန်သွယ်မှုသည် နိုင်ငံအတွင်း၊ ဒေသအတွင်းကုန်သွယ်မှုများမှတစ်ဆင့် စိုက်ပျိုးမှုနည်းပညာ တိုးတက်လာမှုကို အားယူကာ နိုင်ငံအချင်းချင်းမှသည် တိုက်ကြီးများအချင်းချင်းအထိ ကမ္ဘာ့အရှေ့ခြမ်း၊ အနောက်ခြမ်းများအထိအောင် ကျယ်ပြန့်ကြီးမားလျက်ရှိသည်။ စားသုံးသူများ၏ နှစ်သက်ရွေးချယ်မှု၊ ဝင်ငွေမြင့်မားလာမှုနှင့် သဘောတူညီမှုစာချုပ် ချုပ်ဆိုမှုများကြောင့် သစ်သီးစိုက်ပျိုးနိုင်သည့် မြေအမျိုးအစား၊ ရာသီဥတုစသည့် အတားအဆီးများကို ကျော်လွှားကာ သစ်သီးဝလံတင်ပို့ရောင်းချမှုကဏ္ဍသည် ကြီးမားစွာ တိုးတက်ပြောင်းလဲလျက်ရှိသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သော ဗီယက်နမ်နိုင်ငံသည် နိုင်ငံထွက် သစ်သီးဝလံများကို ပြည်ပတင်ပို့မှုပိုမိုမြင့်တက်လာနေပြီး အဆိုပါတင်ပို့မှုမှ ရရှိသည့် နိုင်ငံခြားငွေများစွာပြည်တွင်းသို့ လျင်မြန်စွာ စီးဝင်နေစေကြောင်းကို ဗီယက်နမ်နိုင်ငံ၏ ထုတ်ပြန်ချက်မှ သိရသည်။ ထုတ်ပြန်ချက်အရ ဗီယက်နမ်နိုင်ငံမှ သစ်သီးဝလံတင်ပို့မှုသည် ၂၀၀၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ၈၀ ရာခိုင်နှုန်းကျော်မြင့်တက်ခဲ့ပြီး တရုတ်၊ အမေရိကန်၊ ဂျပန်နှင့် ဩစတြေးလျနိုင်ငံများသို့ အများအပြားတင်ပို့ခဲ့ကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံ၏ အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်ချက်အရ ၂၀၁၇ ခုနှစ်တွင် သစ်သီးဝလံတင်ပို့မှုသည် စုစုပေါင်း ပို့ကုန်၏ ၄၃ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံရရှိခဲ့ပြီး ဆန်တင်ပို့မှုထက်ပင် ပိုမိုခဲ့ကြောင်း သိရသည်။

အဆိုပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဗီယက်နမ်နိုင်ငံ ၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ပြည်တွင်းထွက်သစ်သီးဝလံများအား ပြည်ပသို့တင်ပို့ရောင်းချခြင်းကဲ့သို့ ပြည်တွင်းစားသုံးသူများထံသို့ ရောင်းချရာတွင်လည်း ထုတ်ကုန်အရည်အသွေးကွဲပြားမှုမရှိစေဘဲ ပြည်တွင်းဈေးကွက်မှ ယုံကြည်မှုရရှိရန် ဦးစားပေးသင့်သည်ကို ပြောကြားခဲ့ပြီး ပြည်ပသို့တင်ပို့သည့် စံချိန်စံညွှန်းများအတိုင်း ပြည်တွင်းဈေးကွက်တွင် ဖြန့်ဖြူးရောင်းချရန်လိုအပ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပ ဈေးကွက်များသို့ တင်ပို့ရောင်းချရာတွင်လည်း သစ်သီးများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပိုးသတ်ဆေးပါဝင်မှုကင်းစင်ရေးတို့ကိုလည်း အလေးထားသင့်ကြောင်း ထောက်ပြပြောဆိုထားသည်ကိုလည်း တွေ့ရသည်။ ဗီယက်နမ်နိုင်ငံသည် အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာန၏ စည်းမျဉ်းစည်းကမ်းများ၊ ဥရောပသမဂ္ဂ၏ စားသောက်ကုန်ဘေးအန္တရာယ်ကင်းရှင်းရေး စံချိန်စံညွှန်းများနှင့်အညီ သစ်သီးများကို ထုတ်လုပ်တင်ပို့ရန်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် အေးခဲသစ်သီး၊ သစ်သီးခြောက်၊ လေလုံသစ်သီးခြောက်များ၊ ချောကလက်အုပ်ထားသည့်သစ်သီး၊ သစ်သီးခြောက်အေးနှင့် သစ်သီးသကြားလုံးကဲ့သို့ သစ်သီးဝလံအခြေပြု အမယ်သစ်များကိုလည်း ထုတ်လုပ်လျက်ရှိကာ စံချိန်စံညွှန်းကိုက်ညီသည့် သစ်သီး စိုက်ခင်းများကိုလည်း နိုင်ငံတော်စီမံချက်ဖြင့် ဖော်ထုတ်ကာ အရှိန်အဟုန်မြှင့်တင် စိုက်ပျိုးလျက်ရှိသည်။ ဗီယက်နမ်နိုင်ငံသည် ပြည်တွင်းဈေးကွက်သို့ ပြည်ပနိုင်ငံများမှ သစ်သီးအမျိုးပေါင်း ၇၀ ကျော်ကိုလည်း တင်သွင်းလျက်ရှိကြောင်းသိရသည်။

## အော်ဂဲနစ်သီးနှံများ တင်ပို့မှုအခြေအနေ

အော်ဂဲနစ်သီးနှံဈေးကွက်သည်လည်း စားသုံးသူများ၏ရွေးချယ်မှုအရ ဖြစ်ပေါ်လာသော ဈေးကွက်တစ်ခုပင်ဖြစ်သည်။ အော်ဂဲနစ်သီးနှံများ၏ ဈေးကွက်ဝေစုသည်လည်း နှစ်စဉ်တိုးပွားလျက်ရှိပေသည်။ အခြေခံအားဖြင့် အော်ဂဲနစ်သီးနှံများကို လတ်ဆတ်သော အော်ဂဲနစ်သီးနှံများ၊ အမှုန့်များနှင့် အေးခဲထားသော အော်ဂဲနစ်သီးနှံများဟူ၍ ခွဲခြားတင်ပို့လျက်ရှိသည်။ အဆိုပါ အော်ဂဲနစ်သီးနှံများကိုရွေးချယ်မှုများပြားလာသည်နှင့်အညီ စိုက်ပျိုးထုတ်လုပ်မှုပုံစံ၊ ရိတ်သိမ်းထုပ်ပိုးမှုပုံစံနှင့် ထိန်းသိမ်းမှုပုံစံများနှင့်အတူ နည်းပညာအသုံးပြုမှုတို့သည် တစ်ပါတည်းတိုးတက်ထွန်းကား ကျယ်ပြန့်လာခဲ့သည်။ အဆိုပါ သီးနှံများ၏စိုက်ပျိုးမှုပုံစံသည် ရှေးယခင် သမားရိုးကျစိုက်ပျိုးမှုကို အခြေခံထားသည့် စနစ်တကျ စိုက်ပျိုးမှုပုံစံဖြစ်ကာ လူအများကလည်း ဓာတုဓာတ်ကြွင်း ကင်းစင်ကြောင်း ယုံကြည်လက်ခံကာ ဈေးပိုမိုပေး၍ လက်ခံသုံးစွဲလျက်ရှိပါသည်။

အော်ဂဲနစ်သီးနှံများ တင်ပို့ရောင်းချမှုသည် နိုင်ငံများ၏ စီးပွားရေးလမ်းကြောင်းသစ်တစ်ခုဖြစ်လာခဲ့ကာ ထွန်းသစ်စ စီးပွားရေးတစ်ခုလည်း ဖြစ်လာခဲ့ပါသည်။ စားသုံးသူများ၏ နှစ်သက်မှုအရ ဈေးကွက်အစုရှယ်ယာကြီးမားနေပြီး နိုင်ငံ၏ဝင်ငွေရရှိမှုကို ထောက်ပံ့ပေးလျက်ရှိပါသည်။ နိုင်ငံကြီးများတွင် အော်ဂဲနစ်သီးနှံ၏ တန်ဖိုးသတ်မှတ်မှုသည် အော်ဂဲနစ်သီးနှံဖြစ်ခြင်းတစ်ခုတည်းကိုသာ အမှီပြုထားခြင်းမဟုတ်ဘဲ နိုင်ငံအသီးသီး၏ ဈေးကွက် အစုရှယ်ယာကိုပါ မူတည်၍ တန်ဖိုးအမျိုးမျိုးထားကာ သတ်မှတ်ထားခြင်းဖြစ်ပါသည်။

**စာမျက်နှာ ၃၁ သို့**

## သီတင်းနှစ်ပတ်အတွင်း ခတ်ဆီ၊ ဒီဇယ်တန်ချိန် ၁၅၀၀၀၀ကျော်ဝင်

အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း ၃၃၇၁၈၆၁၈ တန်ဖိုးရှိ ဒီဇယ်၅၀၂၉၁တန်နဲ့ အမေရိကန်ဒေါ်လာ ၁၆၃၂၄၈၁၂ တန်ဖိုးရှိ ခတ်ဆီ ၂၄၇၅၉ ဒသမ ၀၇ တန်၊ စုစုပေါင်း ၇၅၀၅၀ဒသမ ၀၇ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ တင်သွင်းခဲ့ပါတယ်။ အောက်တိုဘာ ၂၁ ရက်မှ ၂၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၅၆၁၅၇၅၀ တန်ဖိုးရှိ ဒီဇယ် ၆၇၈၅၂ ဒသမ ၇၉တန်နဲ့ အမေရိကန်ဒေါ်လာ ၉၇၁၃၄၄၀တန်ဖိုး ရှိခတ်ဆီ ၁၄၈၆၂ ဒသမ ၂၁ တန်၊ စုစုပေါင်း ၈၂၇၁၅ တန်ကို တင်သွင်းခဲ့တယ်လို့သိရပါတယ်။ သီတင်းနှစ်ပတ် တင်သွင်းမှုကို နှိုင်းယှဉ်ကြည့်ရင် အောက်တိုဘာ ၂၀ ရက်မှ ၂၇ ရက်သီတင်းပတ်မှာ စက်သုံးဆီအဝင်ပိုခဲ့တယ်လို့သိရပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၃၁တန်ဖိုးရှိ **Re-export**ဒီဇယ် ၅၆၂၇ ဒသမ ၅၆ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ ၅၂၀၇၅ တန်ဖိုးရှိ **Re-export** ဒီဇယ် ၆၈ ဒသမ ၂၁ တန် တင်ပို့ခဲ့သလို တာချီလိတ်ကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ ၄၀၇၁၇၄ တန်ဖိုးရှိ ဒီဇယ် ၆၀၇ ဒသမ ၆၄ တန်နဲ့ အမေရိကန်ဒေါ်လာ ၂၀၃၇၉၈ တန်ဖိုးရှိခတ်ဆီ ၃၂၆ ဒသမ ၃၃ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၂၅၀၁၄၀ တန်ဖိုးရှိဒီဇယ် ၃၆၁၅ ဒသမ ၂၈ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## အောက်တိုဘာလအတွင်း တရုတ်နိုင်ငံသို့ ရေထွက်ကုန်တန်ချိန် ၉၀၀၀ခန့် တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အောက်တိုဘာနောက်ဆုံးပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ဒသမ ၈၀၅ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၂၂၄၁ တန်ကျော်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၆၀၆ တန်ကျော်နဲ့နှိုင်းယှဉ်ပါက ၃၆၅ တန်လျော့နည်းခဲ့ပြီး တန်ဖိုးအားဖြင့်လည်း အမေရိကန်ဒေါ်လာသုည ဒသမ ၈၇၅ သန်းလျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်အတွင်း ငါးမျိုးစုံ၊ ငါးမှုန့်၊ ငါးရှဥ့်၊ ငါးဆားနယ်၊ ငါးပုတင်းရေခွံခြောက်၊ ကင်းမွန်ခြောက်နဲ့ကဏန်းတင်ပို့မှု လျော့နည်းခဲ့ခြင်းကြောင့် ရေထွက်ကုန်တန်ချိန်ရော၊ တန်ဖိုးပါလျော့နည်းခဲ့ရကြောင်း၊ တစ်ဖက်နိုင်ငံဈေးအနေနဲ့ အောက်တိုဘာ ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းပတ်အတွင်း ကဏန်းတစ်တန်လျှင် ယွမ် ၅၆၂၅၀၊ ငါးရှဥ့်တစ်တန်လျှင် ယွမ် ၂၈၀၀၀ ဈေးရှိကြောင်း၊ အောက်တိုဘာတစ်လလုံး တရုတ်နိုင်ငံသို့ ရေထွက်ကုန်တန်ချိန် ၉၀၀၀ခန့်တင်ပို့ခဲ့ကြောင်း သိရပါတယ်။

**မော်မော်အောင်**

## တရုတ်နိုင်ငံသို့အောက်တိုဘာလအတွင်း ပရဆေးကုန်ကြမ်းတန်ချိန် သုံးထောင်ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့်တရုတ်နိုင်ငံသို့ အောက်တိုဘာနောက်ဆုံးပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၄၀ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ၉မျိုးကို တန်ချိန်အားဖြင့် ၇၅၁ တန်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၂၃၁ တန်နဲ့ နှိုင်းယှဉ်ပါက တန်ချိန် ၄၈၀ လျော့နည်းခဲ့ပြီး အောက်တိုဘာလအတွင်း ပရဆေးကုန်ကြမ်း တန်ချိန် ၃၀၀၀ ကျော်တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ယခုတစ်ပတ်တင်ပို့ခဲ့တဲ့ ပရဆေးအမယ်တွေကတော့ ဆီးသီးခြောက်၊ ဆီးဆန်၊ ဆီးခွံခြမ်း၊ မိကျောင်းကွမ်းဖတ်စေ့၊ သီဟိုဠ်စေ့၊ ကြောင်ပန်းစေ့၊ကွမ်းသီးစေ့၊ နနွင်းတက်နဲ့ချဉ်ပေါင်ဖာလာ(အခွံပါ)တို့ဖြစ်ပါတယ်။ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၉၅၅၄ တန်ဖိုးရှိ ကွမ်းသီးခွံ ၄၈ တန်ခွဲကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့တာ တွေ့ရပါတယ်။

**မော်မော်အောင်**

## Energy NYMEX 2-11-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 63.74 | 0.05 | 0.08 |
| Brent Crude Futr (USD/bbl) | 73.18 | 0.29 | 0.40 |
| Gasoline Rbob Fut (Cent/gal) | 172.30 | 0.65 | 0.38 |
| Natural Gas Futr (USD/MMBtu) | 3.24 | 0.00 | 0.03 |
| Heating Oil Futr (Cent/gal) | 220.55 | 0.47 | 0.21 |


## ပြည်တွင်းရွှေဈေး စံချိန်တင်မြင့်တက်ခဲ့တဲ့ရက်သတ္တပတ်

ပြည်တွင်းရွှေဈေးနှုန်းသည် ယခုရက်သတ္တပတ်အတွင်း ဆက်လက်မြင့်တက်ခဲ့ပြီး ကျပ်၁၀၄၀၀၀၀သို့ရောက်ရှိလာခဲ့ကာ စံချိန်တင်မြင့်တက်ခဲ့ကြောင်း သတင်းရရှိသည်။အောက်တိုဘာ စတုတ္တပတ်အတွင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၁၀၃၆၀၀၀ရှိခဲ့ရာမှ စတုတ္ထပတ်တွင် ကျပ်၁၀၄၁၅၀၀သို့ ထပ်မံမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

" ဒီတစ်ပတ်ရွှေဈေးက အတက်အကျကြမ်းတယ်။ နိုဝင်ဘာ ၂ရက်နေ့ ဆိုရင် အခေါက်ရွှေတစ်ကျပ်သားကို ၁၀၄၀၀၀၀ကျော်အထိကို ရောက်သွားတာကနေ ပြန်ကျသွားတာ။ အရောင်းအဝယ်ကတော့သိပ်မရှိဘူး။ နည်းတဲ့ရက်နည်းနေသေးတယ်။ကမ္ဘာ့ရွှေဘက်မှာတော့ ဒေါ်လာကိုကြည့်ပြီး အတက်အကျကြမ်းတယ်"ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် အောက်တိုဘာ ၂၉ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၁၀၃၆၅၀၀ရှိခဲ့ရာမှ အောက်တိုဘာ ၃၁ရက်တွင် ကျပ် ၁၀၃၈၀၀၀သို့ မြင့်တက်ခဲ့ပြီး နိုဝင်ဘာ ၂ရက်တွင်ကျပ်၁၀၄၀၀၀၀သို့မြင့်တက်ခဲ့ပြီး စံချိန်တင်ခဲ့ကြောင်းသိရသည်။ကမ္ဘာ့ရွှေဈေးကွက်မှာတော့ အောက်တိုဘာ ၂၉ရက်က ရွှေတစ်အောင်စလျှင် ၁၂၃၁အမေရိကန်ဒေါ်လာရှိခဲ့ရာမှ အောက်တိုဘာ၃၁ရက်တွင် တစ်အောင်စလျှင် ၁၂၁၇အမေရိကန်ဒေါ်လာသို့ ကျဆင်းခဲ့သော်လည်း နိုဝင်ဘာ ၂ရက်တွင် ၁၂၃၂အမေရိကန်ဒေါ်လာသို့ ပြန်လည်မြင့်တက်ခဲ့ကြောင်းသိရသည်။

**သန်းထိုက်အောင်**



## ပြည်တွင်းငွေလဲနှုန်း ဆက်လက်မြင့်တက်

ပြည်တွင်းငွေလဲဈေးကွက်သည် အောက်တိုဘာနောက်ဆုံးပတ်အတွင်း ဈေးမြင့်တက်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၄၃ ကျပ်မှ တစ် ဒေါ်လာလျှင် ၁၅၆၉ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်းသိရသည်။

ပြည်တွင်းဈေးကွက်တွင် ဒေါ်လာဈေးမှာ ပြန်လည်မြင့်တက်လာခဲ့ပြီး တစ်ဒေါ်လာလျှင်ကျပ်၁၆၀၀၀န်းကျင်သို့ ပြန်လည်ရောက်ရှိလာကြောင်း၊ယခုဈေးတက်နေပုံမှာ ယခင်လပိုင်းကလို တစ်ဟုန်ထိုးတက်ခြင်းမျိုးမဟုတ်ဘဲ တစ်ရိပ်ရိပ်တက်လာခြင်းမျိုးဖြစ်ကြောင်း၊ ယခုအချိန်တွင် ရေနံဈေးမှာကျရိပ်သန်းနေသလို ဒေါ်လာအတိုးနှုန်းမှာလည်း ဒီဇင်ဘာလမှသာဖြစ်ကြောင်း၊ ယခုနှုန်းအတိုင်း ဆက်သွားပါက ဒီဇင်ဘာလအတွင်း အမေရိကန်ဒေါ်လာနှင့် ယူရိုငွေတို့မှာ အတိုးနှုန်းများမြင့်တင်လာမည်ဖြစ်သောကြောင့် အာရှငွေကြေးအများစု၏တန်ဖိုးမှာ အကြီးအကျယ်ကျလာမည်ဖြစ်ကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် အောက်တိုဘာ ၂၉ရက်က အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၇၉ကျပ်၊ ဝယ်ဈေး ၁၅၇၂ကျပ်မှ အောက်တိုဘာ ၃၁ရက်တွင် ရောင်းဈေး ၁၅၉၅ကျပ်၊ ဝယ်ဈေး၁၅၈၅ကျပ်သို့မြင့်တက်လာခဲ့ပြီး နောက် နိုဝင်ဘာ ၂ရက်တွင် ရောင်းဈေး ၁၅၉၂ ကျပ်၊ ဝယ်ဈေး ၁၅၈၅ကျပ်ဖြင့် ဈေးပိတ်ခဲ့ကြောင်းသိရသည်။

**သန်းထိုက်အောင်**

## ရန်ကုန်စတော့အိတ်ချိန်းမှ One Month Training Course (5/2018)ဖွင့်လှစ်မည်

ရန်ကုန်စတော့အိတ်ချိန်းမှဖွင့်လှစ်သော One Month Training Course(5/2018) ကို နိုဝင်ဘာ ၁၇ ရက်မှဒီဇင်ဘာ၁၅ရက်အထိ အပတ်စဉ်စနေနေ့တိုင်းတွင် ရန်ကုန်စတော့အိတ်ချိန်းအဆောက်အအုံ၌ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

နိုင်ငံတကာစတော့ဈေးကွက်ကို လေ့လာလိုသူများ၊ စတော့ရှင်းနှီးမြှုပ်နှံမှုကို အခြေခံကျကျလေ့လာလိုသူများ၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏ အခန်းကဏ္ဍများနှင့် စတော့အိတ်ချိန်းမှာ စာရင်းဝင်လိုသော ကုမ္ပဏီများအတွက် လုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများ၊ မြန်မာနိုင်ငံ၏ ငွေကြေးအရင်းအနှီး ဈေးကွက်အကြောင်း သိရှိလိုသူများအနေဖြင့် သင်တန်းကြေး ကျပ်သုံးသောင်းပေးသွင်းကာ တက်ရောက်နိုင်မည်ဖြစ်ပြီး အွန်လိုင်းမှတစ်ဆင့် စာရင်းပေးသွင်းနိုင်ရန်အတွက်လည်း ရန်ကုန်စတော့အိတ်ချိန်း Website တွင် ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

လူကိုယ်တိုင်လာရောက်စာရင်းပေးသွင်းလိုသူများအတွက် ရန်ကုန်စတော့အိပ်ချိန်းရုံးသို့ နိုဝင်ဘာ၁၆ရက် ညနေ ၃နာရီအထိ နောက်မကျစေဘဲ စာရင်းပေးသွင်းနိုင်ပြီး သိရှိလိုသော သတင်းအချက်အလက်များအတွက် Admin Department ဖုန်း ၀၁-၃၇၁ ၂၇၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

November 2, 2018
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.38 |
| BDT Bangladesh Taka | 83.77 |
| CAD Canada Dollars | 1.31 |
| CNY China Yuan Renminbi | 6.91 |
| EUR Euro | 0.88 |
| H KDHong Kong Dollars | 7.84 |
| I NR India Rupees | 72.82 |
| I DR Indonesia Rupiahs | 15052.77 |
| JPY Japan Yen | 113.05 |
| MYR Malaysia | 4.17 |
| PKR Pakistan Rupees | 133.68 |
| PHP Philippines Pesos | 53.22 |
| RUB Russia Rubles | 65.62 |
| SGD Singapore Dollars | 1.37 |
| KRWSouth Korea Won | 1121.15 |
| LKR Sri Lanka Rupe | 172.95 |
| THB Thailand Baht | 32.87 |
| GBP United Kingdom Pounds | 0.77 |
| VND VietnamDon | 23243.21 |

*Source:xe.com*

## World Gold Price

October-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 29 | 1236 | 1235 | 1236 |
| 30 | 1230 | 1229 | 1229 |
| 31 | 1222 | 1220 | 1221 |
| 1 | 1220 | 1223 | 1223 |
| 2 | 1236 | 1235 | 1235 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 29-10- 2018 | 1036.50 | 1036.00 |
| 30-10- 2018 | 1036.50 | 1036.00 |
| 31-10- 2018 | 1039.00 | 1039.00 |
| 1-11- 2018 | 1039.00 | 1038.50 |
| 2-11- 2018 | 1041.50 | 1040.70 |

## နယ်စပ်ငွေလဲလှယ်နှုန်း

အောက်တိုဘာလ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 29 | 6.96 | 33.18 | 84.04 | 73.40 |
| 30 | 6.97 | 33.25 | 83.90 | 73.58 |
| 31 | 6.97 | 33.27 | 83.79 | 74.03 |
| 1 | 6.97 | 33.06 | 83.96 | 73.84 |
| 2 | 6.91 | 32.87 | 83.77 | 72.82 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 29-October | 14.62 | 2682.93 | 1975.89 | 6189.93 | 831.00 |
| 30-October | 14.44 | 2640.83 | 1960.24 | 6159.52 | 831.00 |
| 31-October | 14.37 | 2595.65 | 1946.79 | 6085.46 | 832.00 |
| 1-November | 14.29 | 2562.81 | 1937.76 | 6046.89 | 844.00 |
| 2-November | 14.71 | 2621.66 | 1964.87 | 6232.69 | 864.00 |

## ဘိလပ်မြေ

# သီတင်းနှစ်ပတ်အတွင်း ဘိလပ်မြေတန်ချိန် ၂၀၀၀ကျော်တင်သွင်း

အောက်တိုဘာ ၁၄ ရက်မှ ၂၀ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၈၈၄၀ တန်ဖိုးရှိ ဘိလပ်မြေ ၇၈၄တန်နဲ့ အောက်တိုဘာလ ၂၁ ရက်မှ ၂၇ ရက်အတွင်း အမေရိကန်ဒေါ်လာ ၁၁၉၈၅၇တန်ဖိုးရှိ ဘိလပ်မြေ ၁၃၄၀ ဒသမ ၈၂၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ တင်သွင်းခဲ့ပါတယ်။ သီတင်းနှစ်ပတ်အတွင်း အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံမှ ၁၆၉၃ တန်၊ ထိုင်းနိုင်ငံမှ ၃၇၅ ဒသမ ၈၂၅ တန်နဲ့ တရုတ်နိုင်ငံမှ ၅၆တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ သီတင်းနှစ်ပတ်အတွင်း ဘိလပ်မြေတန်ချိန် စုစုပေါင်း၂၁၂၄ဒသမ၈၂၅တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

အောက်တိုဘာ ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်မှ ဘိလပ်မြေအဝင်မှာတန်ချိန် ၃၂၀၀ ရှိခဲ့ပြီး ယခင် သီတင်းပတ်က ဘိလပ်မြေအဝင်မှာ ၄၆၄၀တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၄၄၀ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

# မန္တလေးဘိလပ်မြေဈေးကွက် အရောင်းပါး

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** ဒီရက်ပိုင်း မိုးလည်းပါးလာတာကြောင့် တည်ဆောက်ရေးလုပ်ငန်းလေးများလည်း နည်းနည်းပြန်လုပ်လာတာကြောင့် အရောင်းအဝယ်က ပုံမှန်ပြန်ဖြစ်လာတယ်။ဒါပေမယ့်ဈေးကတော့ငြိမ်တယ်လို့ သိရပါတယ်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(မြန်မာ) ကျပ် ၄၆၅၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ)ကျပ် ၄၈၀၀၊ကြံ့နှစ်ကောင်(အနီ) ကျပ် ၄၇၀၀၊ စိန်(ထိုင်း) ကျပ် ၅၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ပြန်ဖြစ်လာတယ်။ ဈေးက အပြောင်းအလဲသိပ်မရှိဘူး၊ အတက်အကျ ကျပ် ၅၀ ဝန်းကျင်သာရှိတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ရွှေဖြူ ကျပ် ၄၈၀၀၊ အေသုံးလုံး ကျပ် ၄၅၀၀၊ အယ်လ်ဖာ ကျပ် ၄၆၀၀၊ဘလူးဒိုင်းမွန်းကျပ်၄၈၀၀၊ခရောင်း ကျပ် ၅၀၀၀၊ အပါချီကျပ် ၄၂၀၀ နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်မှာအရောင်းအဝယ်ပုံမှန်ဖြစ်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ထိုင်းဘိလပ်မြေများက အဝင်နည်းပြီး ဈေးနှုန်းပြောင်းလဲမှုတော့မရှိဘူးလို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(မြန်မာ)ကျပ် ၄၈၀၀၊ ကြံ့ကျပ် ၄၅၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ အပါချီ ကျပ် ၅၀၀၀၊ ဘလူးဒိုင်းမွန်းကျပ် ၄၆၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မိုးကလည်းအဆက်မပြတ်သေးတာကြောင့်အရောင်းအဝယ်ပါးနေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ကမ္ဘောဇ ဘိလပ်မြေက အဝယ်လိုက်ပြီး ကျန်ဘိလပ်မြေများက အဝယ်နည်းတယ်။ ဈေးနှုန်းက အပြောင်းအလဲမရှိဘူးလို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၇၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၀၀၀၊ ကမ္ဘောဇ ကျပ် ၃၈၀၀၊ နဂါးကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## စားသုံးဆီ

## ဓာတ်မြေသြဇာ

# သီတင်းနှစ်ပတ်အတွင်းမြေသြဇာ တန်ချိန် ၁၄၀၀၀ကျော် တင်သွင်း

အောက်တိုဘာ ၁၄ ရက် မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၃၁၂၇၈၉ တန်ဖိုးရှိ မြေသြဇာ ၁၄၁၅၆ ဒသမ ၆၈၄ တန်တင်သွင်းခဲ့ပြီး အောက်တိုဘာ ၂၁ ရက်မှ ၂၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၁၉၈၅၇ တန်ဖိုးရှိမြေသြဇာ ၃၂၅ ဒသမ ၇၀ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ တင်သွင်းခဲ့ပါတယ်။ သီတင်းနှစ်ပတ်အတွင်းတင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်၊ အာမို၊ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ ယူရီးယား (နေရွက်လှေ)၊ အမိုးနီးယားနိုက်တြိတ်၊ ယူရီးယား၄၆%၊ အမိုးနီးယားအက်ဆစ်နဲ့ဓာတ်ဆားတို့ ဖြစ်ပါတယ်။ သီတင်းနှစ်ပတ်အတွင်းမြေသြဇာတန်ချိန် ၁၄၀၀၀ကျော် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

# မန္တလေးဈေးကွက်မြေသြဇာအရောင်းပုံမှန်ရှိ

အောက်တိုဘာ ၂၀ ရက်မှ ၂၆ ရက်အထိ နယ်စပ်မှ မြေသြဇာအဝင်မှာ တန်ချိန် ၉၁၅၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၇၆၄၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၅၁၀ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ တောင်ကြီးနဲ့မော်လမြိုင်မှာ အရောင်းအေးပြီး မကွေးနဲ့မန္တလေးမှာ အရောင်းပုံမှန်ရှိတယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ**အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ အရောင်းအဝယ်ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်) ကျပ် ၃၀၀၀၀၊ ကွန်ပေါင်း(အစိမ်းရောင်) ကျပ် ၄၈၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၆၀၀၀၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်း သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာအရောင်းအဝယ်က အေးနေသေးတယ်လို့** သိရပါတယ်။ ဒီတစ်ပတ်မှာတော့ ယူရီးယားက ကျပ် ၄၀၀၊ မြားကမ္ဘာ၊ ပိုတက်နဲ့တီစူပါ ၂၀% က ကျပ် ၅၀၀၊ တီစူပါ ၁၀း၁၀း၅ က ကျပ် ၇၀၀၊ ဈေးမြင့်ခဲ့ပြီး ပိုးသတ်ဆေးက ကျပ် ၃၀၀နဲ့ ရွက်ဖြန်းက ကျပ် ၅၀၀ ဈေးကျခဲ့ကြောင်းသိရပါတယ်။ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၃၁၀၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်)ကျပ် ၃၁၀၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ်၃၁၀၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၃၀၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၁၀၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၉၂၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၇၅၀၀၊ ပိုတက်(တရုတ်) ကျပ်၃၀၅၀၀၊ ယူရီးယား(ယူအေအီး) ကျပ် ၂၆၅၀၀၊ မြားကမ္ဘာကျပ် ၁၈၅၀၀၊ ရွက်ဖျန်းကျပ် ၂၅၀၀၊ ဆိုင်ကလုန်း ကျပ် ၃၀၀၀၊ ဆိုက်ပါ ကျပ် ၅၅၀၀ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီတစ်ပတ်တော့အရောင်းအဝယ် ပုံမှန်ရှိသလို ဈေးလည်းငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၈၅၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၀၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၈၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၉၅၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၈၅၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၉၀၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၉၀၀၀၊ ဇာမဏီ ကျပ် ၁၈၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၃၀၀၊ မြားကမ္ဘာ (၁၅း၇း၈) ကျပ် ၂၀၅၀၀၊တီစူပါ ကျပ် ၂၅၀၀၀၊ တောင်သူမ ကျပ် ၁၈၆၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# သီတင်းနှစ်ပတ်အတွင်း နို့မှုန့်တန်ချိန် ၂၀၀ကျော်နဲ့ နို့ဆီတန်ချိန် ၂၀၀ကျော်ဝင်

အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၅၂၀၀၀ တန်ဖိုးရှိ နို့ဆီ ၂၁၈ ဒသမ ၈၈ တန်နဲ့ အောက်တိုဘာ ၂၁ရက် မှ ၂၇ ရက်အထိ သီတင်းပတ်အတွင်းမှာတော့ နို့ဆီအဝင်မရှိခဲ့ဘူးလို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့တံဆိပ်မှာ ဒွန်းနို့ဆီတစ်မျိုးသာတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၁၀၅၅၇ တန်ဖိုးရှိ နို့မှုန့် ၁၇၆ ဒသမ၁၅တန်တင်သွင်းခဲ့သလိုအောက်တိုဘာ ၂၁ ရက်မှ အောက်တိုဘာ ၂၇ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၉၇၅၀၀ တန်ဖိုးရှိနို့မှုန့်တန်ချိန် ၅၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ သီတင်းနှစ်ပတ်အတွင်း နယူးဇီလန်နိုင်ငံ မှ ၁၇၆ ဒသမ ၁၅ တန်နဲ့ ယူကရိန်းနိုင်ငံမှ တန်ချိန် ၅၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ယူရီးယားက ကျပ် ၂၀၀ ပိုတက်က ကျပ် ၇၀၀ ဈေးကျပြီး တီစူပါ ၄၆%ကကျပ် ၄၀၀ ဈေးမြင့်ကာ ကျန်မြေသြဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ မြားသီးစုံ၊ ပန်းသီးစုံနဲ့ အာမို (၁၀း၁၀း၅)ကပစ္စည်းပြတ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာယူရီးယား(ရွှေတောင်-တရုတ်)ကျပ် ၂၉၀၀၀၊ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၉၅၀၀၊ တီစူပါ (၄၆% -တရုတ်)ကျပ် ၂၃၄၀၀၊ မြားသီးစုံ ကျပ် ၁၆၉၀၀၊ ပန်းသီးစုံ ကျပ် ၁၇၅၀၀၊ အာမို ၁၀း၁၀း၅ကျပ်၁၈၅၀၀၊အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၁၀၀၀၊ပိုတက်ကျပ် ၂၈၅၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၀/၁၀ မှ ၂၆/၁၀ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၃/၁၀ မှ ၁၉/၁၀ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | - | ၂·၀၀ | (-) ၂·၀၀ |
| ၂။ | လွယ်ဂျယ် | - | - | - |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | ကန်ပိုက်တီး | - | ၄၀·၀၀ | (-) ၄၀·၀၀ |
| ၅။ | တာချီလိတ် | ၂၀၀၀·၀၀ | ၄၅၀၀·၀၀ | (-) ၂၅၀၀·၀၀ |
| ၆။ | မြဝတီ | - | - | - |
| ၇။ | ကော့သောင်း | - | ၂၅·၀၀ | (-) ၂၅·၀၀ |
| ၈။ | မြိတ် | ၁၂၀၀·၀၀ | ၇၅·၀၀ | (+) ၁၁၂၅·၀၀ |
| | စုစုပေါင်း | ၃၂၀၀·၀၀ | ၄၆၄၂·၀၀ | (-) ၁၄၄၂·၀၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၀/၁၀ မှ ၂၆/၁၀ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၃/၁၀ မှ ၁၉/၁၀ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၄၀၅၁·၂၅၀ | ၂၂၅၆·၇၀ | (+) ၁၇၉၄·၅၅ |
| ၂။ | လွယ်ဂျယ် | ၅၀၀·၀၀ | ၄၂၆·၀၀ | (+) ၇၄·၀၀ |
| ၃။ | ချင်းရွှေဟော် | ၇၇၈·၀၀ | ၁၇၈၆·၅၀ | (-) ၁၀၀၈·၅၀ |
| ၄။ | ကန်ပိုက်တီ | ၄၄၅·၀၀ | ၂၇၂·၀၀ | (+) ၁၇၃·၀၀ |
| ၅။ | မြဝတီ | ၁၁၉၁·၆၀ | ၁၇၃၂·၀၅ | (-) ၅၄၀·၄၅ |
| ၆။ | ကော့သောင်း | - | - | - |
| ၇။ | မြိတ် | ၁၈၅·၀၀ | ၇၅·၀၀ | (+) ၁၁၀·၀၀ |
| ၈။ | ရိဒ် | ၂၀၀၀·၀၀ | ၁၁၀၀·၀၀ | (+) ၉၀၀·၀၀ |
| ၉။ | တမူး | - | - | - |
| | စုစုပေါင်း | ၉၁၅၀·၈၅ | ၇၆၄၈·၂၅ | (+) ၁၅၀၂·၆၀ |

ခင်မိုးသူ

# ဗီယက်နမ် ရော်ဘာအရည်အသွေးထိန်းသိမ်းထားရန် လိုအပ်

**ညီဝင်းဇော် (ယှဉ်ပြိုင်မှု)**

ဗီယက်နမ်နိုင်ငံ၏ ရော်ဘာထွက်ကုန်များသည် အခြားနိုင်ငံများထက် ဈေးနှုန်းသက်သာနေခြင်းမှာ ဗီယက်နမ်မှ ထုတ်လုပ်သော ရော်ဘာထွက်ကုန်များ၏ အရည်အသွေး တူညီမှုမရှိခြင်းကြောင့်ဖြစ်သည်ဟု ရော်ဘာစက်မှုလုပ်ငန်းရှင်များက ပြောကြားကြောင်း၊ ပြည်ပမှထုတ်လုပ်သူများသည် ဗီယက်နမ်မှ ထုတ်လုပ်သောရော်ဘာများကို အသုံးပြုရာတွင် အရည်အသွေး မှန်ကန်စေရန် နည်းပညာနှင့်အခြားအထောက်အပံ့ပစ္စည်းများကို အသုံးပြုရကြောင်း၊ရော်ဘာစေးကို အရည်အသွေးမှန်ကန်စွာ ထုတ်လုပ်နိုင်ရေး နိုင်ငံတော်အဆင့် လုပ်ငန်းစဉ်အား ချမှတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရော်ဘာစေးများကို ပြည်ပသို့တင်ပို့ခြင်းမပြုမီ အရည်အသွေးကြပ်မတ်စစ်ဆေးသည့် စီမံခန့်ခွဲမှုအဖွဲ့ကို ဖွဲ့စည်းထားရှိရန် အရေးကြီးကြောင်း ဗီယက်နမ် ရော်ဘာစက်မှုလုပ်ငန်းဌာန၏ ပြောကြားချက်အရ သိရှိရပါသည်။

ဗီယက်နမ်ရှိတစ်နိုင်တစ်ပိုင် ရော်ဘာစိုက်ခင်းငယ်များမှထွက်ရှိသော ရော်ဘာစေးများသည် မကြာခဏ ညစ်ညမ်းမှုများဖြစ်ပေါ်နေကြောင်း၊ သို့ဖြစ်၍ ဗီယက်နမ်တွင်ထုတ်ကုန် အရည်အသွေးစံချိန်စံညွှန်းများကို တင်းကြပ်စွာချမှတ်ထားသော်လည်း ကုမ္ပဏီကြီးများသာ တင်သွင်းသူများ၏လိုအပ်ချက်များကို ပြည့်မီအောင်ဆောင်ရွက်ပေးနိုင်ကြောင်း ဖော်ပြထားပါသည်။

ဗီယက်နမ်တွင် သစ်တောများ ရေရှည်တည်တံ့ရေးအတွက် သစ်တောစီမံခန့်ခွဲမှုနှင့်ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများကို အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းများက ဆောင်ရွက်နေကြောင်း၊ နှစ်စဉ်ဗီယက်နမ်၏ရော်ဘာစေး အကြမ်းထည် ထုတ်လုပ်မှုပမာဏစုစုပေါင်း၏ ၃၈ ရာခိုင်နှုန်းကို အစိုးရပိုင်စီးပွားရေးလုပ်ငန်းများနှင့်ပုဂ္ဂလိကပိုင် လုပ်ငန်းကြီးများက ထုတ်လုပ်လျက်ရှိကြောင်း၊ ကျန်ထုတ်လုပ်မှုပမာဏကို မိသားစုပိုင် စိုက်ခင်းငယ်လေးများက ထုတ်လုပ်လျက်ရှိကြောင်း၊ ယင်းထုတ်လုပ်သူ အုပ်စုနှစ်ခုသည် ရော်ဘာစိုက်ပျိုးမြေဧရိယာအနေဖြင့် တစ်ဝက်စီ အချိုးကျစိုက်ပျိုးနေခြင်းဖြစ်သော်လည်း ပမာဏများစွာစိုက်ပျိုးသည့်စိုက်ခင်းကြီးများသည် ရော်ဘာစေးထုတ်ရန် သက်တမ်းကုန်ဆုံးသည့် အချိန်နှစ် ၂၀ မှ ၂၅ နှစ်အကြားနှင့် နီးကပ်နေပြီဖြစ်ကြောင်း၊ ရော်ဘာစိုက်ခင်းငယ်လေးများမှာ ရော်ဘာစေးထုတ်ရန် အကောင်းဆုံးအချိန်ကို ရောက်ရှိနေပြီဖြစ်ကြောင်း ဖော်ပြထားပါသည်။

ရော်ဘာကဏ္ဍသည် ဗီယက်နမ်နိုင်ငံအတွက် အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာ ရှာဖွေပေးနေခြင်းသာမက ငါးသိန်းထက်ပိုသော အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးထားပါကြောင်း၊ ရော်ဘာလုပ်ငန်းသည် ပြည်တွင်းထုတ်လုပ်မှုကဏ္ဍများအတွက် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပြီး အထူးသဖြင့် သစ်အချောထည် ထုတ်လုပ်မှုကဏ္ဍတွင် ဖြစ်ကြောင်း သိရှိရပါသည်။

အစိုးရပိုင်မဟုတ်သော စီးပွားရေးလုပ်ငန်းများသည် နှစ်စဉ်ရော်ဘာစေးထွက်ရှိမှုစုစုပေါင်းပမာဏ၏ ၆၀ ရာခိုင်နှုန်းကို အသုံးပြုလျက်ရှိပြီး ဖိနပ်၊ လက်အိတ်၊ တာယာများ ကဲ့သို့သော စက်မှုထုတ်ကုန်များကို ထုတ်လုပ်လျက်ရှိကြောင်း၊ ဤကဏ္ဍတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် ရင်းနှီးမြှုပ်နှံမှုပမာဏများစွာပြုလုပ်နိုင်ခြင်းနှင့် အဆင့်မြင့်နည်းပညာများအသုံးပြုနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရှိကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများက ရော်ဘာကဏ္ဍရှိ လုပ်သားအင်အား၏ ၆၀ ရော်ခိုင်နှုန်းကျော်ကို အလုပ်အကိုင်ဖန်တီးပေးနေခြင်းဖြစ်ကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းများက ၂၃ ရာခိုင်နှုန်းကိုလည်းကောင်း၊ အစိုးရပိုင်လုပ်ငန်းများက ၁၇ ရော်ခိုင်နှုန်းကိုလည်းကောင်း အလုပ်အကိုင်ဖန်တီးပေးလျက်ရှိကြောင်း ဖော်ပြထားပါသည်။

၂၀၁၉ခုနှစ်အစောပိုင်းမှစ၍အမေရိကန်သည် တရုတ်နိုင်ငံမှ တင်သွင်းသော ပရိဘောဂနှင့်မော်တော်ကားအစိတ်အပိုင်းများနှင့်အပိုပစ္စည်းများအပေါ်တွင် အကောက်ခွန် ၂၅ ရာခိုင်နှုန်းထိ တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ကုန်သွယ်မှုလွန်ဆွဲအားပိုမိုပြင်းထန်လာလျှင် အကောက်ခွန်နှုန်းထားသည် ၄၄ ရာခိုင်နှုန်းထိ တိုးမြှင့်သွားနိုင်ကြောင်း၊ တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံမှ ရော်ဘာကုန်ကြမ်းအများဆုံးတင်သွင်းသည့်နိုင်ငံဖြစ်ပြီး ဗီယက်နမ်၏ရော်ဘာတင်ပို့မှုစုစုပေါင်း၏ ၆၅ ဒသမ ၃ ရာခိုင်နှုန်းသည် တရုတ်နိုင်ငံသို့ တင်ပို့နေခြင်းဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံသည် ထိုတင်သွင်းသော ရော်ဘာ၏ ၇၀ ရာခိုင်နှုန်းကို တာယာထုတ်လုပ်ရာတွင် အသုံးပြုနေခြင်းဖြစ်သည့်အတွက် ဗီယက်နမ်နိုင်ငံ၏ ရော်ဘာလုပ်ငန်းများအပေါ် ထိခိုက်မည်ဖြစ်ပါကြောင်းဖော်ပြထားပါသည်။

လေ့လာမှုများအရ အမေရိကန်နှင့်တရုတ်ကုန်သွယ်ရေးစစ်ပွဲကြောင့် ဗီယက်နမ်အပေါ်သက်ရောက်မှုအရှိဆုံး ပို့ကုန်ကဏ္ဍများမှာ ကွန်ပျူတာ၊ ပရိဘောဂ၊ ကားပစ္စည်းများနှင့် ကားတာယာများ တင်ပို့သည့်ကဏ္ဍများတွင်ဖြစ်ကြောင်း၊ ဗီယက်နမ်မှ တင်သွင်းသည့် ရော်ဘာထွက်ကုန်ဖြင့် အမေရိကန်သို့ တင်ပို့နေသည့် တရုတ်၏ထုတ်ကုန်ပစ္စည်းများအပေါ် သက်ရောက်မှုရှိကြောင်း၊ သို့သော် ဗီယက်နမ်၏ ရော်ဘာလုပ်ငန်းကဏ္ဍအပေါ် မည်သို့သော အကျိုးသက်ရောက်မှုရှိမည်ကိုမူ ရှင်းရှင်းလင်းလင်း မသိနိုင်သေးကြောင်း သိရှိရပါသည်။

## ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဝါးလုံးများတင်ပို့

အောက်တိုဘာနောက်ဆုံးပတ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၆၁၇ တန်ဖိုးရှိ ဝါးလုံးအကြီး တန် ၂၀ တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ဝါးတင်ပို့မှုမရှိဘဲ အောက်တိုဘာလတစ်လလုံး ဝါးလုံးအကြီး တန် ၇၀ နဲ့ ဝါးလုံးအသေး ၅၀၀ ကီလိုဂရမ်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း၊ ဝါးလုံးအကြီး တစ်တန်ရဲ့လိုင်စင်ဈေးမှာ အမေရိကန်ဒေါ်လာ ၈၀၊ဝါးလုံးအသေးတစ်တန် လိုင်စင်ဈေးမှာ အမေရိကန်ဒေါ်လာ ၃၀ ရှိကြောင်း၊ မောင်တောဆိပ်ကမ်းမှတစ်ဆင့် ဝါးဖောင်များဖွဲ့ပြီး တစ်ဖက်နိုင်ငံသို့ တင်ပို့ကြကြောင်း သိရပါတယ်။

**မော်မော်အောင်**

## အောက်တိုဘာလအတွင်း တရုတ်နိုင်ငံသို့သကြားတန်ချိန်လေးသောင်းကျော်တင်ပို့

အောက်တိုဘာနောက်ဆုံးပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၅၄ သန်းတန်ဖိုးရှိ Re-export သကြား ၇၄၂၄ တန် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၃၅၉၉တန်နဲ့နှိုင်းယှဉ်ပါက ၃၈၂၅ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က သကြားတစ်တန်လျှင် ကျပ် ၁၀၃၀၂၅၀ရှိရာမှ အောက်တိုဘာ ၂၀ ရက်မှ ၂၆ ရက်အတွင်း ကျပ်၁၀၂၀၅၀၀သို့ ဈေးအနည်းငယ် ကျဆင်းခဲ့ကြောင်း၊ အောက်တိုဘာတစ်လလုံး Re-export သကြားတန်ချိန် ၄၈၀၀၀ ခန့် တင်ပို့နိုင်ခဲ့ကြောင်း စခန်းရဲ့စာရင်းများအရ သိရပါတယ်။

**မော်မော်အောင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၂-၁၁-၂၀၁၈)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၈၀၀ | ၅၈၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၆၅၀၀ | ၆၅၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| မန္တလေး | ၅၈၀၀ | ၅၈၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ပဲခူး | ၅၈၀၀ | ၅၈၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၂၀၀၀ | ၁၉၀၀ | ▽ |
| မကွေး | ၆၀၀၀ | ၆၀၀၀ | □ | ၆၅၀၀ | ၆၅၀၀ | □ | ၁၇၈၀ | ၁၉၀၀ | △ |
| မုံရွာ | ၅၅၀၀ | ၅၅၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂-၁၁-၂၀၁၈ US$/Ton

| အမျိုးအစား | အောက်တိုဘာတတိယပတ် | အောက်တိုဘာစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၃၉.၀၀ | ၅၁၂.၅၀ | ▽ |
| RBD P.Olein | ၅၃၆.၅၀ | ၅၁၉.၀၀ | ▽ |
| RBD P.Stearin | ၅၁၈.၀၀ | ၅၀၆.၅၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂-၁၁-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၄၈.၅၀ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၆၂ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၂၄ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၀၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၈၃.၀၆ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၂.၃၁ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၆၉ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၅၉၆.၂၄၃ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၂-၁၁-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max 565 ဒေါ်လာနှင့် USD ဈေး ၁၅၆၉ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၂-၁၁-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၆၉ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ဈေးကွက်ဝင် တွက်ခြေကိုက်၍ ပိုမိုစိုက်ပျိုးလာသည့် ပဲထောပတ်

မျိုးသီတာ(မြင်းခြံ)

'အညာနှင့်ပဲ ခွဲခြားမရ' ဆိုလေ့ရှိကြသည့်အတိုင်း ကျွန်မသည် အညာမှာမွေး၊ အညာမှာကြီးပြင်းသော မိဘနှစ်ပါးမှမွေးဖွားခဲ့သည့် အညာသူပီပီအညာဒေသမှထွက်ရှိသော ပဲမျိုးစုံကို နှစ်သက်မက်မောစွာ စားသုံးလေ့ရှိသူတစ်ဦးဖြစ်ပါသည်။ နေ့စဉ်ချက်ပြုတ်သော ဟင်းလျာထဲတွင်ပဲဟင်းတစ်ခွက်ကဖြင့် မပါမဖြစ် ပါမြဲဖြစ်သော ဟင်းလျာတစ်မျိုးဖြစ်ပါသည်။အဆိုပါ ပဲအမျိုးမျိုးတွင် ဆောင်းဦးရာသီဝင်လာသည်နှင့် တစ်ပြိုင်တည်းဆောင်းနှင့်အတူ ထွက်ပေါ်လာသော ထောပတ်ပဲကို အခွံချွတ်၍ ပဲနှပ်အဖြစ်လည်းကောင်း၊ ခရမ်းချဉ်သီး၊ ငါးပိနှင့်ရော၍ ပဲထောပတ်ငါးပိချက်အဖြစ်လည်းကောင်း၊ ပဲကိုအခွံချွတ်၍ ပဲဟင်းဟင်းချိုအဖြစ်လည်းကောင်း၊ ထောပတ်ပဲကို အခွံချွတ် ပဲခြမ်းကြော်အဖြစ်လည်းကောင်း ချက်ပြုတ်စားသုံးလေ့ရှိပါသည်။

### သီးနှံအမည်၊ အခေါ်အဝေါ်နှင့် မူရင်းဒေသ

ထောပတ်ပဲသည် ပြည်တွင်းစားသုံးမှုသာမက ပြည်ပသို့လည်း တင်ပို့ရောင်းချနေသော ဈေးကွက်ဝင် သီးနှံတစ်မျိုးဖြစ်ပြီး ၎င်းပဲ၏မူရင်းဒေသသည်ဂွါတီမာလာမှဖြစ်ကြောင်း၊ သို့ရာတွင် မကြာမီကရသော အထောက်အထားများအရ ယင်းပဲအရွယ်အသေးများ၏ မူလဒေသမှာ မက္ကဆီကိုနိုင်ငံ၊ ပစိဖိတ်ကမ်းတောင်ခြေမှဖြစ်ပြီး ပဲအရွယ်အကြီးများ၏ မူလဒေသမှာ တောင်အမေရိကရှိ ပီရူးနိုင်ငံဖြစ်ပါသည်။ အင်္ဂလိပ်အမည်မှာ Butter Bean' 'Lima Bean' ဟုခေါ်ပါသည်။ 'Lima' သည် ပီရူးနိုင်ငံ၏ မြို့တော်နာမည်ဖြစ်ပြီး သိပ္ပံအမည်မှာ 'Phaseolus' ဖြစ်ပါသည်။ 'Phaseolus' သည် ဂရိဘာသာစကားမှဆင်းသက်လာပြီး 'လှေ၊ သဘော' ဟုအဓိပ္ပာယ်ရပါသည်။ သီးတောင့်မှာ လှေပုံသဏ္ဍာန်ရှိသောကြောင့်ဖြစ်ပါသည်။ ထောပတ်ပဲကို အချို့ဒေသတွင်'မြီးတောက်ပဲ'ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြကြောင်း လေ့လာသိရှိရပါသည်။

### ပျံ့နှံ့ပေါက်ရောက်ရာဒေသ

ထောပတ်ပဲသည်မူရင်းဒေသနှစ်ခုဖြစ်သော ဂွါတီမာလာနှင့် ပီရူးနိုင်ငံများမှ အပူပိုင်းဒေသများသို့ ပျံ့နှံ့လာပြီး ယခုအခါ အမေရိကန်အလယ်ပိုင်း၊ အမေရိကန်နှင့် ကနေဒါနိုင်ငံတို့တွင် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပါသည်။ ထို့နောက် ထောပတ်ပဲကို စပိန်သင်္ဘောသားများက ဖိလစ်ပိုင်နိုင်ငံသို့ သယ်ယူဖြန့်ဖြူးခဲ့ပြီး ယင်းမှတစ်ဆင့် အာရှတိုက်သို့ ပျံ့နှံ့ခဲ့ပါသည်။

### စိုက်ပျိုး၊ ရိတ်သိမ်းကာလနှင့် မြေအမျိုးအစား

ထောပတ်ပဲသီးနှံများကိုမိုး၊ ဆောင်းနှစ်မျိုးစိုက်ပျိုးကြ၍ ထောပတ်ပဲ(မိုး)ကို ဇွန်လ၊ ဇူလိုင်လတွင် စတင်စိုက်ပျိုးကြပြီး အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် လည်းကောင်း၊ ထောပတ်ပဲ(ဆောင်း)ကို အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင်စိုက်ပျိုးကြပြီး ဇန်နဝါရီလ၊ ဖေဖော်ဝါရီလများတွင် ရိတ်သိမ်းကြပါသည်။ ထောပတ်ပဲသည်နုန်းမြေ၊ စနယ်မြေနှင့်မြေပွမျိုးများတွင်စိုက်ပျိုးဖြစ်ထွန်းပြီး ရေစီးရေလာကောင်းသော မြေများတွင်လည်း စိုက်ပျိုးနိုင်ပါသည်။ မိုးအနည်းငယ်ရရှိရုံဖြင့် စိုက်ပျိုးနိုင်သော သီးနှံလည်းဖြစ်ပါသည်။ ထောပတ်ပဲ၏ သက်တမ်းမှာ ၁၂၀ ရက်ခန့် ရှိပါသည်။

### အာဟာရဓာတ်နှင့် ဟိုက်ဒြိုဂျင်ဆိုင်ယနိုက်

ထောပတ်ပဲသီးနှံတွင် ပရိုတင်း ၁၆ ဂရမ်၊ ထုံးဓာတ် ၂၁၀ ဂရမ်၊ သံဓာတ် ၈ ဒသမ ၆ ဂရမ်နှင့် အခြား အာဟာရဓာတ်များ ကြွယ်ဝစွာပါဝင်သော



သီးနှံတစ်မျိုးဖြစ်ပါသည်။ သို့ရာတွင် ထောပတ်ပဲ၌ သဘာဝအလျောက် ဟိုက်ဒြိုဂျင်ဆိုင်ယနိုက်ဓာတ်ပါဝင်သောကြောင့် ၎င်းဓာတ်ပါဝင်မှုနှုန်း မြင့်မားပါက အဆိပ်အတောက်ဖြစ်စေပါသည်။ ထောပတ်ပဲကို မကြာခဏ ကိုင်တွယ်ရွှေ့ပြောင်းခြင်း၊ ကြာရှည်သိုလှောင်ခြင်း၊ ပွန်းပဲ့ထိခိုက်မိခြင်း၊ ပိုးမွှားဖျက်ဆီးခြင်းတို့ကြောင့်လည်း ဆိုင်ယနိုက်အဆိပ်ဖြစ်ပေါ်စေပါသည်။ ထောပတ်ပဲကို ပြည်ပသို့ တင်ပို့ရောင်းချရာတွင် ဟိုက်ဒြိုဂျင်ဆိုင်ယနိုက်ပါဝင်မှုသည် အရေးကြီးသော စံချိန်စံညွှန်းတစ်ရပ်အဖြစ်အထူးဂရုပြုသင့်ပါသည်။ မြန်မာ့ထောပတ်ပဲ၏ အဓိကဈေးကွက်မှာ ဂျပန်နိုင်ငံဖြစ်ပြီး ဈေးကောင်းပေးဝယ်လေ့ရှိကာ ဟိုက်ဒြိုဂျင်ဆိုင်ယနိုက်ပါဝင်မှုကိုမူ အထူးတင်းကျပ်ထား၍ HCN သတ်မှတ် စံချိန်စံညွှန်းထက်ကျော်လွန်ပါက အရောင်းအဝယ်မဖြစ်ကြောင်း သိရှိရပါသည်။

### အဓိက တင်သွင်း၊ တင်ပို့သောနိုင်ငံများ

ကမ္ဘာပေါ်တွင်ထောပတ်ပဲ အဓိကတင်ပို့သောနိုင်ငံများမှာ ပီရူးနိုင်ငံ၊ မက္ကဆီကိုနိုင်ငံ၊ အီကွေဒေါ နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကနေဒါနိုင်ငံတို့ဖြစ်ပြီး ကမ္ဘာ့ထောပတ်ပဲ တင်သွင်းသည့်နိုင်ငံများမှာ ဂျပန်နိုင်ငံ၊ အီတလီနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ချီလီနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့ဖြစ်ကြပါသည်။

### စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ

၂၀၁၇-ခုနှစ်၊ ဩဂုတ်လတွင် အိန္ဒိယနိုင်ငံ၏ ပဲဝယ်ယူမှု မူဝါဒကြောင့် မြန်မာနိုင်ငံရှိ ပဲစိုက်တောင်သူများသည် ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်း၊ အစားထိုးသီးနှံအဖြစ် ပြောင်းလဲစိုက်ပျိုးရန် ထောပတ်ပဲ၊ မြေပဲ၊ နှမ်း၊ ပြောင်း၊ ကုလားပဲစသည့် ပြည်တွင်းဈေးကွက် ဝယ်လိုအားသာမက ပြည်ပသို့လည်း တင်ပို့ရောင်းချနိုင်သောသီးနှံများကို ပိုမိုစိတ်ဝင်စားလာကြသည်။

အဆိုပါပဲအမျိုးမျိုးအနက် ထောပတ်ပဲသည် ပြည်တွင်းဈေးကွက်သာမက ပြည်ပသို့လည်း တင်ပို့ရောင်းချ၍ နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနေသော ပဲသီးနှံတစ်မျိုးဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်ထောပတ်ပဲကို ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးထုတ်လုပ်ရာ (၂၀၁၇-၂၀၁၈)ခုနှစ် (မိုး၊ ဆောင်း)စိုက်ဧကစုစုပေါင်း ၁၃၇၀၀၀ ဧကကျော် စိုက်ပျိုးပြီး ပျမ်းမျှအထွက် ၁၅ ဒသမ ၄၂ တင်းနှုန်းဖြင့်အထွက် တင်းပေါင်း ၂၁ သိန်းကျော် ထွက်ရှိခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီးတွင် (မိုး၊ဆောင်း) စိုက်ဧကစုစုပေါင်း ၄၉၀၀၀ ဧကကျော်စိုက်ပျိုးပြီး ပျမ်းမျှအထွက်နှုန်း ၁၁ ဒသမ ၇၄ တင်းဖြင့် ၅၇၈၀၀၀ တင်းကျော်ထွက်ရှိခဲ့ပြီး ထောပတ်ပဲ အများဆုံး စိုက်ပျိုးထွက်ရှိရာ တိုင်းဒေသကြီးဖြစ်ပါသည်။ မကွေးတိုင်းဒေသကြီးသည် ထောပတ်ပဲ ဒုတိယအများဆုံး စိုက်ပျိုးထွက်ရှိရာဒေသဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးသည် တတိယအများဆုံး စိုက်ပျိုးထွက်ရှိရာဒေသဖြစ်ပါသည်။ ထောပတ်ပဲ အများဆုံးထွက်ရှိသော မန္တလေးတိုင်းဒေသကြီး၌ မြင်းခြံခရိုင်သည် ထောပတ်ပဲအများဆုံးစိုက်ပျိုးထွက်ရှိရာဒေသလည်းဖြစ်ပါသည်။ မြင်းခြံခရိုင်တွင် (၂၀၁၇-၂၀၁၈) ခုနှစ် ထောပတ်ပဲ(မိုး၊ဆောင်း) စိုက်ဧက ၁၇၉၄၁ ဧကဖြစ်ပြီး တစ်ဧကပျမ်းမျှအထွက်နှုန်း ၁၀ ဒသမ ၅၄ တင်းဖြင့်အထွက်တင်းပေါင်း ၁၈၉၀၆၃ တင်းကျော် ထွက်ရှိပါသည်။ မြင်းခြံခရိုင်တွင် ၂၀၁၈-၂၀၁၉ ခုနှစ်မိုးထောပတ်ပဲ လျာထားဧက ၁၁၆၉၀ ဧကလျာထားခဲ့ရာ အမှန်စိုက်ဧက ၂၄၀၂၃ ဧကစိုက်ပျိုးခဲ့ရာ လျာထားဧကထက် ၁၂၃၀၀ ဧကကျော် ပိုမိုစိုက်ပျိုးခဲ့ပါသည်။

### တစ်ဧကပျမ်းမျှအထွက်နှုန်းနှင့်မျိုးလိုအပ်ချက်

ကမ္ဘာပေါ်တွင် ထောပတ်ပဲအထွက်နှုန်းမှာ ၃ တင်းမှ ၅၀ တင်းအတွင်းထွက်ရှိပြီး အိန္ဒိယနိုင်ငံတွင် ၄ တင်းခန့်၊ အမေရိကနိုင်ငံတွင် ၄၀ တင်းမှ ၅၀ တင်းခန့်၊ နိုင်ဂျီးရီးယားနိုင်ငံတွင် စမ်းသပ်စိုက်ပျိုးရာ၌ ၃၉ တင်းခန့်ထွက်ရှိပြီး မြန်မာနိုင်ငံတွင် ၄ ဒသမ ၅ တင်းမှ ၂၅ တင်းခန့်အတွင်း ထွက်ရှိပါသည်။ တစ်ဧကအထွက်နှုန်းမှာ အရပ်ဒေသ၊ ရေမြေ၊ ရာသီဥတုအလျောက် ကွာခြားပါသည်။ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးရှိ ပွင့်ဖြူမြို့နယ်တို့တွင် တစ်ဧကလျှင် ထောပတ်ပဲ ၈ တင်းမှ ၁၂ တင်းခန့် ထွက်ရှိပါသည်။ သို့သော် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါဒေသများတွင် ၂၅ တင်းခန့်အထိ ထွက်ရှိပါသည်။ ထောပတ်ပဲ စိုက်ပျိုးရန်အတွက် တစ်ဧကမျိုးလိုအပ်ချက်မှာ ၆ ပြည်မှ ၈ ပြည်အတွင်းဖြစ်ပြီး မျိုးအတွက်တစ်ဧက ၆ ပြည်နှုန်းခန့် ချန်လှပ်ထားလေ့ရှိပါသည်။ မြန်မာနိုင်ငံတွင် ထောပတ်ပဲမျိုးဆက် ၈၃ အထိရှိပြီး မျိုးသန့် ၁၀ မျိုးကို စမ်းသပ်ပြုစုပျိုးထောင်လျက်ရှိပါသည်။

### တစ်ဧကကုန်စရိတ်နှင့် အကျိုးအမြတ်

ထောပတ်ပဲတစ်ဧက စိုက်ပျိုးကုန်ကျစရိတ် ၁၂၆၀၀၀ ခန့်ကုန်ကျပြီး တစ်ဧကအထွက်နှုန်း ၁၀ တင်းခန့် ထွက်ရှိပါက တစ်တင်းရောင်းရငွေ ကျပ် ၃၈၀၀၀ ဆိုပါက တစ်ဧကအကျိုးအမြတ် ကျပ် ၂၅၀၀၀၀ ခန့်ရရှိမည်ဖြစ်ပါသည်။

### ပြည်ပသို့တင်ပို့ရောင်းချခြင်းနှင့် နိုင်ငံခြားဝင်ငွေရရှိမှု

မြန်မာနိုင်ငံ၏ ထောပတ်ပဲ အဓိကတင်ပို့ရောင်းချသည့်နိုင်ငံမှာ ဂျပန်နိုင်ငံဖြစ်ပြီး ဂျပန်ဈေးကွက်တွင် ထောပတ်ပဲကို ပဲယိုလုပ်ငန်းတွင် အဓိကအသုံးပြုကြောင်း သိရှိရပါသည်။ မြန်မာ့ထောပတ်ပဲကို ဂျပန်နိုင်ငံအပြင် တရုတ်၊ ဒိန်းမတ်၊ စင်္ကာပူ၊ ကိုရီးယား၊ မလေးရှား၊ ထိုင်ဝမ်၊ ဗီယက်နမ်နိုင်ငံများသို့လည်း တင်ပို့ရောင်းချခဲ့ပါသည်။ မြန်မာ့ထောပတ်ပဲကို အမေရိကန်နိုင်ငံမှ ဘေဘီလိုင်းမားပဲနှင့် ယှဉ်ပြိုင်ဝယ်ယူ တင်သွင်းကြောင်း သိရှိရပါသည်။

ထောပတ်ပဲပြည်ပတင်ပို့နိုင်မှုနှင့် နိုင်ငံခြားဝင်ငွေရရှိမှု အခြေအနေများကို လေ့လာကြည့်လျှင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၆၃၈၉ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃၅၇ သန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၄၀၇၆ တန်၊ တန်ဖိုးအားဖြင့်အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃၈၅ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၄၃၄၃ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၅၇၅ သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၈၅၃၃ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၃၉၆ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၉၄၇၅ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၉၁၈ သန်း ခန့်သာရရှိခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တင်ပို့တန် ချိန် ၂၃၃၂၆၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၁၈၇ သန်းသာရရှိခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဩဂုတ်လအထိ တင်ပို့တန်ချိန် ၉၁၀၆၊ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၇၂ သန်းသာ ရရှိခဲ့ပါသည်။

### ဈေးနှုန်း၊ ဈေးကွက် အခြေအနေ

ထောပတ်ပဲသည် လက်ရှိကာလတွင် အဟောင်းများ ရှားပါးလာသည့်အတွက် ဈေးနှုန်းမြင့်တက်လျက်ရှိပါသည်။ ဆောင်းထောပတ်ပဲများ အနေဖြင့် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလများတွင် စတင် ပေါ်ထွက်လာမည်ဖြစ်ပြီး မတ်လတွင်းမှသာ ဈေးကွက်အတွင်းသို့ လှိုင်လှိုင်ဝင်ရောက်လာမည်ဖြစ်ပါသည်။ မြင်းခြံမြို့မှ ထောပတ်ပဲကုန်သည် ဦးခင်မောင်မြင့်မှ "ယခုထောပတ်ပဲ လက်ကျန်မရှိတော့ပါဘူး၊ ပြီးခဲ့တဲ့လလောက်က မြင်းခြံဘက်မှာ ထောပတ်ပဲ အလတ်တစ်ပိဿာ ကျပ် ၂၇၀၀ နှုန်းလောက်ဈေးပေါက်ပါတယ်။

တောင်သူတွေက ထောပတ်ပဲကိုစိုက်ပြီးကုန်ပါပြီ၊ ဒီနှစ်ပဲစင်းငုံအစား ထောပတ်ပဲကို ပိုမိုစိုက်လာကြပါတယ်၊ ထောပတ်ပဲအစိုက်တိုးလာပါတယ်၊

စာမျက်နှာ ၂၇ သို့

# ယှဉ်ပြိုင်အားသာချက် ကိုယ်စီရှိသော အာဆီယံနိုင်ငံများ

**သိန်းမြင့်ဝေ**

အရှေ့တောင်အာရှနိုင်ငံများသည် အစားအသောက်များ ချက်ပြုတ်ရောင်းချသောနေရာ (Cooked food centre) နှင့် ဆင်တူပါသည်။ အစားအသောက်များ ချက်ပြုတ်ရောင်းချသော နေရာကို Hawker centre ဟူ၍လည်း ခေါ်ဆိုသည်။ Hawker centre များကို ဈေးဝယ်စင်တာများ၊ Shopping Mall များနှင့် Plaza များတွင် တွေ့ရလေ့ရှိသည်။ Hawker Centre တွင် အစားအသောက်ဆိုင်ခန်းငယ်ဖွင့်လှစ်ရောင်းချသူများသည် တစ်နေရာတည်းတွင် စုပေါင်းရောင်းချရသကဲ့သို့ ပြိုင်ဆိုင်ရောင်းချရသည်များလည်း ရှိသည်။ ထိုကဲ့သို့ စုပေါင်းပြိုင်ဆိုင်ရောင်းချရသော်လည်း ဆိုင်ခန်းငယ်တစ်ခုချင်းသည် တစ်မယ်ကောင်းကို ရောင်းချကြပါသည်။ တစ်နေရာတည်းတွင် တစ်မယ်ကောင်းစီရောင်းချသော ဆိုင်ခန်းများစွာရှိခြင်းက စားသုံးသူများကို ပိုမိုဆွဲဆောင်ရာရောက်သည်။

Hawker Centre များနည်းတူပင် နိုင်ငံများသည်လည်း စီးပွားရေးပေါင်းစည်းခြင်း (Economic integration) နှင့် နိုင်ငံစုံကုန်သွယ်မှု (Multilateral trade) မှ ကောင်းကျိုးများခံစားနိုင်ရေး စဉ်းစားရန်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် လက်ရှိအချိန်ကာလတွင် နိုင်ငံများသည် ကုန်သွယ်ရေးသဘောထားကွဲလွဲမှုများမှ တစ်ဆင့် ကိုယ်ကျိုးစီးပွားကာကွယ်သည့်ကုန်သွယ်ရေးအစီအမံများ (Protectionist measures) ကို ပိုမိုကျင့်သုံးလာသောကြောင့် ဖြစ်သည်။ ထို့ကြောင့် အရှေ့တောင်အာရှရှိ နိုင်ငံများသည် မိမိတို့တစ်နိုင်ငံချင်းစီတွင် ရှိသော ကိုယ်ပိုင်ယှဉ်ပြိုင် အားသာချက်များ (Competitive advantages) ကို အတူတကွရှာဖွေပြီး အသုံးချရမည်ဖြစ်သည်။

အစားအသောက် စားသုံးရန် Hawker Centre သို့ သွားရောက်သောသူသည် အစားအသောက်တစ်မျိုးတည်းကိုပင် နေ့စဉ်စားသုံးမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ဆိုင်တစ်ဆိုင်ချင်းစီတွင် မတူညီသော အထူးပြုရောင်းချသည့် တစ်မျိုးကောင်း၊ တစ်မယ်ကောင်း အစားအသောက်များ ရောင်းချလျက်ရှိသောကြောင့် ဖြစ်သည်။ ထို့ကြောင့် စားသုံးသူသည် တစ်ဆိုင်တည်းတွင် တစ်မယ်တည်းကို နေ့စဉ်စားသုံးမည် မဟုတ်ဘဲ အခြားဆိုင်များတွင်ရှိသော အစားအသောက်များကိုလည်း ပြောင်းလဲစားသုံးမည်ဖြစ်သည်။

ထိုနည်းတူစွာပင် အာဆီယံနှင့် အာရှဒေသ၏ စီးပွားရေးကိုလည်း ရှုမြင်နိုင်သည်။ အာဆီယံနှင့် အာရှဒေသရှိ နိုင်ငံအသီးသီးသည် ကွဲပြားသော နယ်ပယ်များတွင် ကုန်စည်နှင့် ဝန်ဆောင်မှုများကို အထူးပြုဖောက်ချ ထုတ်လုပ်လျက်ရှိသည်။ ထိုကဲ့သို့ ထုတ်လုပ်လျက်ရှိသော ဒေသကြီးတစ်ခုလုံးသည် ဒေသတွင်းနှင့် နိုင်ငံတကာ လုပ်ငန်းရှင်များကို ဆွဲဆောင်လျက်ရှိပါသည်။ ထို့ကြောင့် အရှေ့တောင်အာရှနှင့် အာရှဒေသသည် ကမ္ဘာ့တစ်ဝန်းမှ ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုသင့်ပါသည်။ ရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုရာတွင် အမေရိကန်၊ ဥရောပနှင့် ဂျပန်ကဲ့သို့သော ပုံမှန်ရင်းနှီးမြှုပ်နှံသော နိုင်ငံများ (Traditional sources)၊ တရုတ်နှင့် အိန္ဒိယကဲ့သို့သော စီးပွားရေးထွန်းသစ်စနိုင်ငံများ (Emerging economies) နှင့် အာဆီယံဒေသတွင်းရှိနယ်စပ်ဖြတ်ကျော်



ရင်းနှီးမြှုပ်နှံမှုများ (Cross-border investments) ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

လွန်ခဲ့သောနှစ်ပေါင်း ၅၀ အတွင်း စင်ကာပူနိုင်ငံ၏ စီးပွားရေးတိုးတက်လာပုံကို လေ့လာရာတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို လွတ်လပ်ခွင့်ပြုခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ အထူးသဖြင့် ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှု (Globalization) ကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း လက်ရှိအချိန်တွင် Globalization ကြောင့် နိုင်ငံအများစုသည် ကုန်သွယ်ရေးစစ်ပွဲ၏ ရိုက်ခတ်မှုကို ခံစားနေရသည်။ ထို့ကြောင့် Globalization ကို လက်ခံကျင့်သုံးထောက်ခံရမည်ဖြစ်သော်လည်း ယင်း၏ ဘေးထွက်ဆိုးကျိုးများအတွက် စောင့်ကြည့်ကာကွယ်ရန် လိုအပ်ကြောင်း တွေ့ရပါသည်။

နိုင်ငံများသည် ကုန်သွယ်ရေးသဘောထားကွဲလွဲမှုများရှိပါက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကဲ့သို့ နိုင်ငံစုံ ကုန်သွယ်ရေးအစီအစဉ်များ (Multilateral platforms) ကို အသုံးချဖြေရှင်းသင့်ပါသည်။ အထူးသဖြင့် အမေရိကန်နှင့် တရုတ်နိုင်ငံကြားတွင် ဖြစ်ပွားလျက်ရှိသော ကုန်သွယ်ရေးတင်းမာမှုများကို နိုင်ငံစုံကုန်သွယ်ရေး အစီအစဉ်များဖြင့် ဖြေရှင်းသင့်သည်။ ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးစစ်ပွဲ (Global trade war)နှင့် ပတ်သက်သည့် သဘောထားကွဲလွဲမှု သို့မဟုတ် ပဋိပက္ခများကို မထိန်းချုပ်၊ မဖြေရှင်းနိုင်ပါက နိုင်ငံတိုင်းအတွက် ဆိုးကျိုးသက်ရောက်မည်ဖြစ်သည်။ ကုန်သွယ်ရေးစစ်ပွဲကို စတင်ခဲ့သော နိုင်ငံများအပါအဝင် နိုင်ငံအားလုံး ဆိုးကျိုးခံစားရမည်ဖြစ်ပါသည်။

ကုန်သွယ်ရေးစစ်ပွဲနှင့် ပတ်သက်၍ ထဲထဲဝင်ဝင် လေ့လာနေသော စီးပွားရေးပညာရှင်အများစုက အကောက်ခွန်တိုးမြှင့်ကောက်ခံခြင်းနှင့် လက်တုံ့ပြန်သော အစီအမံများသည် မှန်ကန်သော ဖြေရှင်းနည်း မဟုတ်ကြောင်း အကြံပြုထောက်ပြပါသည်။ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံငယ်များအတွက် စည်းမျဉ်းစည်းကမ်းအခြေခံသော နိုင်ငံစုံကုန်သွယ်မှုစနစ် (Rule-based multilateral system) သည် အကျိုးရှိဆုံးနည်းလမ်း သို့မဟုတ် စိတ်ကျေနပ်စရာ အကောင်းဆုံး ရွေးချယ်မှု (Best bet) ဖြစ်ပါသည်။ အာဆီယံနိုင်ငံများအနေဖြင့်လည်း အဆိုပါ နိုင်ငံစုံကုန်သွယ်မှုစနစ်ကိုကာကွယ်အားပေးထောက်ခံရန် လိုအပ်သည်။

**အားကောင်းသောအထောက်အပံ့**

အာဆီယံသည် ဒေသဆိုင်ရာ စီးပွားရေးပေါင်းစည်းမှုအတွက် အားကောင်းသော အထောက်အပံ့ရှိပါသည်။ ထို့ကြောင့် အရှေ့တောင်အာရှနိုင်ငံများသည် အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Commumity-AEC) ကို အလေးထား အကောင်အထည်ဖော်လျက်ရှိသည်။ AEC သည် အရှေ့တောင်အာရှဒေသကို ကမ္ဘာ့စီးပွားရေးနှင့် ပေါင်းစည်းရန် ထုတ်လုပ်မှုအခြေခံသည့် ဈေးကွက်အဖြစ် ဖန်တီးရန် ရည်ရွယ်ပါသည်။

အရှေ့တောင်အာရှဒေသ၏ နောက်ထပ်ခြေလှမ်းမှာ အာဆီယံနှင့် အိန္ဒိယ၊ ဂျပန်၊ တရုတ်နိုင်ငံတို့ကြား သဘောတူညီချက်ကို လက်မှတ်ရေးထိုးရန်ဖြစ်သည်။ အဆိုပါသဘောတူညီချက်မှာ ဒေသဆိုင်ရာ ဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership-RCEP) ဖြစ်သည်။ RCEP သည် အလွန်အရေးပါသော အုပ်စုဖြစ်လာနိုင်သည်။ RCEP သည် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ပါဝင်ပြီး ကမ္ဘာ့ GDP ၏ ၃၀ ရာခိုင်နှုန်းရှိပါသည်။ ဒေသဆိုင်ရာလွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်များနှင့် နှစ်နိုင်ငံ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်များသည် ပိုမိုကျယ်ပြန့်သည့် နိုင်ငံတကာ ကုန်သွယ်ရေး သဘောတူညီချက် (International trade agreement) အတွက် အရေးကြီးသော အုပ်စုများ ဖြစ်ကြပါသည်။

နိုင်ငံများသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ဒိုဟာဆွေးနွေးပွဲ (WTO Doha Round) ကို ဆက်လက် ဆောင်ရွက်ပြီး အဆုံးသတ်သင့်သည်။ ဒိုဟာ ဆွေးနွေးပွဲသည် ၂၀၀၁ ခုနှစ်မှ စတင်ကျင်းပခဲ့သော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စေ့စပ်ညှိနှိုင်းမှုများအနက် နောက်ဆုံးဆွေးနွေးပွဲဖြစ်သည်။ အဆိုပါ ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ ကုန်သွယ်မှုအဟန့်အတားများ လျှော့ချရန်နှင့် ကုန်သွယ်ရေး စည်းမျဉ်းစည်းကမ်းများ ပြန်လည် ပြင်ဆင်ရန်ဖြစ်သည်။

ဒေသဆိုင်ရာနှင့် နှစ်နိုင်ငံလွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်များကို ချုပ်ဆိုရန်အတွက် နိုင်ငံများသည် မိမိတို့နိုင်ငံ၏ စီးပွားရေးပုံသဏ္ဌာန်ကို မည်သို့ပြောင်းလဲသင့်သည်၊ မည်ကဲ့သို့ပူးပေါင်းသင့်သည်၊ ပဋိပက္ခကို မည်သို့ပိုမိုကောင်းမွန်အောင် ဖြေရှင်းသင့်သည် ဟူ၍ ထည့်သွင်းစဉ်းစားရပါသည်။ တရုတ်နိုင်ငံက အကောင်အထည်ဖော်လျက်ရှိသော ရပ်ဝန်းနှင့် လမ်းအစီအစဉ် (Belt and Road Initiative-BRI) သည် ကောင်းမွန်သော စီမံကိန်းဖြစ်သည့်အပြင် အကြံကောင်း၊ ဉာဏ်ကောင်းများလည်း စုစည်းပါဝင်နေသည်။ ထို့ကြောင့် BRI ကို အကောင်အထည်ဖော်သင့်သည်။ သို့သော် မလိုလားအပ်သော ကုန်ကျစရိတ်များ မရှိသင့်ပေ။

**Soruce: CNA**

## မြဝတီကုန်သွယ်ရေးဇုန်တွင် ITC Card ဖြင့် ကုန်သွယ်မှုလိုင်စင် ထုတ်ပေးခြင်းအား Online စနစ်ဖြင့် ဆောင်ရွက်နိုင်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနသည် ဒေသခံတိုင်းရင်းသားများ ရိုးရှင်းလွယ်ကူစွာ ကုန်သွယ်မှုဆောင်ရွက်နိုင်ရန်၊ တရားမဝင် ကုန်သွယ်မှုများ တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိပြီး ကုန်သွယ်မှုပမာဏတိုးမြှင့်လာစေရန်နှင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အခများ တိုးတက်ရရှိစေရန် ရည်ရွယ်၍ ကုမ္ပဏီတည်ထောင်ရန် မလိုသော တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် Individual Trading Card (ITC) ဖြင့် ကုန်သွယ်မှုပြုခြင်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ စ၍ ခွင့်ပြုပေးလျက်ရှိပါသည်။

မြဝတီကုန်သွယ်ရေးဇုန်တွင် ပို့ကုန်/သွင်းကုန် လိုင်စင်များထုတ်ပေးခြင်းကို Border Trade Online System (BTOS) စနစ်ဖြင့် ၂၀၀၇ ခုနှစ်မှ စတင်၍ ဆောင်ရွက်နိုင်ခဲ့သော်လည်း၊ ITC Card များ ထုတ်ပေးခြင်း၊ ITC ဖြင့် လိုင်စင်ထုတ်ပေးခြင်းတို့အား ယခင်က Manual လုပ်ငန်းစဉ်များဖြင့်သာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခုအခါ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ စတင်၍ ITC Card ထုတ်ပေးခြင်း၊ ICT Card ဖြင့် လိုင်စင်ထုတ်ပေးခြင်းတို့အား Online (Computerized System) ဖြင့် ဆောင်ရွက်ပေးနိုင်ပြီဖြစ်ပါသည်။

မြဝတီကုန်သွယ်ရေးဇုန်တွင် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၄ ရက်မှ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃၁ ရက်အထိ ITC Card ထုတ်ပေးမှုအနေဖြင့် ၂၄၇ ကတ်ရှိခဲ့ပြီး၊ ပယ်ဖျက် ၄၁ ကတ်ဖြစ်သည့်အတွက် စုစုပေါင်း ၂၀၆ ကတ် ထုတ်ပေး နိုင်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်အောက်တိုဘာလအတွင်း တွင် Online Registration ဖြင့် ITC Card မှတ်ပုံတင်မှု (၅) စောင်ရှိခဲ့ပြီး၊ ITC Card ဖြင့် သွင်းကုန်လိုင်စင်ထုတ်ပေးမှု ၁၇၃ စောင် တန်ဖိုး ကျပ် ၂၂၀၉ သန်းဖြစ်ကာ အဓိကတင်သွင်းသောအမယ်များမှာ မော်တော်ဆိုင်ကယ်များ ဖြစ်ပါသည်။

မြဝတီကုန်သွယ်ရေးဇုန်တွင် ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်း လိုင်စင်ခွင့်ပြုထုတ်ပေးမှုအနေဖြင့် ပို့ကုန်လိုင်စင် ၉ စောင်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၁၇ သန်း၊ သွင်းကုန်လိုင်စင် ၃၅၂ စောင်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅၅၁ သန်း ဖြစ်ပါသည်။ သို့ဖြစ်၍ ၂၀၁၈ အောက်တိုဘာလအတွင်း ကုန်သွယ်ရေးဦးစီးဌာန မြဝတီကုန်သွယ်ရေးဇုန် မှ သွင်းကုန်လိုင်စင်ပေါင်း ၃၅၂ စောင် ခွင့်ပြုထုတ်ပေးခဲ့သည့်အနက် ITC ဖြင့် သွင်းကုန် လိုင်စင် လျှောက်ထားမှုသည် ၁၇၃ စောင်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၄၁ သန်းဖြစ်သည့် အတွက် ITC Card ဖြင့် လုပ်ငန်းဆောင်ရွက်မှုသည် ၁၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ဝင်းပပသူ (မြဝတီ)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃၀ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် အောက်တိုဘာနောက်ဆုံးပတ်အတွင်းဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၅ နိုင်ငံရှိ၍ဂျော်ဂျီယာနိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် ၆ ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဓာတ်ဆီဈေးနှုန်း တည်ငြိမ်သည့် နိုင်ငံ ၅၇ နိုင်ငံရှိပြီး အာဂျင်တီးနား၊ ဘရာဇီး၊ တရုတ်၊ ကိုလံဘီယာ၊ ချက်သမ္မတနိုင်ငံ၊ အစ္စရေး၊ ကူဝိတ်၊ မလေးရှား၊ မက္ကဆီကို၊ နီပေါ၊ ပါကစ္စတန်၊ ပိုလန်၊ ကာတာ၊ ရုရှား၊ တောင်အာဖရိက၊ တောင်ကိုရီးယား၊ သီရိလင်္ကာ၊ ထိုင်ဝမ်၊ ယူကရိန်း၊ အာရပ်စော်ဘွားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့ပါဝင်၍ ၎င်းနိုင်ငံများသည် ယခင်တစ်ပတ် ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံအနေဖြင့် ၃၉ နိုင်ငံရှိ၍ ကနေဒါ၊ နယူးဇီလန်၊ အိန္ဒိယ၊ ဒိန်းမတ်၊ ဖိလစ်ပိုင်၊ ဆွီဒင်၊ နယ်သာလန်၊ ဂျာမနီ၊ အိုင်ယာလန်၊ ဟောင်ကောင်၊ စင်ကာပူ၊ ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ ထိုင်း၊ ပေါ်တူဂီ၊ ခရိုအေးရှား၊ အမေရိကန်၊ ဩစတြေးလျ၊ ဂရိ၊ ဂျပန်၊ UK၊ အီတလီ၊ နော်ဝေ၊ စပိန်နိုင်ငံတို့ပါဝင်ပြီး ယခင်တစ်ပတ်ဈေး နှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၃ ဒသမ ၂၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်းနှင့် ဥရောပနိုင်ငံ အများစုတွင် ဓာတ်ဆီဈေးနှုန်း ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဖိလစ်ပိုင် နိုင်ငံသည် ၁ ဒသမ ၆၀ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၂၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် သုည ဒသမ ၉၀ ရာခိုင်နှုန်း အသီးသီးဈေးနှုန်းကျဆင်းခဲ့ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံတွင် ၁ ဒသမ ၄၀ ရာခိုင်နှုန်း၊ လာအိုနိုင်ငံတွင် ၄ ဒသမ ၄၀ ရာခိုင်နှုန်းအသီးသီးဈေးနှုန်းမြင့်တက်ခဲ့ကြောင်းနှင့် ကျန်ရှိသော အာဆီယံနိုင်ငံတို့တွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရပါ သည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃၀ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် အောက်တိုဘာလ နောက်ဆုံးပတ်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၀ နိုင်ငံရှိခဲ့၍ ပီရူးနိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် ၅ ဒသမ ၂၀ ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဒီဇယ်ဈေးနှုန်းတည်ငြိမ်သည့် နိုင်ငံများသည် အာဂျင်တီးနား၊ ဘယ်လ်ဂျီယံ၊ တရုတ်၊ ကိုလံဘီယာ၊ ခရိုအေးရှား၊ ဒိန်းမတ်၊ အိုင်စ်လန်၊ အစ္စရေး၊ ကူဝိတ်၊ မလေးရှားစသည့်နိုင်ငံများ အပါအဝင် ၃၂ နိုင်ငံရှိပြီး ၎င်းနိုင်ငံများသည် ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံအနေဖြင့် ၁၉ နိုင်ငံရှိပြီး အိန္ဒိယ၊ စင်ကာပူ၊ ဟောင်ကောင်၊ ပေါ်တူဂီ၊ ပြင်သစ်၊ နယ်သာလန်၊ ဂျာမနီ၊ အိုင်ယာလန်၊ နယူးဇီလန်၊ ဖိလစ်ပိုင်၊ ကနေဒါ၊ ဂရိ၊ ဂျပန်၊ အမေရိကန်၊ ဩစတြေးလျ စသည့်နိုင်ငံတို့ဖြစ်ကာ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၂၀ ရာခိုင်နှုန်းမှ ၂ ဒသမ ၅၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃၀ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် အင်ဒိုနီးရှားနိုင်ငံတွင် သုည ဒသမ ၈၀ ရာခိုင်နှုန်း၊ လာအိုနိုင်ငံတွင် ၄ ဒသမ ၇၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း၊ စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၃၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၂ ဒသမ ၈၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၅၀ ရာခိုင်နှုန်းဈေးနှုန်းကျဆင်းခဲ့ ကြောင်းနှင့် ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိတည်ငြိမ်နေသည်ကို လေ့လာတွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃၀ ရက်နေ့တွင်ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၆၈ | ၀.၆၈ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇ | ၀.၈ |
| ၃ | ထိုင်း | လီတာ | ၁.၁၂ | ၀.၉၀ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၆ | ၀.၈ |
| ၅ | စင်ကာပူ | လီတာ | ၁.၆၃ | ၁.၂၉ |
| ၆ | မလေးရှား | လီတာ | ၀.၅၃ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၁၁ | ၀.၉၂ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၀၉ | ၀.၉၈ |
| ၉ | လာအို | လီတာ | ၁.၂၇ | ၁.၀၂ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက Food and Agriculture Organization of the United Nations ၏ အစီရင်ခံစာများအရ ၂၀၁၈ခုနှစ်၊ အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သောဈေးနှုန်းများမှာ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၃ ဖြင့် လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၂ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၀ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၇ ဖြင့် လည်းကောင်း ရှိခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၃ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၈ ဖြင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၀ ဖြင့် လည်းကောင်း၊ ဗီယက်နမ်နိုင်ငံတွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၄ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၂ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

လွန်ခဲ့သောရက်ပိုင်းအနည်းငယ်တွင် ကမ္ဘောဒီးယားနိုင်ငံကို အီးယူမှ ကုန်သွယ်မှုအထူးအခွင့်အရေး ရုပ်သိမ်းခဲ့ကြောင်း သိရှိရပါသည်။ ကမ္ဘောဒီးယားနိုင်ငံ အပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ပေးထားသည့် ကုန်သွယ်မှုအထူးအခွင့်အရေးဖြစ်သော အခွန်သက်သာခွင့် ရုပ်သိမ်းခြင်းသည် မြန်မာနိုင်ငံမှ ဆန်တင်ပို့ခွင့်အတွက် အခွင့်လမ်းကောင်းတစ်ခု ဖြစ်လာနိုင်သည်ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တွဲဖက်အတွင်းရေးမှူးက ပြောကြားခဲ့ပါသည်။ သို့သော် ကမ္ဘောဒီးယားနိုင်ငံပြီးလျှင် မြန်မာနိုင်ငံကိုလည်း အခွန်သက်သာခွင့် အခွင့်အရေး ဆက်လက်ထားရှိရေးနှင့် ပတ်သက်ပြီး စိန်ခေါ်မှုများရှိနေခြင်းသည် မြန်မာ့ဆန်စပါးကဏ္ဍမျှော်လင့်ချက်ထားရှိရေးအတွက် စိုးရိမ်နေရသည့် အခြေအနေဖြစ်နေပါသည်။ အခွန်သက်သာခွင့်ကြောင့် မြန်မာနိုင်ငံမှ အီးယူနိုင်ငံများသို့ ပေါင်းဆန်၊ တန်းမြင့်ဆန် (အကျိုးအကြေ ၅ ရာခိုင်နှုန်း၊ ၁၀ ရာခိုင်နှုန်း၊ ၁၅ ရာခိုင်နှုန်း)နှင့် ဆန်ကွဲများ အပါအဝင် တစ်နှစ်လျှင် တန်ချိန် သုံးသိန်းမှ ငါးသိန်းအကြား တင်ပို့ ရောင်းချနေရပါသည်။ မြန်မာနိုင်ငံမှ ပြည်ပဆန်တင်ပို့မှု၏ ၁၀ ရာခိုင်နှုန်း နှင့် ၂၀ ရာခိုင်နှုန်းကို အီးယူနိုင်ငံများသို့ တင်ပို့ရသည့် ဈေးကွက်ဝေစုအဖြစ်ရယူထားခြင်းကိုလည်း ဆန်ကုန်သည်အများစုမှ လက်လွှတ်ဆုံးရှုံးရမည်ကို စိုးရိမ်နေကြကြောင်း သိရှိရပါသည်။

ထို့အပြင် အခွန်သက်သာခွင့်ဆုံးရှုံးမှုကြောင့် ကမ္ဘောဒီးယားနိုင်ငံမှ ပြောင်းရွှေ့လာနိုင်သည့် ဈေးကွက်ဝေစုအသစ်များအတွက်လည်း မြန်မာဆန်ကုန်သည်အချို့က မျှော်လင့်နေကြပါသည်။ အီးယူ၏ အခွန်သက်သာခွင့်သည် အာဆီယံ ၁၀ နိုင်ငံအတွင်း ဖွံ့ဖြိုးမှုအနိမ့်ဆုံးဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံသည် မြန်မာနိုင်ငံထက် နှစ်ပေါင်းများစွာစောပြီး ခံစားခဲ့သည့် နိုင်ငံဖြစ်သည်ကိုလည်း စီးပွားရေးလုပ်ငန်းရှင်အချို့မှ ပြောကြားခဲ့သည်ကို သိရှိရပါသည်။ မြန်မာနိုင်ငံသည် တစ်နှစ်လျှင် ဆန်တန်ချိန် ၁၄ သန်းခန့်ထုတ်လုပ်ပြီး ပြည်တွင်းစားသုံးမှုသည် တန်ချိန် ရှစ်သန်းခွဲခန့်ရှိပါသည်။ အရက်ချက်စက်ရုံများအပါအဝင် ပြည်တွင်းစက်မှု ထုတ်ကုန်များအတွက် သုံးစွဲမှုသည် ဆန်တန်ချိန်တစ်သန်းခွဲခန့် သာရှိပြီး နှစ်စဉ်ဆန်တန်ချိန် သုံးသန်းမှ လေးသန်းအထိ ပိုလျှံနေကြောင်းသိရှိရပါသည်။

မြန်မာနိုင်ငံ၏ ပြည်ပဆန်တင်ပို့မှုမှာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍတွင် ပါဝင်လာသည်။ ၂၀၁၈ခုနှစ်၏ ကြားကာလဖြစ်သည့် ဘဏ္ဍာနှစ်ခြောက်လအတွင်း ပြည်ပဆန်တင်ပို့မှုမှာ တန်ချိန် ၁ ဒသမ ၃ သန်းကျော်ရှိပြီး တရုတ်နိုင်ငံသို့ ၅၀ ရာခိုင်နှုန်းကျော် တင်ပို့ထားပါသည်။ လက်ရှိတရုတ်နိုင်ငံနယ်စပ်တွင် လုံခြုံရေးတင်းကျပ်ထားခြင်း ကြောင့် ဆန်တင်ပို့မှုလျော့နည်းနေပြီး ပင်လယ်ရေကြောင်းမှ တင်ပို့မှုများသာရှိနေပါသည်။ ထိုသို့သော အခြေအနေများတွင် အခွန်သက်သာခွင့်ဆုံးရှုံးသွားမည်ဆိုလျှင် အီးယူဈေးကွက်သို့ ဆန်တင်ပို့မှု လျော့ကျသွားပြီး လယ်ယာကဏ္ဍအတွက် ဈေးကွက်ကြီးတစ်ခု ဆုံးရှုံးရမည့်အခြေ အနေမျိုး ဖြစ်နေသည်ဟု စီးပွားရေးလုပ်ငန်းရှင်အချို့ထံမှ သိရှိရပါသည်။ အီးယူနိုင်ငံများမှ သွင်းကုန် အခွန် ၁၂ မှ ၁၃ ရာခိုင်နှုန်းအထိ သက်သာခွင့်ပြုထားသော အခွန် အထူးသက်သာခွင့်မှာ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပို့ကုန်ကဏ္ဍတွင် အခွင့်အရေးတစ်ရပ်ဖြစ်လာနိုင်ကြောင်း သိရှိရပါသည်။ ဥရောပသမဂ္ဂ(အီးယူ)နိုင်ငံများက အခွန်အထူးသက်သာခွင့်အခွင့်အရေး(GSP) ဆက်လက်ထားရှိမည်ဆိုပါက မြန်မာနိုင်ငံမှ ဆန်တင်ပို့နေသည့် ဈေးကွက်တိုးမြင့်ရရှိနိုင်သည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူအချို့က မှန်းဆနေကြကြောင်းကိုလည်း သိရှိရပါသည်။

လွန်ခဲ့သောသုံးနှစ်ခန့်ကတည်းက တရားမဝင်စပါးတင်ပို့မှုမှာ လျော့နည်းကျဆင်းသွားခြင်းမရှိဘဲ ယခုနှစ်တွင် ပိုမိုများပြားလာကြောင်း သိရှိရပါသည်။ ထို့ကြောင့် ပြည်တွင်းဆန်စပါးဈေးကွက်နှင့် ဆန်စက်လုပ်ငန်းများအတွက် လှုပ်လှုပ်ခတ်ခတ်ဖြစ်သွားစေသည့် စပါးမှောင်ခိုပို့နေခြင်းကို မည်ကဲ့သို့ထိန်းချုပ် ဆောင်ရွက်ရန် (သို့မဟုတ်) အခြားနည်းဖြင့် ဖြေရှင်းရန်အတွက် စဉ်းစားအဖြေရှာရမည့် အခြေအနေဖြစ်လာပါသည်။ တရုတ်ကုန်သည်များသည် မြန်မာနိုင်ငံမှစပါးများကို နည်းမျိုးစုံဖြင့် တရားမဝင် ဝယ်ယူနိုင်ရန် ကြိုးစားနေကြသည်မှာ လွန်ခဲ့သော သုံး၊ လေးနှစ်ခန့်ကတည်းက မြန်မာ့စပါးများကို ဝယ်ယူနေကြခြင်းဖြစ်ပါသည်။ တရုတ်ကုန်သည်များ ကိုယ်တိုင်ဝယ်နေမှုများရှိ သလို စပါးအဝယ်ကိုယ်စားလှယ်များမှတစ်ဆင့်ဝယ်ယူပြီး တရုတ်နိုင်ငံသို့ သယ်ယူနေခြင်းဖြစ်သည်ကိုလည်း သိရှိရပါသည်။ အဖမ်း အဆီးများ ရှိလာနိုင်သည့် တရားမဝင် ကုန်သွယ်မှုဖြစ်သည့်တိုင် တရုတ်ဘက်မှစပါးများကို ဈေးကောင်းပေး ဝယ်နေမှုကြောင့် ပြည်တွင်းကုန်သည်တချို့က ရှောင်ကွင်းလမ်းကြောင်းများမှတစ်ဆင့် တရုတ်နိုင်ငံသို့ ခိုးထုတ်နေခြင်းလည်းဖြစ်သည်။ ယခင်နှစ် များတွင် ပမာဏသိပ်မများသော်လည်း ယခုနှစ်တွင်မူ တရုတ်နိုင်ငံဘက်သို့ စပါးများမှောင်ခိုတင်ပို့နေသည့် ပမာဏများလာသည်နှင့်အမျှ ဆန်စပါးလောကကို ဂယက်ရိုက်ခတ်မှုများ ဖြစ်ပေါ်လာစေခဲ့သည်။ တရုတ်နိုင်ငံသို့ တင်ပို့ရန် စပါးများဈေးကောင်း ပေးဝယ်နေကြသည့်အတွက် စပါးဈေးများတက်လာမှုကိုလည်း တွေ့ရှိရပါသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ပေါ်ဆန်းစပါးများမှာ တင်း ၁၀၀ လျှင် ကျပ် ၁၅ သိန်းအထိ စံချိန်တင်မြင့်တက်နေပြီး ဧည့်မထ သီးထပ်ရင်စပါးမှာလည်း တင်း ၁၀၀ လျှင် ကျပ်ခုနစ်သိန်းခန့်အထိ ဈေးပေါက်နေကြောင်း သိရှိရပါသည်။ လက်ရှိဖြစ်ပေါ်နေသည့် စပါးဈေးများမှာ ထူးထူးခြားခြားဖြစ်ပေါ်သည့် ဈေးနှုန်းများဖြစ်ပြီး ပုံမှန်ဖြစ်သင့်သည့်ဈေးများမဟုတ်ကြောင်းသိရှိရပါသည်။

**စာမျက်နှာ ၃၂ သို့**

# စျေးနှုန်းနှင့် ကမ္ဘာ့စျေးကွက် အခြေအနေ၊ အပတ်စဉ်စျေးနှုန်း သုံးသပ်ချက်

၂၀၁၈ ခုနှစ် အောက်တိုဘာ ၃၀ ရက်နေ့တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီစျေးနှုန်းမှာ ဓာတ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၆ နှင့် ဒီဇယ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၈ ရှိပြီး စက်သုံးဆီစျေးနှုန်းနိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီစျေးနှုန်း တစ်လီတာ သုည ဒသမ ၆၈ ဒေါ်လာနှုန်းဖြင့် ၂၅ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီစျေးနှုန်း တစ်လီတာ သုည ဒသမ ၆၈ ဒေါ်လာနှုန်းဖြင့် ၂၅ နိုင်ငံမြောက်တွင် ရှိနေသောကြောင့် ကမ္ဘာ့နိုင်ငံများနှင့်နှိုင်းယှဉ်လျှင် စက်သုံးဆီစျေးနှုန်းသက်သာသော နိုင်ငံများတွင် ပါဝင်ပါသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်စျေးနှုန်းအနည်းဆုံး၊ အများဆုံးနိုင်ငံများစာရင်းကို တစ်လီတာ စျေးနှုန်းများဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓါတ်ဆီစျေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓါတ်ဆီစျေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | ဟောင်ကောင် | လီတာ | ၂.၁၆ |
| ၂ | ဆူဒန် | လီတာ | ၀.၁၃ | နော်ဝေ | လီတာ | ၁.၉၉ |
| ၃ | အီရန် | လီတာ | ၀.၂၉ | Barbados | လီတာ | ၁.၉၅ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၅ | အိုက်စလန် | လီတာ | ၁.၉၁ |
| ၅ | အယ်ဂျီးရီးယား | လီတာ | ၀.၃၅ | အီတလီ | လီတာ | ၁.၈၈ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီစျေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီစျေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၀ | နော်ဝေ | လီတာ | ၁.၉၂ |
| ၂ | အီရန် | လီတာ | ၀.၀၇ | အိုက်စလန် | လီတာ | ၁.၉၀ |
| ၃ | ဆူဒန် | လီတာ | ၀.၀၉ | ဆွီဒင် | လီတာ | ၁.၈၃ |
| ၄ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | ဟောင်ကောင် | လီတာ | ၁.၈၀ |
| ၅ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | ဆွစ်ဇာလန် | လီတာ | ၁.၈၀ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု အများဆုံး ဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာစျေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၁၃ | ၁.၀၁ |
| ၂ | ဂျပန် | လီတာ | ၁.၃၉ | ၁.၁၉ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၁ | ၁.၀၃ |

Oil-Price.Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ်စျေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ


| စဉ် | ရက်စွဲ | ရေတွက်ပုံ | စျေးနှုန်း |
|---|---|---|---|
| ၁ | ၂၆.၁၀.၂၀၁၈ | စည် | ၆၇.၃၃ |
| ၂ | ၂၉.၁၀.၂၀၁၈ | စည် | ၆၇.၀၄ |
| ၃ | ၃၀.၁၀.၂၀၁၈ | စည် | ၆၆.၁၈ |
| ၄ | ၃၁.၁၀.၂၀၁၈ | စည် | ၆၅.၃၁ |
| ၅ | ၁.၁၁.၂၀၁၈ | စည် | |

source : http://www.oil-price.net/

ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရေနံစိမ်းစျေးကွက်တွင် စျေးနှုန်း နှစ်ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ခြင်းကြောင့် ကမ္ဘာ့ပျမ်းမျှ ဓာတ်ဆီ

## ကြယ်စင်(တန့်ဆည်မြေ)

စျေးနှုန်းတွင် တစ်လီတာ ၁ ဒသမ ၁၄ ဒေါ်လာနှင့် ဒီဇယ်စျေးနှုန်းတွင် တစ်လီတာ ၁ ဒသမ ၀၇ ဒေါ်လာခန့် ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။ ဥရောပနိုင်ငံများတွင် သုည ဒသမ ၄ ရာခိုင်နှုန်း၊ အာရှနိုင်ငံများတွင် သုည ဒသမ ၁ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံတွင် သုည ဒသမ ၆ ရာခိုင်နှုန်း အသီးသီး ကျဆင်းခဲ့ကြောင်း တွေ့ရှိရပြီး ကမ္ဘာ့ဓာတ်ဆီစျေးမှာ အကျဘက်သို့ ဦးတည်ခဲ့ကြောင်းနှင့် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၃ ရက်မှ အောက်တိုဘာလ ၂၉ ရက်ထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်း စျေးနှုန်းပြောင်းလဲမှုအား Global Petrol Prices Website တွင် အောက်ပါအတိုင်းနှိုင်းယှဉ် ဖော်ပြထားပါသည် -




စာမျက်နှာ ၃၁ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းစျေးနှုန်းနှင့် ကမ္ဘာ့စျေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

သီတင်းကျွတ်ပိတ်ရက်အတွင်း အမြင့်စျေး၌ တည်ငြိမ်ခဲ့သော ဒေါ်လာငွေစျေးနှင့် ရွှေစျေးတို့သည် ယခုအပတ်အတွင်း ပြန်လည်မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။ ဗဟိုဘဏ်ရည်ညွှန်း ငွေလဲနှုန်းတွင် အောက်တိုဘာလ ဒုတိယပတ်၌ တစ်ဒေါ်လာ ကျပ် ၁၅၀၀ အထိ စျေးနှုန်းကျဆင်းခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်ဒေါ်လာ ကျပ် ၁၅၆၉ အထိ ပြန်လည်မြင့်တက်ခဲ့ကြောင်းနှင့် ပြည်တွင်းရွှေစျေးကွက်တွင်လည်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၀၄၂၅၀၀ အထိ ပြန်လည်မြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ပြင်ပငွေလဲနှုန်းသည် ယခုအပတ်အတွင်း ပြန်လည်မြင့်တက်လာပြီး တစ်ဒေါ်လာလျှင်ကျပ် ၁၆၀၀ နီးပါးသို့ပြန်လည်ရောက်ရှိလာကြောင်း ငွေကြေးစျေးကွက်အတွင်းမှ သိရှိရပါသည်။ ပြင်ပ စျေးကွက်တွင် ဒေါ်လာစျေးသည် အောက်တိုဘာလအတွင်း အတက်အကျ ငြိမ်သက်ခြင်းမရှိဘဲ ပထမပတ်အတွင်းက တစ်ဒေါ်လာလျှင် ကျပ် ၁၅၃၀ ကျော်သို့ကျဆင်းခဲ့ရာမှ ဒုတိယပတ်အတွင်း ကျပ် ၁၅၉၅ အထိပြန်လည်မြင့်တက်ခဲ့ပြီး တတိယပတ်အတွင်း တစ်ဒေါ်လာ လျှင် ကျပ် ၁၅၇၀ သို့ ပြန်လည်ကျဆင်းနေရာမှ ယခုအခါ တစ်ဒေါ်လာလျှင် ကျပ် ၁၅၉၅ သို့ ပြန်လည်မြင့်တက်လာခြင်းဖြစ်သည်။

ပြည်တွင်းအခေါက်ရွှေစျေးသည် အမြင့်နှုန်းဖြစ်သည့် တစ်ကျပ်သားလျှင် ကျပ် ၁၀၃၀၀၀၀ အထက်တွင် ပေါက်စျေးရှိနေပြီး ကမ္ဘာ့ရွှေစျေးနှင့် ဒေါ်လာစျေးကြောင့် ယခုကဲ့သို့ မြင့်တက်နေကြောင်း၊ ကမ္ဘာ့ရွှေစျေးသည် ယခုတစ်ပတ်တွင် တစ်အောင်စလျှင် ၁၂၃၀ ဒေါ်လာကျော်အထိ စျေးနှုန်းမြင့်တက်ခဲ့ကြောင်း စျေးကွက်အတွင်းမှ လေ့လာသိရှိရပါသည်။

စာမျက်နှာ ၂၅ သို့

## သကြား ပြည်တွင်းစျေးနှုန်းနှင့် ကမ္ဘာ့စျေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့သကြားစျေးကွက်အနေဖြင့် ယခုတစ်ပတ်အတွင်း ဖြစ်ပေါ်နေသော စျေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ ကမ္ဘာ့သကြားစျေးအနေဖြင့် ယခင်အပတ်အတွင်း ဖြစ်ပေါ်ခဲ့သော စျေးနှုန်းများနှင့် နှိုင်းယှဉ်လျှင် ယခုအပတ်တွင် စျေးနှုန်း များဆက်လက်မြင့်တက်လာကြောင်းလေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင်ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန် လျှင် အောက်တိုဘာ ၁ ရက်တွင် အမေရိကန်ဒေါ်လာ ၃၂၆ ဒသမ ၉၅ ပေါက်စျေးရှိခဲ့ရာမှ ဆက်လက်မြင့်တက်လာခဲ့ပြီး အောက်တိုဘာ ၃၁ ရက်တွင် အမေရိကန်ဒေါ်လာ ၃၅၅ ဒသမ ၈၀ အထိ စျေးမြင့်တက်လာ ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 31-Oct-18 | 13.28 cts/lb | 13.66 cts/lb | 355.80 $/T | 16.14 cts/lb |
| 30-Oct-18 | 13.42 cts/lb | 13.64 cts/lb | 358.95 $/T | 16.28 cts/lb |
| 29-Oct-18 | 13.59 cts/lb | 13.62 cts/lb | 364.65 $/T | 16.54 cts/lb |
| 26-Oct-18 | 13.91 cts/lb | 13.59 cts/lb | 370.90 $/T | 16.82 cts/lb |
| 25-Oct-18 | 14.03 cts/lb | 13.51 cts/lb | 380.45 $/T | 17.26 cts/lb |
| 24-Oct-18 | 14.06 cts/lb | 13.41 cts/lb | 385.30 $/T | 17.48 cts/lb |
| 23-Oct-18 | 13.91 cts/lb | 13.29 cts/lb | 379.35 $/T | 17.21 cts/lb |
| 22-Oct-18 | 13.93 cts/lb | 13.18 cts/lb | 376.50 $/T | 17.08 cts/lb |
| 19-Oct-18 | 13.99 cts/lb | 13.03 cts/lb | 379.00 $/T | 17.19 cts/lb |
| 18-Oct-18 | 13.92 cts/lb | 12.83 cts/lb | 378.25 $/T | 17.16 cts/lb |
| 17-Oct-18 | 13.79 cts/lb | 12.61 cts/lb | 377.45 $/T | 17.12 cts/lb |
| 16-Oct-18 | 13.36 cts/lb | 12.40 cts/lb | 365.80 $/T | 16.59 cts/lb |
| 15-Oct-18 | 13.52 cts/lb | 12.24 cts/lb | 370.70 $/T | 16.81 cts/lb |
| 12-Oct-18 | 13.18 cts/lb | 12.07 cts/lb | 363.25 $/T | 16.48 cts/lb |
| 11-Oct-18 | 13.05 cts/lb | 11.95 cts/lb | 362.10 $/T | 16.42 cts/lb |
| 10-Oct-18 | 12.99 cts/lb | 11.84 cts/lb | 357.05 $/T | 16.20 cts/lb |
| 9-Oct-18 | 13.11 cts/lb | 11.73 cts/lb | 355.05 $/T | 16.10 cts/lb |
| 8-Oct-18 | 13.06 cts/lb | 11.61 cts/lb | 351.45 $/T | 15.94 cts/lb |
| 5-Oct-18 | 12.74 cts/lb | 11.49 cts/lb | 347.65 $/T | 15.77 cts/lb |
| 4-Oct-18 | 12.47 cts/lb | 11.43 cts/lb | 342.70 $/T | 15.54 cts/lb |
| 3-Oct-18 | 12.37 cts/lb | 11.41 cts/lb | 339.65 $/T | 15.41 cts/lb |
| 2-Oct-18 | 12.17 cts/lb | 11.40 cts/lb | 333.70 $/T | 15.14 cts/lb |
| 1-Oct-18 | 11.70 cts/lb | 11.37 cts/lb | 326.95 $/T | 14.83 cts/lb |

Source: www.isosugar.org

စာမျက်နှာ ၂၅ သို့

# ဘရာဇီးနိုင်ငံ၊ Ministry of Agriculture, Livestock and Supply ၏ အဖျော်ယမကာများ၊ အချဉ်ဖောက်ထားသည့် ထုတ်ကုန်များ၊ ဝိုင်နှင့် စပျစ်ဝိုင်ထုတ်ကုန်များနှင့် စပ်လျဉ်းသည့် ပို့ကုန်/သွင်းကုန်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များကို Online ဖြင့် ဆောင်ရွက်ရာတွင် သိရှိလိုက်နာရမည့်အချက်များ

ဘရာဇီးနိုင်ငံ၊ Ministry of Agriculture ,Livestock and Supply မှ အဖျော်ယမကာများ၊ အချဉ်ဖောက်ထားသည့် ထုတ်ကုန်များ၊ ဝိုင်နှင့် စပျစ်ဝိုင်ထုတ်ကုန်များနှင့်စပ်လျဉ်းသည့် ပို့ကုန်/ သွင်းကုန်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များကို Online ဖြင့် ဆောင်ရွက်နိုင်ကြောင်း အကြောင်းကြားပေးပို့လာပါသည်။

၎င်းတို့ပေးပို့လာသော အချက်အလက်များအရ အချဉ်ဖောက်ထားသည့်ထုတ်ကုန်များ၊ ဝိုင်နှင့်စပျစ်ဝိုင်ထုတ်ကုန်များ တင်ပို့/ တင်သွင်းခြင်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ရရှိနိုင်ရန်အတွက် လိုအပ်သည့်စာရွက်စာတမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**(က) တင်ပို့မှုအတွက်**

(၁) ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်၊

(၂) လွတ်လပ်စွာရောင်းချခွင့်လက်မှတ်၊

(၃) ဘရာဇီးနိုင်ငံမှ တရုတ်နိုင်ငံသို့တင်ပို့ခွင့်လက်မှတ်၊

(၄) ဥရောပစီးပွားရေးအသိုက်အဝန်းသို့ တင်ပို့ခွင့်လက်မှတ်၊

(၅) ဥရောပစီးပွားရေးအသိုက်အဝန်းသို့ တင်ပို့ရန်အတွက် ကတိဝန်ခံချက်၊

**(ခ) တင်သွင်းမှုအတွက်**

(၁) နမူနာယူဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုရန် ခွင့်ပြုချက်စာရွက်စာတမ်း၊

(၂) ထူးကဲသည့်အရည်အသွေးဖြင့် အချဉ်ဖောက်ထားသည့် ပစ္စည်းများအား နမူနာယူဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုရန် ခွင့်ပြုချက်စာရွက်စာတမ်း၊

(၃) သွင်းကုန်စစ်ဆေးရေးလက်မှတ်၊

(၄) ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်၊

(၅) တင်သွင်းရာတွင် နမူနာပေးရန်သတ်မှတ်ထားသော ကုန်ပစ္စည်းအုပ်စုများအတွက် မှတ်ပုံတင်ရန် အမှတ်တံဆိပ်ပုံစံ၊

(ဂ) **စီးပွားဖြစ်တင်သွင်းခြင်းနှင့် မသက်ဆိုင်သည့်ကုန်ပစ္စည်းများအတွက်** စီးပွားဖြစ် တင်သွင်းခြင်းမဟုတ်ကြောင်း ခွင့်ပြုချက် စာရွက်စာတမ်း၊

(ဃ) **The Federal Revenue Service of Brazil မှ လေလံတင်ရောင်းချသည့်ကုန် ပစ္စည်းများအတွက်** ရောင်းချရန်နှင့် စားသုံးရန်အတွက် ခွင့်ပြုသည့်အထောက်အထားများ၊

**ပို့ကုန်အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ ဖော်ပြထားသည်မှာ** အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တင်ပို့မည့်နိုင်ငံမှ ပို့ကုန်ပစ္စည်းများအတွက် တရားဝင်ထောက်ခံချက်အား Service Portal မှတစ်ဆင့်တောင်းခံရာတွင် တစ်ဖက်ဖော်ပြပါ စာရွက်စာတမ်းနှင့်အတူ တောင်းခံရမည်-

**လင်းမျိုးသာ (DOT)**

(၁) တင်ပို့မည့်ကုန်ပစ္စည်းအတွက် ပို့ကုန်အဆိုပြုလွှာ သို့မဟုတ် လက်မှတ်ရေးထိုးထားသည့်စာချုပ်၊

(၂) တင်သွင်းမည့်နိုင်ငံမှ တောင်းခံထားသည့် တရားဝင်သက်သေခံ အထောက်အထား၊

(၃) EU အသိုက်အဝန်းသို့ တင်ပို့ရာတွင် Service Portal မှ ထောက်ပံ့ပေးသည့် Model အရ လိုအပ်သောကတိဝန်ခံချက်၊

(၄) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ထောက်ပံ့ရေးဝန်ကြီး ဌာန၏ သတ်မှတ်ထားသော ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသည့် ကိုယ်စားလှယ်လွှဲစာ၊

(ခ) ပို့ကုန်ဆိုင်ရာအဖွဲ့အစည်းကိုယ်စားလှယ်များသည် တင်ပို့ရာတွင် နမူနာပေးရန် သတ်မှတ်ထားသော ကုန်ပစ္စည်းအုပ်စုများကို Service Portal မှဝင်လာသော ကုန်ပစ္စည်းအရေအတွက်နှင့် တိုက်၍ ဓာတ်ခွဲခန်းသို့ ပေးပို့ရသည်။ နမူနာပစ္စည်းကွန်တိန်နာများတွင် အောက်ဖော်ပြပါအချက်များအတိုင်း ပါဝင်ရမည်ဖြစ်သည်-

(၁) အရည်ထည့်ထားသည့် ပုလင်းဘူးများအတွက် ၁လီတာထက်မနည်း ပါဝင်သည့် Container ဘူး (၂)ဘူး၊

(၂) အတုံးအခဲကုန်ပစ္စည်းများ၊ သစ်သီးဖြင့်ပြုလုပ်ထားသည့် အနှစ်ရှိသော ကုန်ပစ္စည်းများနှင့် အခြားကုန်ပစ္စည်းများ အတွက် ထုတ်လုပ်သူမှ သတ်မှတ်ထားသည့်အတိုင်း ရောစပ်ပြီးနောက်(၁)လီတာဆံ့သည့် Container ဘူးများ၊

(၃) သစ်သီးဖြင့်ပြုလုပ်ထားသည့်အနှစ်ရှိသော ကုန်ပစ္စည်းများ အတွက် (၁)ကီလို ဂရမ်ထက်မနည်းပါကင်ထုတ်ထားသည့် အထုပ်(၂) ထုပ်၊

**သွင်းကုန်အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ ဖော်ပြထားသည်မှာ** အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သွင်းကုန်စစ်ဆေးချက်လက်မှတ်အား သတ်မှတ်ထားသည့် သက်တမ်းအတွင်းရှိ၊ မရှိနှင့်ကုန်သွယ်မှုပြုရန်သင့်တော်မှုရှိ၊ မရှိ ထည့်သွင်းစဉ်းစားခြင်း၊

(ခ) နမူနာယူဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုရန် Service Portal မှ အကြံပြုချက်ဖြင့် ထုတ်ပေးသည့်အသိအမှတ်ပြုလက်မှတ်၊

(ဂ) သတ်မှတ်ထားသော စံချိန်စံညွှန်းများအရ Service Portal မှ အကြံပြုချက်ဖြင့် ထူးခြားသည့်အရည်အသွေးရှိကြောင်း အသိအမှတ်ပြုလက်မှတ်၊

(ဃ) တင်သွင်းရာတွင် နမူနာပေးရန်သတ်မှတ်ထားသော ကုန်ပစ္စည်းအုပ်စုများအတွက် အောက်ဖော်ပြပါအတိုင်း ပါဝင်ရမည်ဖြစ်သည်-

(၁) အရည်ထည့်ထားသည့် ပုလင်းဘူးများအတွက် ၁ လီတာထက် မနည်းပါဝင်သည့် Container ဘူး (၂)ဘူး၊

(၂) အတုံးအခဲကုန်ပစ္စည်းများ၊ သစ်သီးဖြင့် ပြုလုပ်ထားသည့် ကုန်ပစ္စည်းများနှင့် အခြားကုန်ပစ္စည်းများအတွက် ထုတ်လုပ်သူမှ သတ်မှတ်ထားသည့်အတိုင်း ရောစပ်ပြီးနောက် (၁)လီတာဆံ့သည့် Container ဘူးများ၊

(၃) သစ်သီးဖြင့်ပြုလုပ်ထားသည့်အနှစ်ရှိသော ကုန်ပစ္စည်းများအတွက် (၁) ကီလိုဂရမ်ထက် မနည်းပါကင်ထုတ်ထားသည့် အထုပ်(၂) ထုပ်၊

**စီးပွားဖြစ်တင်သွင်းခြင်းမဟုတ်သည့်ကုန်ပစ္စည်းများအတွက် လုပ်ထုံးလုပ်နည်းနှင့်ပတ်သက်၍ ဖော်ပြထားသည်မှာ** အောက်ပါအတိုင်းဖြစ်သည်-

(က) ၁၂ လီတာအထက် မကျော်လွန်သည့်ပမာဏဖြစ်ရမည်။ ၁၂ လီတာအထက် ကျော်လွန်သည့်ပမာဏဖြင့် တင်သွင်းလာပါက အောက်တွင်ဖော်ပြထားသောအချက်များအတွက် ရည်ရွယ်၍ တင်သွင်းခြင်းဖြစ်ကြောင်း အထောက်အထားများရှိရမည် ဖြစ်ပါသည်-

(၁) ပြပွဲပြုလုပ်ရန်၊

(၂) အရည်အသွေးယှဉ်ပြိုင်မှု၊ အရသာစမ်းသပ်မှု သို့မဟုတ် အရောင်းမြှင့်တင်မှုများ ပြုလုပ်ရန်၊

(၃) ဖွံ့ဖြိုးတိုးတက်ရေးနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၄) ကိုယ်တိုင်စားသုံးရန်၊

(ခ) ပြပွဲ၊ ပြိုင်ပွဲ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် သတ်မှတ်ထားသည့် နေရာနှင့်အချိန်ကာလအတွင်း စည်းကြပ်ခွန်အာဏာပိုင်များမှ ဥပဒေအတိုင်း ခွင့်ပြုထားသည့် စီးပွား ဖြစ်တင်သွင်းခြင်းမဟုတ်သော အရေအတွက်ဖြစ်ရမည်။

(ဂ) ၁၂ လီတာအထိ တင်သွင်းလာသော ကုန်ပစ္စည်းများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ထောက်ပံ့ရေးဝန်ကြီးဌာနမှ ခွင့်ပြုချက်နှင့် စစ်ဆေးခြင်းမှ ကင်းလွတ်ခွင့်ပြုမည် ဖြစ်သည်။

**The Federal Revenue Service of Brazil မှ လေလံတင်ရောင်းချသည့် ကုန်ပစ္စည်းများအတွက် လုပ်ထုံးလုပ်နည်းနှင့်ပတ်သက်၍ ဖော်ပြထားသည်မှာ** လေလံတင်သည့်အဖွဲ့အစည်းသည် ကုန်ပစ္စည်းများအား စစ်ဆေးရန်အတွက် ဓာတ်ခွဲခန်းသို့ ပေးပို့ရမည်ဖြစ်ကြောင်းဖော်ပြထားပြီး တင်သွင်းမည့်ကုန်ပစ္စည်းများအတွက် လေလံတင်စစ်ဆေးရေး အာဏာပိုင်အဖွဲ့အစည်းမှ ထုတ်ပေးထားသည့်ရောင်းချရန်နှင့် စားသုံးရန်ခွင့်ပြုချက်ကျန်ရှိသော ကုန်ပစ္စည်းများဖြစ်ရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

# ဗီယက်နမ်တွင် ဇန်နဝါရီလမှအောက်တိုဘာလအတွင်း ကော်ဖီနှင့်ဆန် တင်ပို့မှုများတိုးတက်လာ

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ဗီယက်နမ်ဆန်တင်ပို့မှုမှာ ခန့်မှန်းခြေအားဖြင့် ၃ ဒသမ ၄ရာခိုင်နှုန်း တိုးမြှင့်တင်ပို့နိုင်ခဲ့သဖြင့် ဗီယက်နမ်ကော်ဖီတင်ပို့မှုပမာဏကိုလည်း ပြီးခဲ့သောနှစ် အလားတူ ကာလထက် ၂၁ ဒသမ ၅ ရာခိုင်နှုန်း တိုးမြှင့်တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း အစိုးရ၏စာရင်း အချက်အလက်များ အရသိရပါတယ်။

**ကော်ဖီ**

ဗီယက်နမ်မှ ကော်ဖီတင်ပို့မှုသည် ပြီးခဲ့သောနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း တင်ပို့မှုထက် ၂၁ဒသမ၅ရာခိုင်နှုန်း တိုးမြှင့်တင်ပို့နိုင်လိမ့်မည်ဟု ခန့်မှန်းထားပြီး၊ တန်ချိန်အားဖြင့် ၁ဒသမ၅၈သန်း ဖြစ်ပါကြောင်း အထွေထွေစာရင်းအင်းရုံးက ထုတ်ပြန်ထားရှိခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံအတွက် ဘဏ္ဍာငွေများကို ကော်ဖီတင်ပို့မှုမှရရှိပြီး ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ရာခိုင်နှုန်းအားဖြင့် ၁ ဒသမ ၁ ရာခိုင်နှုန်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂ဒသမ ၉၈ ဘီလီယံ တိုးမြှင့်ရရှိခဲ့ကြောင်း ထုတ်ပြန်ထားရှိခဲ့ပါသည်။

အောက်တိုဘာလအတွင်း ကော်ဖီတင်ပို့မှုကို တန်ချိန် ၁၃၀၀၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၀ သန်း တင်ပို့နိုင်လိမ့်မည်ဟုခန့်မှန်းထားပါသည်။

**ဆန်**

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ဗီယက်နမ်မှ ဆန်တင်ပို့မှုကို ပြီးခဲ့သောနှစ်ကထက် ၃ဒသမ၄ရာခိုင်နှုန်း တိုးမြှင့်တင်ပို့ရန် ကြိုတင်ကြေညာထားပြီး တန်ချိန်အားဖြင့် ၅ ဒသမ ၂၄ သန်းဖြစ်ကြောင်း၊ အဆိုပါ ကာလအတွင်း ဆန်တင်ပို့မှုမှရရှိသော ဘဏ္ဍာငွေကို နှစ်စဉ် ၁၆ ဒသမ ၁ ရာခိုင်နှုန်း တိုးမြှင့်ရန် ကြိုတင်ကြေညာထားပြီး အမေရိကန်ဒေါ်လာ ၂ဒသမ ၆၄ ဘီလီယံဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် ဆန်တတိယ အများဆုံးတင်ပို့သည့်နိုင်ငံဖြစ်သော ဗီယက်နမ်နိုင်ငံမှ အောက်တိုဘာလ ဆန်တင်ပို့မှုမှာ တန်ချိန် ၃၅၀၀၀၀ တန် ဖြစ်ပြီး၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ သန်း ၁၈၀ ဖြစ်ပါကြောင်း သိရသည်။

**စွမ်းအင်**

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ဗီယက်နမ်မှ crude oil တင်ပို့မှုမှာ ၄၅ ဒသမ ၄ ရာခိုင်နှုန်းသို့ထိုးကျသွားပြီး ခန့်မှန်းတန်ချိန်မှာ ၃ဒသမ ၂၂ သန်းဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် ပထမ(၁၀)လအတွင်း crude oil တင်ပို့မှုမှ ရရှိသော ဘဏ္ဍာငွေမှာ ၂၄ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းသွားပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၂ ဘီလီယံ ဖြစ်ပါတယ်။

သွင်းကုန်ပစ္စည်းများတင်သွင်းမှုကို ၂၀ ရာခိုင်နှုန်း တိုးမြှင့်တင်သွင်းနေသည့်အတွက် (၁၀) လတာကာလအတွင်း Oil product တင်သွင်းမှုကို ပြီးခဲ့သောနှစ် အလားတူကာလအောက် ရာခိုင်နှုန်းအားဖြင့် ၅ ဒသမ ၁ ရာခိုင်နှုန်း တန်ချိန် ၁၀ သန်း လျှော့နည်းတင်သွင်းရန် ခန့်မှန်းထားခဲ့ပါတယ်။

ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ဗီယက်နမ်မှ Liquefied petroleum gas တင်သွင်းမှုမှာ နှစ်အစပိုင်းတွင် ၅ ဒသမ ၇ ရာခိုင်နှုန်းတိုးမြှင့်တင်သွင်းခဲ့ပါတယ်။

**ချိုချိုမာ**

# မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းရပ်များ ပူးပေါင်းဆောင်ရွက်ရေးအတွက် ညှိနှိုင်းအစည်းအဝေးအခမ်းအနားအား မြဝတီကုန်သွယ်ရေးဇုန်တွင် ကျင်းပခဲ့

မြန်မာ-ထိုင်းနှစ်နိုင်ငံအကြား ကုန်းလမ်းကုန်စည်သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းရပ်များ ပူးပေါင်းဆောင်ရွက်ရေးအတွက် ညှိနှိုင်းအစည်းအဝေးအခမ်းအနား (Enhancing Road Freight Transport Cooperation Meeting between Myanmar and Thailand) ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် မြဝတီကုန်သွယ်ရေးဇုန် အစည်းအဝေးခန်းမ၌ မြန်မာစံတော်ချိန် နေ့လယ် (၂:၃၀) နာရီမှ (၄:၃၀) နာရီအချိန်အထိ လက်ခံကျင်းပခဲ့ပါသည်။



အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံဘက်မှ ကုန်သွယ်ရေးဦးစီးဌာန၊ မြဝတီကုန်သွယ်ရေးဇုန်၏ ညွှန်ကြားရေးမှူး ဦးစိုးလွင် ဦးဆောင်၍ ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန (သီးနှံကာကွယ်ရေး ဌာနခွဲ ပိုးမွှားစစ်ဆေးရေးစခန်း၊ မြဝတီ)တို့မှ ကိုယ်စားလှယ်များ၊ မြဝတီနယ်စပ်ကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်နှင့် ကိုယ်စားလှယ်များ၊ ကုန်သည်လုပ်ငန်းရှင်များ၊ မြဝတီနယ်စပ် ဒေသသယ်ယူ ပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

ထိုင်းနိုင်ငံဘက်မှ ကုန်းလမ်းသယ်ယူ ပို့ဆောင်ရေးဌာန ဒုတိယညွှန်ကြားရေးမှူး Mr. Kamol Buranapong နှင့် သမ္မဆက်တက္ကသိုလ် (Thanmmasat University) မှ တွဲဖက်ပါမောက္ခ Dr.Ruth Banomyoung တို့ဦးဆောင်၍ကုန်းလမ်းပို့ဆောင်ရေးဌာနမှ တာဝန်ရှိသူများ၊ မဲဆောက်အကောက်ခွန် ဦးစီးဌာန၊တိရစ္ဆာန်နှင့် အပင်ပိုးမွှားစစ်ဆေးရေးဌာန၊ မဲဆောက်ခရိုင်အုပ်ချုပ်ရေးမှူး၊ မဲဆောက် ရဲတပ်ဖွဲ့၊လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား ချစ်ကြည်ရေးတိုးပွားကာ၊ GMS-CBTA အဖွဲ့ဝင် နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော် ကုန်စည်သယ်ယူ ပို့ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များ အကျိုးဖြစ်ထွန်းစေရေးနှင့်ပတ်သက်၍ နှစ်နိုင်ငံတာဝန်ရှိသူများမှ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကာ သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းခဲ့ကြပါသည်။ အစည်းအဝေးသို့တက်ရောက်လာသော မြန်မာနိုင်ငံဘက်မှ မြဝတီ နယ်စပ်ဒေသ သယ်ယူပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၏ တာဝန်ရှိသူများမှ မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား Initial Implementation on Cross Border Transport Agreement (IICBTA) ကို အကောင်အထည်ဖော်သည့်အချိန်တွင် လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် တွေ့ကြုံရနိုင်သည့် အခက်အခဲများ၊ စိန်ခေါ်မှုများအား ကြိုတင်စဉ်းစားဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် အပြုသဘောအကြံပြုချက်များကိုလည်း ရင်းနှီးပွင့်လင်းစွာ တင်ပြဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**ဝင်းပပသူ (မြဝတီ)**

# တရုတ်နိုင်ငံ၏ ပထမဆုံးသွင်းကုန်ပြပွဲသို့ ၁၈ နိုင်ငံမှ ခေါင်းဆောင်များ တက်ရောက်မည်

တရုတ်နိုင်ငံ သမ္မတ ရှီကျင့်ဖိန်၏ ဖိတ်ကြားချက်ဖြင့် ရှန်ဟိုင်းမြို့တွင် နိုဝင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ ကျင်းပမည့် ပထမဆုံးတရုတ်နိုင်ငံတကာ သွင်းကုန်ပြပွဲ (CIIE) သို့ နိုင်ငံ ၁၈ နိုင်ငံမှ ခေါင်းဆောင်များ တက်ရောက်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်က အောက်တိုဘာလ ၂၉ ရက်တွင် ကြေညာခဲ့ပါတယ်။

CIIE သို့တက်ရောက်မည့် ခေါင်းဆောင်များတွင် ချက်နိုင်ငံသမ္မတ Milos Zeman ၊ ကျူးဘားနိုင်ငံ သမ္မတ Miguel Diaz-Canel၊ ဒိုမီနီကန်နိုင်ငံ သမ္မတ Danilo Medina၊ ကင်ညာနိုင်ငံ သမ္မတ Uhuru Kenytta၊ လစ်သူယေးနီးယားနိုင်ငံသမ္မတ Dalia Grybauskaite၊ ပနားမားနိုင်ငံသမ္မတ Juan Carlos Varela ၊ အယ်လ်ဆာဗေး ဒိုးနိုင်ငံသမ္မတ Salvador Sanchez Ceren ၊ ဆွစ်ဇာလန်နိုင်ငံ သမ္မတ Alain Berset ၊ ကွတ်ကျွန်းများ (Cook Islands) ဝန်ကြီးချုပ် Henry Puna ၊ ခရိုအေးရှားနိုင်ငံ ဝန်ကြီးချုပ် Andrej Plenkovic ၊ အီဂျစ်နိုင်ငံဝန်ကြီးချုပ် Mostafa Madbouly၊ ဟန်ဂေရီနိုင်ငံဝန်ကြီးချုပ် Viktor Orban ၊ ဂျော်ဂျီယာနိုင်ငံ ဝန်ကြီးချုပ် Mamuka Bakhtadze၊ လာအိုနိုင်ငံ ဝန်ကြီးချုပ် Thongloun Sisoulith ၊ မောလ်တာနိုင်ငံ ဝန်ကြီးချုပ် Joseph Muscat ၊ ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ် Imran Khan ၊ ရုရှားနိုင်ငံဝန်ကြီးချုပ် Dmitry Medvedev နှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် Nguyen Xuan Phuc တို့ ပါဝင်ကြောင်း တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်လုခန်းက ပြောကြားခဲ့ပါတယ်။

**Source - http://Xinhua**

**ဖြူဖြူ (Import)**

■

# အိန္ဒိယ ငရုတ်ကောင်းစီးပွားရေးကုမ္ပဏီများအသင်းကြီးက သီရိလင်္ကာနိုင်ငံ၏ ငရုတ်ကောင်းတင်သွင်းမှု ကန့်သတ်စေလိုခြင်း

ငရုတ်ကောင်းတန်ချိန် ၂၅၀၀ တန်အပေါ် အကောက်ခွန်နှုန်း ၈ ရာခိုင်နှုန်း လျှော့ချပေးသော SAFTA (South Asian free trade agreement) တောင်အာရှလွတ်လပ်သော ကုန်သွယ်မှုသဘောတူ စာချုပ်အရ သီရိလင်္ကာနိုင်ငံမှ တင်သွင်းမည့် ငရုတ်ကောင်း အရေအတွက်ကို ကန့်သတ်ပေးရန်အတွက် အိန္ဒိယ ငရုတ်ကောင်း ရောင်းဝယ်သူ၊ စိုက်ပျိုးသူများ ပါဝင်သော အသင်းကြီးက ဗဟိုအစိုးရအဖွဲ့သို့ လျှောက်ထားခဲ့ကြပါတယ်။

ဒီနှစ်အစောပိုင်းက အိန္ဒိယနိုင်ငံတွင် ပြည်တွင်း ငရုတ်ကောင်းတောင်သူများကို အကာအကွယ်ပေးရန်အတွက် ငရုတ်ကောင်း (၁) Kg ကို Rs ၅၀၀ ဖြင့် အနိမ့်ဆုံး သွင်းကုန်ဈေးနှုန်းကို သတ်မှတ်ခဲ့ပါတယ်။ အိန္ဒိယနိုင်ငံသား ငရုတ်ကောင်းနှင့် ဟင်းခတ်အမွှေးအကြိုင် ရောင်းဝယ်သူများ၊ စိုက်ပျိုးသူများနှင့် စိုက်ခင်းပိုင်ရှင်များပါဝင်သော အသင်းကြီးက သီရိလင်္ကာနိုင်ငံသည် သူတို့ပိုင်ဆိုင်သည့် ငရုတ်ကောင်းများကဲ့သို့ အိန္ဒိယနိုင်ငံအတွင်း ပစ္စည်းများ စုပုံထားခြင်း၊ တန်ဖိုးများထပ်တိုးခြင်း၊ အနိမ့်ဈေးများဖြင့် ဗီယက်နမ်မှ ငရုတ်ကောင်းများကို ဝယ်ယူခြင်းများကို ပြုလုပ်ကြောင်းပြောကြားခဲ့ပါတယ်။

ထို့ကြောင့် သီရိလင်္ကာနိုင်ငံမှ တောင်အာရှ လွတ်လပ်သော ကုန်သွယ်မှုသဘောတူ စာချုပ် (SAFTA) အရ ၂၅၀၀ တန်အထက် တင်သွင်းလာသော မည်သည့် သွင်းကုန်ပစ္စည်းများကိုမဆို အခြား အာဆီယံနိုင်ငံများ နည်းတူ ၅၂ ရာခိုင်နှုန်း ငွေပေးဆောင်ရမည်ဟု အသင်းကြီး၏ co-ordinator ပြောကြားခဲ့ပါတယ်။

ထို့အပြင် ပြည်တွင်းစားသုံးမှုအတွက် (ISFTA) အင်ဒို- သီရိလင်္ကာ လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်အရ အကောက်ခွန်နှုန်း သုညရာခိုင်နှုန်းဖြင့် သီရိလင်္ကာမှ ငရုတ်ကောင်း တန်ချိန် ၂၅၀၀ တန် တင်သွင်းရန် အိန္ဒိယကို ခွင့်ပြုပေးခဲ့ပါတယ်။

**ချိုချိုမာ**

စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး . . . . မှအဆက်

စေလွှတ်ရေးနှင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ နိုင်ငံတော်မှ ရင်းနှီး မြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ပေးထားမှုအခြေအနေများကို ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့်သည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့ နံနက် (၁၀:၀၀)အချိန်တွင် ကျူးဘားနိုင်ငံ၊ နိုင်ငံခြားကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၊ ဝန်ကြီး H.E. Rodrigo Malmierca Diaz နှင့် ကျူးဘားနိုင်ငံပြခန်းဆောင် အထူးဧည့်ခန်းမဆောင်၌ တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။ ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့၊ ရက်နေ့ (၂၁:၄၀) အချိန်တွင် ကျူးဘားနိုင်ငံ၊ ဟာဗားနားမြို့မှ လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ထွက်ခွာလာရာ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**





# PINNACLE DEVELOPMENT CO., LTD

- International Shipping (Sea/Air)
- Marine Insurance
- Consolidation -NVOCC
- Transportation
- Custom Clearence

Add : No. 83, 1st Floor, 50th Street (Middle Block), Pazundaung Tsp, Yangon, Myanmar.
Tel : +95 1 9010565 , 9010566
Mobile : +95 9 443251298, 253939749
Viber : +95 9 795988383
Email : irelyn@pinnaclemyanmar.com , meimei@pinnaclemyanmar.com, myatmon@pinnaclemyanmar.com



မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Hire Purchase System
Customer များ အဆောက်အဦ၊ မော်တော်ယာဉ်၊ စက်ပစ္စည်းနှင့် အသုံးအဆောင်ပစ္စည်းများအားဝယ်ယူရာတွင် အဆင်ပြေမှုရှိစေရန် အငှားဝယ်စနစ် (Hire Purchase System) ဖြင့် ဝန်ဆောင်မှု ပေးလျက်ရှိပါတယ်။
အငှားဝယ်စနစ်ဖြင့် ငှားရမ်းကာလမှာ အနည်းဆုံး(၁)နှစ်မှ အများဆုံး(၃)နှစ်အထိရှိပါသည်။ Down Payment မှာ ငှားရမ်းကာလများအလိုက် 20% မှ 30% အထိရှိပြီး Rental Fee အား သက်သာသောနှုန်းထားဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။
ငှားရမ်းကာလ အသီးသီးအတွက် ဘဏ်ဝန်ဆောင်ခ (၀. ၁%) ကောက်ခံဆောင်ရွက်ပေးလျက်ရှိပါတယ်၊ အငှားဝယ်စနစ် (Hire Purchase System) ဖြင့် မိမိနှစ်သက်ရာ ပစ္စည်းအမျိုးအစားကို ဝယ်ယူနိုင်ပါသည်။
Join with ...
Easy Interest Rate ...
Fastest Process ...
Warmly Services ...
ကြီးပွားအောင်မြင်ရန် မြဝတီဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်ပါ
ချေးယူနိုင်သူများ
အာမခံ
မရွှေ့မပြောင်းနိုင်သောပစ္စည်းများဖြစ်သည့် မြေနှင့်အဆောက်အအုံတို့ကို အာမခံထားရှိ၍ ချေးယူနိုင်ပါသည်။
www.mwdbank.com.mm
ချေးငွေအမျိုးအစား
ချေးငွေ (Overdraft)
ချေးငွေ (Term Loan)
ထုတ်ချေးနိုင်သောလုပ်ငန်းများ
စက်မှုလက်မှု
ကုန်ထုတ်လုပ်မှု
စိုက်ပျိုးရေး
သယ်ယူပို့ဆောင်ရေး
ဆောက်လုပ်ရေး
ကုန်သွယ်မှု(ပြည်တွင်း/ပြည်ပ)
ဝန်ဆောင်မှု
အထွေထွေ
BUSINESS LOAN
ကောက်ခံသည့်အတိုးနှုန်း
မြဝတီဘဏ် (ရုံးချုပ်)
ရန်ကုန်မြို့
Phone No :(01)2301367, 2301368, 2301452, 2301378, 2301401, 2301410
Fax :(01)2301395, 2301450, 2301402
Email :mwdbankygn@mptmail.net.mm




asia
သိန်းပေါင်းသောင်းကျော် ကံစမ်းမဲပွဲတော်
asia
asia
asia
ပထမဆု
သိန်း 300 ကျပ်
ကံထူးရှင်အား
ဝမ်းမြောက်စွာ ဂုဏ်ပြုအပ်ပါသည်။
ကိုမိုးလွင် ၊ ၈/မဘန(နိုင်) ၁၂၂၅၅၃ ၊ ကံကုလားရွာ၊ စကုမြို့နယ်၊ မင်းဘူးမြို့။

# ကုန်စည်များပေါ်တွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြပါရှိရေးဆောင်ရွက်ကြပါစို့

နိုင်ဦး(DOCA)

ယနေ့ခေတ်သည် သတင်းခေတ်ဖြစ်၍ ဖြစ်ပျက်မှုသတင်း အစုံစုံကို အချိန်တိုအတွင်း သိရှိနေရသည်။ တချို့လည်းဝမ်းသာ ကျေနပ်စရာသတင်း၊ တချို့လည်းဝမ်းနည်း ကြေကွဲဖွယ်သတင်း၊ တချို့လည်းငိုအားထက်၊ ရယ်အားသန်ဖြစ်ရသောသတင်းများဖြစ်သည်။ မျက်စိနာနေသော ကလေးတစ်ဦးကို မျက်စဉ်းခတ်ရာမျက် စဉ်းဆေးရည်ဗူးနှင့်စူပါဂလူးဆေးရည်ဗူးမှားခပ်၍ ဆေးရုံသို့သွား၍ ကုသခဲ့ရတာတွေ၊ ဆပ်ပြာရည်ကို ပိုးသတ်ဆေးအမှတ်ဖြင့် စိုက်ခင်းထဲသုံးတာတွေ၊ ဝက်ပုံ၊ ကြက်ပုံပါသောအတောင့်ခဲများကိုဝက်၊ ကြက်အားဖြည့်စာဟူ၍ မသိဘဲ သရေစာအမှတ်ဖြင့်စားရာမှ မူးဝေအော့အန်ဖြစ်ရတာတွေ၊ နှလုံးငြိမ်ဆေးကိုသောက်ရမည့်အစားပုံစံတူ၊ အရွယ်တူဆေးကို အလွယ်ဝယ်ယူသောက်မိ၍ အသက်သေဆုံးတာတွေ၊ ယားနာလိမ်းဆေးကိုမျက်နှာလိမ်းမိ၍ အလှပျက်ရတာတွေ၊ အရက်ပြန်နှင့်အရက်ပုလင်းမှားသောက်မိ၍ သေဆုံးကြရတာတွေ ကင်ဆာပျောက်သည်၊ အေအိုင်ဒီအက်(စ်)ရောဂါပျောက်သည်ဆိုသည့် ဘာတွေရေးသားထားမှန်းမသိ ဘာတွေပါဝင်မှန်းမသိဘဲ ပျောက်ချင်ဇောဖြင့်ဝယ်သောက်မိ၍အချိန်မတိုင်ဘဲ အသက်ပျောက်ခဲ့တာတွေစသည်ဖြင့် စုံလင်စွာဖတ်ရှုရသည်မှာစိတ်မချမ်းမြေ့ဖွယ်ပင်ဖြစ်သည်။

အထက်ပါဖြစ်စဉ် သတင်းများသည် စားသုံးသူပြည်သူ ၅၁ သန်းကျော်ထဲတွင် ဖြစ်ပွားခဲ့သောဖြစ်စဉ်သတင်းများဖြစ်သည်။ ဤသို့ဖြစ်ရခြင်းအများစုမှာ မြန်မာနိုင်ငံအတွင်း ပြည်တွင်းမှထုတ်လုပ်သော၊ ပြည်ပမှမှာယူတင်သွင်းသောလူသုံး၊ အိမ်သုံးပစ္စည်းများတွင် မြန်မာနိုင်ငံသား အများစုနားလည်သောမြန်မာဘာသာဖြင့် ဖော်ပြထားမှုမရှိ၍ ဖြစ်ပွားရခြင်းဖြစ်သည်။ ဝမ်းနည်းကြေကွဲဖွယ်ရာဖြစ်ရပ်များဖြစ်နေခြင်းဖြစ်သည်။ ဤသည်ကိုအချိန်မီတားဆီး ခြင်းမပြုလုပ်ပါက စားသုံးသူများအတွက် အန္တရာယ်ကြီးထွားလာနိုင်ပါသည်။ မရှုနိုင်မကယ်နိုင်ဖြစ်မှာစိုးရိမ်ရပါသည်။ ဖြစ်မှကုစားခြင်းထက် မဖြစ်ခင်ကြိုတင်ကာကွယ်ရန် လိုအပ်နေပါသည်။

လူသုံးအိမ်သုံးပစ္စည်းများ ရယူသုံးစွဲရာတွင် မြန်မာဘာသာဖြင့် ထင်ရှားစွာရေးသားဖော်ပြထားခြင်းမရှိသောကြောင့် စားသုံးသူပြည်သူများနစ်နာဆုံးရှုံးမှုများ ကြုံတွေ့လာ၍လည်းကောင်း၊ စားသုံးသူပြည်သူများ၊ လုပ်ငန်းရှင်များမှလည်းမိမိထုတ်လုပ်၊ တင်သွင်း၊ ဖြန့်ဖြူးရောင်းချသောပစ္စည်းများတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေဖော်ပြနိုင်ရေးတောင်းဆိုလာကြ၍လည်းကောင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနသည်စားသုံးသူများ၊ စီးပွားရေးကျင့်ဝတ်နှင့်အညီ ဆောင်ရွက်သောလုပ်ငန်းရှင်များကို ကာကွယ်စောင့်ရှောက်ရန်အတွက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်တွင် စားသုံးသူအကာကွယ်ပေးရေးဗဟိုကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၈)ဖြင့် ကုန်စည်များထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ပြုလုပ်ရာတွင် စားသုံးသူများဘေးကင်းလုံခြုံစေရေးအတွက်ကုန်စည်များပေါ်တွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေဖော်ပြရန် ထုတ်ပြန်ခဲ့ပါသည်။

ကုန်စည်များတွင် သုံးစွဲပုံအညွှန်း၊ ထားသိုသိမ်းဆည်းပုံအညွှန်း၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်၊ ဘေးထွက်ဆိုးကျိုးများနှင့်ပတ်သက်၍ စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာဖြင့် ယုံကြည်စိတ်ချစွာသုံးစွဲနိုင်ရန် ထင်ရှားစွာဖော်ပြပေးရန်နှင့် လုပ်ငန်းရှင်များကြိုတင်ပြင်ဆင်မှုများဆောင်ရွက်နိုင်ရန်(၆)လ အချိန်သတ်မှတ်ပေးထားပြီး (၆)လနောက်ပိုင်းတွင်မူလိုက်နာမှုမရှိပါက စီးပွားရေးလုပ်ငန်းရှင်များကို စားသုံးသူအကာကွယ်ပေးရေးဥပဒေ (၂၀၁၄)၊ ပုဒ်မ (၁၉)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိစားသုံးသူများတွင်တွင်ကျယ်ကျယ် အသုံးပြုလျက်ရှိသည့် ကုန်စည်များတွင် အစားအသောက်များဖြစ်သောအချိုရည်နှင့် ယိုမျိုးစုံ၊ နို့နှင့် နို့ထွက်ပစ္စည်းအမျိုးမျိုး၊ ဥနှင့်ဥထွက်ပစ္စည်းအမျိုးမျိုး၊ ဆီသွတ်အစားအစာအမျိုးမျိုး၊ စားသုံးဆီအမျိုးမျိုး၊ အသင့်ဖျော်ကော်ဖီနှင့် လက်ဖက်ရည်ထုပ်အမျိုးမျိုး၊ အရန်သင့်အစားအစာအမျိုးမျိုး၊ အေးခဲအစားအစာအမျိုးမျိုး၊ သောက်ရေသန့်အမျိုးမျိုး၊ ဟင်းလျာများတွင် အရောင်၊ အနံ့၊ အရသာအတွက် အသုံးပြုသောပစ္စည်းအမျိုးမျိုး၊ ငရုတ်ဆီနှင့် အချဉ်ရည်အမျိုးမျိုး၊ အသင့်စားမုန့်အမျိုးမျိုး၊ ကလေးအာဟာရဖြည့်စွက်စာ အမျိုးမျိုး၊ ကွမ်းစားဆေးအမျိုးမျိုး၊ ဆေးလိပ်နှင့်ယမကာအမျိုးမျိုးနှင့် အခြားပြုပြင်ထုပ်ပိုး၊ ထုတ်လုပ်ထားသော စားသောက်ကုန်အမျိုးမျိုး၊ အိမ်သုံးပစ္စည်းများဖြစ်သော အိမ်သုံးလျှပ်စစ်ပစ္စည်းနှင့်အီလက်ထရွန်းနစ်ပစ္စည်းအမျိုးမျိုး၊ လူသုံးပစ္စည်းများဖြစ်သည့် အရည်၊ အခဲ၊ အမှုန့်ပုံစံများဖြင့် သွားတိုက်ဆေး၊ ဆပ်ပြာအမျိုးမျိုး၊ လုပ်ငန်းသုံးပစ္စည်းကိရိယာများဖြစ်သည့် စိုက်ပျိုးရေးနှင့် ကျန်းမာရေးသုံး အထောက်အကူပြုအသုံးအဆောင်ပစ္စည်းကိရိယာအမျိုးမျိုးတို့ဖြစ်ပါသည်။

ထို့အပြင် ကလေးအသုံးအဆောင်ပစ္စည်းများဖြစ်သည့် ကလေးလက်တွန်းလှည်း၊ လမ်းလျှောက်ကွင်း၊ ပုခက်၊ တစ်ကိုယ်ရည်သုံးပစ္စည်းအမျိုးမျိုး၊ အလှကုန်ပစ္စည်းများဖြစ်သည့် အလှပြင်ပစ္စည်းအမျိုးမျိုး၊ ဆေးဝါးများနှင့်ပတ်သက်သည့် ဆရာဝန်ညွှန်ကြားချက်မလိုသော သောက်ဆေး၊ လိမ်းဆေး၊ ငုံဆေးစသည့် အိမ်သုံးဆေးဝါးအမျိုးမျိုး၊ တိုင်းရင်းဆေးဝါးအမျိုးမျိုး၊ အာဟာရဖြည့်စွက်စာ အမျိုးမျိုး၊ ဆက်သွယ်ရေးသုံးပစ္စည်းများဖြစ်သည့် ကြိုးဖုန်း၊ ကြိုးမဲ့ဖုန်း၊လက်ကိုင်ဖုန်းအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများတွင် သုံးစွဲသော ဓာတ်မြေဩဇာအမျိုးမျိုး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးအမျိုးမျိုး၊ စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်ပစ္စည်းများတွင် အသုံးပြုသည့် ဓာတုပစ္စည်းအမျိုးမျိုးတို့သည် မသိနားမလည်သောသူများသုံးစွဲမိပါက ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်သဖြင့် ဦးစားပေးအနေဖြင့် မြန်မာနိုင်ငံသားများနားလည်စေရန် မြန်မာဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြနိုင်ရေးဆောင်ရွက်ပေးစေချင်ပါသည်။ ဤကုန်စည်များသာမက မြန်မာနိုင်ငံသို့ တင်သွင်းသော အခြားပစ္စည်းများကိုလည်း ဖော်ပြပေးသင့်ပါသည်။ သို့မှသာစားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်း၍ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော ပစ္စည်းများကိုရယူသုံးစွဲနိုင်မည်ဖြစ်ပါသည်။

အဆိုပါပစ္စည်းများပေါ်တွင် စီးပွားရေးလုပ်ငန်းရှင်များသည် ကုန်စည်များထုတ်လုပ်ခြင်း၊ ကုန်သွယ်ရောင်းဝယ်ဖြန့်ဖြူးခြင်းများဆောင်ရွက်ရာတွင် စားသုံးသူများဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သုံးစွဲပုံနှင့်ပတ်သက်သောသတင်းအချက်အလက်များ၊ ညွှန်ကြားချက်များနှင့် အထူးသတိပေးလိုသည့်အကြောင်းအရာများကို မြန်မာဘာသာဖြင့်ဖြစ်စေ၊မြန်မာဘာသာနှင့်အခြားဘာသာ တွဲလျက်ဖြစ်စေဖော်ပြပေးရန် အထူးလိုအပ်ပါသည်။ သို့မှသာစားသုံးသူများသည် မည်သို့သုံးစွဲရမည်။ ဘယ်လိုထားသိုသိမ်းဆည်းရမည်။ ဘယ်ပစ္စည်းတွေနဲ့ ဓာတ်မတည့်ကြောင်း၊ ဘေးထွက်ဆိုးကျိုး ဘယ်လိုဖြစ်မည် စသည်ဖြင့် သိရှိနိုင်မည်ဖြစ်သည်။

စားသုံးသူအကာကွယ်ပေးရေးလုပ်ငန်းသည် စားသုံးသူများကိုသာ ကာကွယ်ပေးပြီးစီးပွားရေးလုပ်ငန်းရှင်များကိုဟန့်တားနှောင့်ယှက်သောလုပ်ငန်းမဟုတ်ပေ။ စီးပွားရေးကျင့်ဝတ်နှင့်အညီဆောင်ရွက်သောလုပ်ငန်းများကိုအကာအကွယ်ပေးပြီး လုပ်ငန်းများအောင်မြင်တိုးတက်ရန် ကူညီပေးသောလုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ တစ်နည်းအားဖြင့် စားသုံးသူအကာအကွယ်ပေးခြင်းလုပ်ငန်းသည် စားသုံးသူများ၏အခွင့်အရေးများအားပြည့်ဝစွာရရှိရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသောကုန်စည်နှင့်ဝန်ဆောင်မှုများကိုရယူသုံးစွဲလုပ်ဆောင်နိုင်ရေး၊ ဆုံးရှုံးနစ်နာမှုများကိုကုစားဖြေရှင်းပေးနိုင်ရန် နိုင်ငံတကာစားသုံးသူစံနှုန်းသတ်မှတ်ချက်များနှင့်အညီ စားသုံးသူကာကွယ်ရေးဥပဒေပါပြဋ္ဌာန်းချက်များအရ ဆောင်ရွက်လျက်ရှိသလို တခြားတစ်ဖက်မှလည်းလုပ်ငန်းရှင်များအား နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနှင့်အညီ ကုန်စည်နှင့်ဝန်ဆောင်မှုများ ထုတ်လုပ်ဆောင်ရွက်နိုင်ရန် တွေ့ဆုံ၊ ဆွေးနွေး၊ အကြံပြုခြင်း၊သတင်းအချက်အလက်များဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ပေးခြင်းဖြင့် ပြည်တွင်းဈေးကွက်၌သာမက ပြည်ပဈေးကွက်အထိထိုးဖောက်၍ ဈေးကွက်ချဲ့ထွင်၍ အောင်မြင်မှုများရရှိစေရန် ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

ကျင့်ဝတ်နှင့်အညီဆောင်ရွက်သောလုပ်ငန်းဆိုသည်မှာသက်ဆိုင်ရာမှ ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များကိုလေးစားလိုက်နာသည်။ စားသုံးသူများ၏ လိုအပ်ချက်နှင့်စိတ်ကျေနပ်မှုကိုအလေးထား၍ အမြတ်ကြီးစားမပြုလုပ်ဘဲ သင့်တင့်မျှတသောဈေးနှုန်းသတ်မှတ်၍ ဖြန့်ဖြူးရောင်းချဆောင်ရွက်သည်။ စားသုံးသူများအပေါ် ရိုးသားဖြောင့်မတ်စွာဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် စာနာစိတ်ထားကာ ဆောင်ရွက်သည်။ စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးကိုအဓိကထားသည်။ စားသုံးသူမှပေးသောငွေကြေးနှင့် ထိုက်တန်သောအကျိုးရှိမည့် ကုန်စည်နှင့် ဝန်ဆောင်မှုများပေးနိုင်ရန် အလေးထားသည်။ ပတ်ဝန်းကျင်ထိခိုက်နစ်နာမှု၊ စားသုံးသူများထိခိုက်နစ်နာဆုံးရှုံးမှုများမဖြစ်စေရေးအတွက် ဂရုတစိုက်ဆောင်ရွက်သည်။ စားသုံးသူ များ၏ အခွင့် အရေးများကို လေးစားတန်ဖိုးထားပြီးပွင့်လင်းမြင်သာမှုရှိစွာဆောင်ရွက်သည်။ လုပ်ငန်းရေရှည်တည်တံ့ရပ်တည်နိုင်ရေးအတွက်သာဆောင်ရွက်သည်စသည့်အချက်များဖြင့် ပြည့်စုံရန် လိုအပ်ပါသည်။

ဆိုလိုသည်မှာလုပ်ငန်းရှင်များသည် စားသုံးသူများ၏ ရပိုင်ခွင့်များကိုလက်ခံအသိအမှတ်ပြု၍ ရိုးသားဖြောင့်မတ်စွာဖြင့် အကောင်းဆုံးသောကုန်စည်နှင့်ဝန်ဆောင်မှုများထုတ်လုပ်ဆောင်ရွက်ပြီး စတင်ထုတ်လုပ်ဆောင်ရွက်သည့်အချိန်မှစ၍ စားသုံးသူပါးစပ်ထဲရောက်သည်အထိ ထုတ်လုပ်၊ သယ်ပို့၊ ဖြန့်ဖြူး၊ ရောင်းချသည့်အဆင့်တိုင်းတွင် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့်စားသုံးသူများ၏ စိတ်ကျေနပ်မှုရရှိစေရေးအတွက် ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊အရည်အသွေးစစ်မှန်၊ အချိန်မှန်စွာဖြင့် ပြုလုပ်ပေးရန်တာဝန်ရှိကြောင်း ဆိုလိုခြင်းဖြစ်ပါသည်။

စားသုံးသူများသည်လုပ်ငန်းရှင်များ၏စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင်မြင်ရန် အကူအညီပေးနေသော အရှင်သခင်များဖြစ်ကြသည်ကိုသတိမူသင့်ပါသည်။ နှစ်ဆယ့်တစ်ရာစုခေတ်စားသုံးသူများသည် လူသုံး၊ အိမ်သုံးနှင့်ဝန်ဆောင်မှုလုပ်ငန်းများ ရယူသုံးစွဲရာတွင် အကျိုးရှိခြင်း၊ ရေရှည်အသုံးခံခြင်း၊ သတင်းအချက်အလက်များ ပြည့်စုံစွာပါရှိခြင်း၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းခြင်းစသည့် အချက်များကိုအလေးပေးကာ ရွေးချယ် ဝယ်ယူကြသည်ကိုတွေ့ရှိရပါသည်။ လူကြီး၊ လူငယ်၊ ကလေးနှင့် ယောကျ်ား၊ မိန်းမစသည့် အသက်အရွယ်အပိုင်းအခြားအလိုက် စိတ်ကျေနပ်မှုရရှိခြင်းလည်း တူညီနိုင်မည်မဟုတ်ပေ။ စီးပွားရေးလုပ်ငန်းရှင်များသည် ရာသီဥတု၊ အချိန်အခါ၊ အသက်အရွယ်အလိုက် စိတ်ကျေနပ်မှုရရှိစေရန်ဆောင်ရွက်ကြမှသာလျှင် ရေရှည်တည်တံ့၍ အောင်မြင်နိုင်မည့်လုပ်ငန်းတစ်ခုကိုတည်ထောင်ရာရောက်ပေမည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနသည် ခေတ်၊ စနစ်များနှင့်အညီ စားသုံးသူများကိုအကာအကွယ်ပေးနိုင်ရေး၊ ဆုံးရှုံးနစ်နာမှုများကိုကုစားဖြေရှင်းနိုင်ရေး၊ လုပ်ငန်းရှင်များလူသုံး၊ အိမ်သုံးပစ္စည်းများထုတ်လုပ်၊ တင်ပို့၊ တင်သွင်း၊ ဖြန့်ဖြူးရောင်းချရာတွင် နိုင်ငံတကာသတ်မှတ်ချက်များနှင့်အညီဆောင်ရွက်နိုင်ရေး၊ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်အထိ ချဲ့ထွင်ထိုးဖောက်နိုင်ရေးအတွက် လိုအပ်သောဥပဒေ၊ အမိန့်ညွှန်ကြားချက်များထုတ်ပြန်၍ ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ စားသုံးသူများကိုကာကွယ်ပေးရင်း လုပ်ငန်းရှင်များရေရှည်အကျိုးဖြစ်ထွန်းစေရန် ဆောင်ရွက်ပေးနေခြင်းဖြစ်ပါသည်။ မည်သူ့ကိုသာစေ၊ မည့်သူ့ကိုနာစေဆို၍ အမိန့်များကိုအလျင်စလိုထုတ်ပြန်ခဲ့ခြင်းမဟုတ်ပေ။ သက်ဆိုင်ရာဆက်စပ်ဌာနများ၊ အသင်းအဖွဲ့များ၊ ပညာရှင်များနှင့် အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်းအဖြေရှာ၍ အဆင့်ဆင့်တင်ပြ၍ ခွင့်ပြုချက်ရယူကာထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ၅၁ သန်းကျော်သောစားသုံးသူများ၊ လုပ်ငန်းရှင်များအကျိုးအတွက် သော်လည်းကောင်း၊

**စာမျက်နှာ-၂၁သို့**

# ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်းများ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် ချမှတ်ထားရမည့်အခြေခံအချက်များ

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်သည် အဂတိလိုက်စားမှုများလျော့နည်းပပျောက်ရေးအတွက် တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသည်။ ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အရှိန်မြှင့်ဆောင်ရွက်ရာတွင် အသိပညာပေးခြင်းလုပ်ငန်းများကို ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်နေသည်။ ကော်မရှင်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနည်းလမ်းသုံးသွယ်ကိုင်တွယ်ကျင့်သုံးနေသည်။ ပထမနည်းလမ်းမှာ စုံစမ်းစစ်ဆေးခြင်းနှင့်တရားစွဲဆိုခြင်းဖြစ်သည်။ ဒုတိယနည်းလမ်းမှာ တားဆီးကာကွယ်ခြင်းဖြစ်သည်။ တတိယနည်းလမ်းမှာ အသိပညာပေးခြင်းဖြစ်သည်။

ကော်မရှင်သည် ယင်းနည်းလမ်းသုံးသွယ်ကို တစ်ပြိုင်တည်းကိုင်တွယ်ကျင့်သုံးဆောင်ရွက်နေသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်ထဲတွင် အဓိကထားဆောင်ရွက်နေသည့် နည်းလမ်းများမှာ အသိပညာပေးခြင်းလုပ်ငန်းဖြစ်သည်ဟုကော်မရှင်ဥက္ကဋ္ဌ၏ ပြောကြားချက်အရသိရသည်။ အသိပညာပေးခြင်းလုပ်ငန်းသည် အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် အရေးအကြီးဆုံးလုပ်ငန်း၊ အထိရောက်ဆုံးလုပ်ငန်း၊ အလျင်မြန်ဆုံးလုပ်ငန်း၊ နစ်နာမှုအနည်းဆုံးလုပ်ငန်းဖြစ်သည်ဟုလည်း ကော်မရှင်ဥက္ကဋ္ဌက ဆိုထားသည်။

ယခုအခါ ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်းများ အဂတိလိုက်စားမှုကာကွယ်ရေးအတွက် လိုက်နာရမည့်ကျင့်ဝတ်များ၊ အခြေခံအချက်များကို ကော်မရှင်က အောက်တိုဘာ ၁၉ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။ ယင်းကျင့်ဝတ်များ၊ အခြေခံအချက်များအား အများပြည်သူသိရှိထားရန် လိုသည်။

ကော်မရှင်သည် “ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်းများ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် အခြေခံခိုင်မာသော လုပ်ငန်းဆိုင်ရာကျင့်ဝတ်များ၊ သင့်လျော်သော ထိန်းချုပ်မှုနည်းလမ်းများချမှတ်ဆောင်ရွက်နိုင်ရန် အခြေခံအချက်များသတ်မှတ်ခြင်း” ဟူသောခေါင်းစဉ်ဖြင့် အမိန့်ကြော်ငြာစာတစ်ရပ်ထုတ်ပြန်ထားသည်။ ယင်းအမိန့်ကြော်ငြာစာသည် ကော်မရှင်၏အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၈) လည်းဖြစ်သည်။ ကော်မရှင်သည် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ) အရ ယင်းအမိန့်ကြော်ငြာစာကို ထုတ်ပြန်ရခြင်းဖြစ်သည်။အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ထ) တွင် ‘မည်သည့်ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်းကိုမဆို အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် အခြေခံခိုင်မာသောလုပ်ငန်းဆိုင်ရာ ကျင့်ဝတ်ချမှတ်ကျင့်သုံးစေရေး အမိန့်ထုတ်ပြန်ဆောင်ရွက်ခြင်း’ဟု ပြဋ္ဌာန်းထားသည်။ သို့ဖြစ်ရာ ပုဂ္ဂလိက လုပ်ငန်းအဖွဲ့အစည်းများသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရန် အခြေခံခိုင်မာသောလုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များ ရေးဆွဲနိုင်ရေးအတွက်လည်းကောင်း၊ မိမိတို့အဖွဲ့အစည်းများအတွင်း သင့်လျော်သောထိန်းချုပ်မှု နည်းလမ်းများ ချမှတ်ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း အောက်ပါအချက်များကို အခြေခံရန် သတ်မှတ်လိုက်သည်ဟု ဖော်ပြထားသည်။

(က)အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ခိုင်မာ၍ ထိရောက်မှုရှိသော မူဝါဒချမှတ်ရန်နှင့် အဆိုပါမူဝါဒကို အမြင့်ဆုံးစီမံခန့်ခွဲမှုမှ ထောက်ခံမှုရှိရန်၊ (ခ) အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှုကို ထိရောက်စွာ လေ့လာဆန်းစစ်ဖော်ထုတ်၍ သုံးသပ်အကဲဖြတ်မှုရှိရန်၊ (ဂ) အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု မြင့်မားပြီး ထိလွယ်ရှလွယ်သော နယ်ပယ်များအတွက် ပိုမိုတိကျသော အသေးစိတ်ဆောင်ရွက်မှုများ ထားရှိရန်၊ (ဃ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ဆောင်ရွက်မှုများသည် မိမိလုပ်ငန်းများသာမက ချိတ်ဆက်ဆောင်ရွက်နေသော လုပ်ငန်းကွင်းဆက်များအားလုံးနှင့် အကျုံးဝင်စေရန် (င) စာရင်းဇယားများနှင့် စာရင်းမှတ်တမ်းများကို စနစ်တကျမှန်ကန်စွာထားရှိရန်၊ (စ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အထောက်အကူဖြစ်စေမည့် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုမူဝါဒများထားရှိရန်၊ (ဆ) အဂတိလိုက်စားကြောင်းသံသယရှိမှုကို သတင်းပေးနိုင်သော ယုံကြည်စိတ်ချရသည့် ယန္တရားများထားရှိရန်၊ (ဇ) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး ဆောင်ရွက်မှုများအပေါ် ပုံမှန်သုံးသပ်အကဲဖြတ်မှုစနစ်ထားရှိရန်စသည့် အချက်ရှစ်ချက်ကို ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်းများ အခြေခံထားရှိရမည့် အချက်များအဖြစ် ကော်မရှင်ဥက္ကဋ္ဌဦးအောင်ကြည်က ထုတ်ပြန်ကြေညာထားသည်။ ယင်းအချက်များ

**မောင်လွင်ပြင်**

ထုတ်ပြန်ကြေညာထားခြင်းသည် ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်းများအားလုံးသို့ အဂတိလိုက်စားမှုရှောင်ကြဉ်ရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးတို့တွင် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ကူညီရန် အသိပညာပေးနှိုးဆော်ထားခြင်းဖြစ်သည်။ ယနေ့အချိန်အခါတွင် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ၊ ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်းများကြားတွင် အဂတိလိုက်စားမှုရှောင်ကြဉ်ရေး၊ အသိပညာပေးခြင်းလုပ်ငန်းများ အထူးလိုအပ်နေသည်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၊ ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်းများ ဦးဆောင်နေသော မြန်မာ့စီးပွားရေးလောကတွင် ပါဝင်ပတ်သက်နေသူ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် လုပ်ငန်းအဖွဲ့အစည်းများအားလုံး အဂတိတရားလေးပါးစလုံး အပြည့်အစုံစောင့်စည်းရှောင်ကြဉ်ထိန်းသိမ်းနိုင်ကြမည်ဆိုလျှင် အဂတိလိုက်စားမှု အမှုအကျင့်များအတော်လေးလျော့ပါးသွားလိမ့်မည်ဟု ယုံကြည်မှုရှိထားကြသည်။ ထို့ကြောင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် ပုဂ္ဂလိက လုပ်ငန်းအဖွဲ့အစည်းများအားလုံးသို့ အသိပညာများ ပျံ့နှံ့ရေးအထူးဆောင်ရွက်နေခြင်းဖြစ်သည်။

ထို့ပြင် ပြီးခဲ့သည့် ဩဂုတ် ၃ ရက်ကလည်း ကုမ္ပဏီများနှင့်စီးပွားရေးအဖွဲ့အစည်းများလိုက်နာကျင့်သုံးရမည့် အဂတိလိုက်စားမှုရှောင်ကြဉ်ရေးကျင့်ဝတ်ခြောက်ချက်ကိုလည်း ထုတ်ပြန်ထားပါသေးသည်။ ကုမ္ပဏီများနှင့်စီးပွားရေးအဖွဲ့အစည်းများအတွက် ကျင့်ဝတ်ခြောက်ချက်ထုတ်ပြန်လိုက်ခြင်းသည်လည်း ကော်မရှင်၏အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်ဖြစ်သော အသိပညာပေးခြင်းလုပ်ငန်းကိုထိထိရောက်ရောက်ဖော်ဆောင်လိုက်ခြင်းဟု မှတ်ယူနိုင်သည်။ ယခုယင်းကျင့်ဝတ်ခြောက်ချက်ကို အလျဉ်းသင့်၍ အများပြည်သူသိစေသောငှာတင်ပြလိုက်ပါသည်။

မြန်မာနိုင်ငံအတွင်း မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇) နှင့်အညီ တည်ထောင်ထားရှိသော ကုမ္ပဏီများနှင့်စီးပွားရေးအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် အချက်ခြောက်ချက်ကို ထုတ်ပြန်လိုက်သည်။ (၁) လက်ဆောင်၊ ဧည့်ဝတ်ကျေပွန်မှုနှင့်ဖျော်ဖြေမှုများ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေပေးအပ်ခြင်း၊ (၂) ခရီးသွားလာခြင်းအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေပံ့ပိုးမှုပေးအပ်ခြင်း၊ (၃) လုပ်ငန်းများချောမွေ့စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ငွေကြေးပေးအပ်ခြင်း၊ (၄) လူမှုရေးဆိုင်ရာ ထည့်ဝင်လှူဒါန်းမှုတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေပေးအပ်ခြင်း၊ (၅) နိုင်ငံရေးဆိုင်ရာထည့်ဝင်လှူဒါန်းမှုတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေပေးအပ်ခြင်းနှင့်(၆)ကုမ္ပဏီသို့မဟုတ်အဖွဲ့အစည်းတွင် ဝန်ထမ်းများခန့်ထားရာ၌ ဆက်စပ်အဖွဲ့အစည်းများအကြား မိမိအကျိုးစီးပွားအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပံ့ပိုးပေးအပ်ခြင်းစသည်တို့ဖြစ်သည်။ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် ဖွဲ့စည်းထားသော ကုမ္ပဏီများနှင့်စီးပွားရေးအဖွဲ့အစည်းများအားလုံး ယင်းကျင့်ဝတ်ခြောက်ချက်ကို လိုက်နာကျင့်သုံးရန်လိုအပ်ကြောင်းနှင့် လေးစားလိုက်နာကြရန် တာဝန်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။ ယင်းကြေညာချက်ထဲတွင် ကုမ္ပဏီများနှင့် စီးပွားရေးအဖွဲ့အစည်းများသည် လုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးကျင့်ဝတ်များကို လေးစားလိုက်နာပြီး စီးပွားရေးဝန်းကျင်တစ်ခုလုံးဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ထုတ်ပြန်ခြင်းဖြစ်ကြောင်းကိုလည်း ဖော်ပြထားပါသေးသည်။

ထို့ပြင်လည်း တိတိကျကျသိရှိစေရေး ကြေညာချက်ထဲတွင် မြန်မာနိုင်ငံအတွင်း တည်ထောင်ထားသောကုမ္ပဏီများနှင့် စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းဆောင်ရွက်သည့်အခါ ဆက်စပ်ဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့်ထိတွေ့ဆောင်ရွက်မှုပြုရာတွင်လည်းကောင်း၊ ပုဂ္ဂလိက ကဏ္ဍအတွင်းရှိကုမ္ပဏီများနှင့် အဖွဲ့အစည်းများ အချင်းချင်း ထိတွေ့ဆောင်ရွက်မှုများ ပြုလုပ်ရာတွင်လည်းကောင်း အဂတိလိုက်စားမှုများ တားဆီးကာကွယ်ရေးအတွက် ရည်ရွယ်ကြေညာခြင်းဖြစ်သည်ဟု ဖော်ပြထားပါကြောင်း ဗဟုသုတရဖွယ်တင်ပြလိုက်ရပါသည်။

## စာမျက်နှာ (၂၀) ကုန်စည်များပေါ်တွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ . . . မှအဆက်

စာမျက်နှာ (၂၀) ... မှအဆက်

ပြည်သူများသာယာဝပြောသော ပတ်ဝန်းကျင်ကောင်းတွင် သက်တမ်းစေ့နေနိုင်ရေးအတွက်လည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်အတွက်လည်းကောင်း၊ နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသောသတ်မှတ်ချက်များနှင့် ကိုက်ညီစေရေးအတွက်လည်းကောင်း၊ ထိခိုက်နစ်နာဆုံးရှုံးမှုများကိုမဖြစ်ခင်ကြိုတင်ကာကွယ်နိုင်ရေးအတွက်လည်းကောင်း အမိန့်ကြော်ငြာစာအားထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။

သို့ရာတွင်ရည်ရွယ်ချက်ကောင်းများဖြင့် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာဖြစ်သော်လည်း ဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်ပါက ထိုက်သင့်သလောက် အောင်မြင်မှုရရှိမည်ဖြစ်သော်လည်း အချိန်ရှည်ကြာပေမည်။ ၅၁ သန်းကျော်သောပြည်သူများထိခိုက်နစ်နာ သေဆုံးမှုများ ဆက်လက်ဖြစ်ပေါ်နိုင်ပါသည်။ နိုင်ငံတော်နှင့်ပြည်သူများအကျိုးအတွက် ထုတ်ပြန်သော အမိန့်ကိုပြည်သူများဖြစ်သည့် စားသုံးသူများ၊ လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ သက်ဆိုင်ရာဆက်စပ်ဌာနများအားလုံးမှ လက်တွဲ၍ပူးပေါင်းဆောင်ရွက်မှသာလျှင် အချိန်တိုအတွင်း အောင်မြင်နိုင်မည့်အမိန့်တစ်ခုဖြစ်၍ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်လိုက်နာလုပ်ဆောင်ကြရန်လို အပ်ပါသည်။

သို့ဖြစ်ပါ၍စီးပွားရေးလုပ်ငန်းရှင်များသည် ၅၁ သန်းကျော်သော ပြည်သူများအကျိုးအတွက် ထုတ်ပြန်ထားသော၊ တိုက်တွန်းထားသောအမိန့်ကြော်ငြာစာနှင့်အညီ ကုန်စည်များထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းပြုလုပ်ရာတွင် စားသုံးသူများဘေးကင်းလုံခြုံမှုရှိစေရေးအတွက် ကုန်စည်များတွင် သုံးစွဲပုံအညွှန်း၊ ထားသိုသိမ်းဆည်းပုံအညွှန်း၊ ခတ်မတည့်ကြောင်းဖော်ပြချက်နှင့်ကြိုတင်သတိပေးချက်၊ ဘေးထွက်ဆိုးကျိုးများနှင့် ပတ်သက်၍သတင်းအချက်အလက်များ၊ညွှန်ကြားချက်များကိုမြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြပေးကြရန်တိုက်တွန်းအပ်ပါသည်။ သို့မှသာစားသုံးသူများဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ ဆုံးရှုံးနစ်နာမှုများကင်းဝေး၍ ငြိမ်းချမ်းပျော်ရွှင်သော ပတ်ဝန်းကျင်ကောင်းတွင် ကျန်းမာစွာဖြင့် သက်တမ်းစေ့နေထိုင်သွားနိုင်မည်ဖြစ်ပါကြောင်း စေတနာရှေ့ထား၍ တိုက်တွန်းအပ်ပါသည်။

**Commerce ကာတွန်း**



Vol: 18, No.44 Monday November 5 2018

## ဗန်းမော်ခရိုင်တွင် တောင်သူများ စိုက်ပျိုးမှု ဖွံ့ဖြိုး တိုးတက်စေရန် သီးနှံစိုက်ပျိုး ထုတ်လုပ်သူများအသင်း ဖွဲ့စည်း

ဗန်းမော်ခရိုင်ရှိ တောင်သူများ သီးနှံစိုက်ပျိုးထုတ်လုပ်ကုန်သွယ်မှုပြုရာတွင် ပိုမိုလွယ်ကူ အဆင်ပြေစေရန်အတွက် ဗန်းမော်ခရိုင်တွင် သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်းကို တရားဝင် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်တွင် ဗန်းမော်ခရိုင်၊ ခရိုင်အဆင့်သီးနှံ စိုက်ပျိုးထုတ်လုပ်သူများအသင်းရှိ တောင်သူများကို အသိအမြင်ဖွင့် ဆွေးနွေးဟောပြောခြင်း အခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်၊ ဗန်းမော်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦး၊ ကချင်ပြည်နယ် သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ဥက္ကဋ္ဌ ဦးလရစ်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဂမ်နှင့် အဖွဲ့ဝင်များ၊ တရုတ်နိုင်ငံ တယ်ဟုန်းခရိုင် ကုန်သည်ကြီးများအသင်းမှ ကိုယ်စားလှယ်များ၊ ဗန်းမော်ခရိုင် သီးနှံစိုက်ပျိုး ထုတ်လုပ်သူများအသင်း အလုပ်အမှုဆောင်အဖွဲ့များနှင့် ခရိုင်အတွင်းရှိ တောင်သူပေါင်း ၁၇၀ ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ရှေးဦးစွာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်က အဖွင့်အမှာ စကားပြောကြားခဲ့ပြီး ခရိုင်သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးချစ်ထွေး၊ ပြည်နယ်အသင်း ဥက္ကဋ္ဌ ဦးလရစ်၊ ဒု-ဥက္ကဋ္ဌဦးအောင်ဂမ်တို့က တက်ရောက်လာသော တောင်သူများကို အသိအမြင်ဖွင့် ဟောပြောခဲ့ကြပြီး၊ ကချင်ပြည်နယ် သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်း နာယကမှ အသင်းမှတ်ပုံတင် လက်မှတ်နှင့် ငွေကျပ် ၁၀ သိန်းကို ဗန်းမော်ခရိုင်သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌထံ ပေးအပ်ခဲ့သည်။ ဆက်လက်၍လည်း တရုတ်နိုင်ငံတယ်ဟုန်းကုန်သည်ကြီးများအသင်းမှ ကိုယ်စားလှယ်အဖွဲ့က ခရိုင်စိုက်ပျိုးထုတ်လုပ်သူများအသင်းသို့ အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဗန်းမော်ခရိုင်အတွင်း သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်းကို ဖွဲ့စည်းနိုင်ခြင်းကြောင့် တောင်သူများ နှစ်ရှည်လများ ကြုံတွေ့ခဲ့ကြရသော သီးနှံဈေးကွက်အတွင်း အဆင်မပြေမှုများစွာကို ဖြေရှင်းနိုင်မည်ဖြစ်ပြီး တောင်သူများ၏ စိုက်ပျိုးရေးအခွင့်အလမ်းနှင့်အခွင့်အရေးများကို ပိုမိုဖွံ့ဖြိုးတိုးတက်ရရှိစေမည်ဖြစ်ကာ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းဖြင့် ဒေသဖွံ့ဖြိုးရေးတိုးတက်လာမည်ဖြစ်သည်။ ထို့ပြင် ဒေသထွက်သီးနှံထွက်ကုန်များကို ထွက်နှုန်းတိုးစေပြီး တရုတ်နိုင်ငံသို့တင်ပို့ရာတွင် ဈေးနှုန်းပိုမိုရရှိစေရေးနှင့် နှစ်နိုင်ငံကြားနယ်စပ်ကုန်သွယ်ရေးစနစ် ကောင်းမွန်လာစေရန် ဗန်းမော်ခရိုင်သီးနှံ စိုက်ပျိုးထုတ်လုပ်သူများအသင်းအား အလုပ်အမှုဆောင် ၃၃ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ပြည်နယ်သီးနှံ စိုက်ပျိုး ထုတ်လုပ်သူများအသင်းတို့ ပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ **ဂျေဖြိုး (ဗန်းမော်မြေ)**

## ရေသတ္တဝါမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆွေးနွေးပွဲကျင်းပ




စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ဥရောပသမဂ္ဂဂျာမနီပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် အမျိုးသားအဆင့်ရေသတ္တဝါမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဆွေးနွေးပွဲကို အောက်တိုဘာ ၃၁ ရက်က မဟာအောင်မြေမြို့နယ် ဟိုတယ်မန္တလေးခန်းမတွင် ကျင်းပခဲ့သည်။ အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ရေသတ္တဝါရေရှည်ဖွံ့ဖြိုးရေးစီမံကိန်း ဒါရိုက်တာ Mr.Peter Buri က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ အမျိုးသားအဆင့် ရေသတ္တဝါမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် အမှုဆောင်ညွှန်ကြားရေးမှူးဒေါက်တာဇော်ဦးက ငါးမွေးမြူရေးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ နည်းပညာပံ့ပိုးကူညီပေးရေးနှင့် ပို့ကုန်မြှင့်တင်ရေးဆိုင်ရာများ ဆွေးနွေးရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့မှ ခရိုင်နှင့် မြို့နယ် ငါးလုပ်ငန်းဦးစီးမှူးများ ငါးမွေးမြူရေးလုပ်ငန်းရှင်များမှ တွေ့ကြုံရသည့် ငါးမွေးမြူရေး အတွေ့အကြုံအခက်အခဲများ၊ ငါးများတွင်ကျရောက်သည့်ရောဂါများ၊ ငါး၊ ပုစွန်၊ ငါးရှဉ့်၊ ကဏန်းများ စသည့် ရေထွက်ကုန်များ သိုလှောင်၍ ဈေးကွက်တင်ပို့ခြင်း၊ ငါးသယံဇာတများ ထိန်းသိမ်းခြင်းဆိုင်ရာများ ဆွေးနွေးကြကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## (၁၃) ကြိမ်မြောက် ပြင်ဦးလွင်ပန်းပွဲတော် ဒေသအလှ ရာသီပန်း အလှပြိုင်ပွဲကျင်းပမည်

(၁၃)ကြိမ်မြောက် ပြင်ဦးလွင် ပန်းပွဲတော်ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၅ ရက်အထိ အမျိုးသား ကန်တော်ကြီး ဥယျာဉ်တွင် ကျင်းပသွားမည်ဖြစ်သည်။ ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံမှ ပန်းပညာရှင်အဖွဲ့များနှင့် ပူးပေါင်းကာ ပန်းများ စိုက်ပျိုးပြသသွားမည်ဖြစ်ပြီး ပန်းအတုရုပ်လုံးပုံဖော်ရန် ၂၀ ရာခိုင်နှုန်းအသုံးပြုပြီး ၈၀ ရာခိုင် နှုန်းကို ဒေသမျိုးရင်းပန်းများဖြင့် အလှ ဆင် ပြသသွားမည်။ ပန်းမျိုးစုံ ပျိုးပင် ၂ သိန်းကျော် ပျိုးထောင်ထားပြီး နိုဝင်ဘာလ ဆောင်းဝင်သည်နှင့် စိုက်ကွက်များတွင် ရွှေ့ပြောင်းစိုက်ပျိုးရန် ပြင်ဆင်လျက်ရှိသည်။ ဂျပန်နှင့် ထိုင်းပန်းမျိုးများလည်း စိုက်ပျိုးပြသသွားမည်ဖြစ်သည်။ (၁၃)ကြိမ်မြောက် ပန်းပွဲတော်တွင် ပထမဆုံးအကြိမ်ပြုလုပ်မည့် ဒေသအလှ ရာသီပန်းအလှပြိုင်ပွဲကျင်းပမည် ဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ ပန်းဝါသနာရှင်များ ပါဝင်ဆင်နွှဲရန် ဖိတ်ခေါ်ထား၍ ပြိုင်ပွဲလာရောက်သူများ၏ Facebook page မှ Voting System ဖြင့် ဆုရွေးချယ်၍ ပထမဆု ကျပ် ၅ သိန်း၊ ဒုတိယဆု ကျပ် ၃ သိန်း၊ တတိယဆု ကျပ် ၂ သိန်း ချီးမြှင့်သွားမည်။ ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် ပြိုင်ပွဲဝင်ပုံစံများကို နိုဝင်ဘာ ၃၀ ရက်အတွင်း အမျိုးသား ကန်တော်ကြီးဥယျာဉ်တွင် လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

ပန်းပွဲတော်တွင် ရိုးရာလက်မှုအရောင်းဆိုင်များ၊ စိုက်ပျိုးရေးသုံးနှင့် ပျိုးပင်ပန်းပင်အရောင်းဆိုင်များ၊ ပြင်ဦးလွင် ထွက်ကုန်အရောင်းဆိုင်များနှင့် စားသောက်ဆိုင်များ၊ နာမည်ကြီး ဂီတအနုပညာရှင်များ ဖျော်ဖြေတင်ဆက်မှုများ၊ ထူးခြားဆန်းသစ်သည့် အပြင်အဆင်နှင့် Floral Fashion Show များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ (မန္တလေး)**

## မြန်မာ-တရုတ်နယ်စပ်မှ ရော်ဘာပိုမိုတင်ပို့

အောက်တိုဘာ ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၃ သန်း တန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၅၅၀ တင်ပို့ခဲ့ကြောင်း သိရပါတယ်။ စခန်းအလိုက် တင်ပို့မှုများမှာ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ RSS-1 အမျိုးအစား ၆၅ တန်၊ RSS-3 အမျိုးအစား ၁၇၈ တန်ကျော်၊ MSR-20 အမျိုးအစား ၂၇၇ တန်ခန့်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစား ၈၅၁ တန်နီးပါးနဲ့ RSS-5 အမျိုးအစားတန်ချိန် ၁၇၀၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ Crepe Rubber ၉ တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၂၈၃ တန်ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

အောက်တိုဘာ ၁၄ ရက်မှ ၂၇ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၀၂ သန်းတန်ဖိုးရှိ ရော်ဘာအမျိုး အစားစုံ ၁၆၄၈ တန်ကျော်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုများမှာ မလေးရှားနိုင်ငံသို့ MSR-20 အမျိုးအစား ၁၀၅ တန်နဲ့ RSS-3 အမျိုးအစား ၁၆၅ တန်၊ တရုတ်နိုင်ငံသို့ Synthetic Rubber ၈၈၇ တန်ကျော်နဲ့ MSR -10 အမျိုးအစား ၄၀၃ တန်ကျော်၊ ကိုရီးယားနိုင်ငံသို့ TSR-20 အမျိုးအစား ၈၈ တန်ကျော်တင်ပို့ခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာရော်ဘာဈေး အတက်အကျ အနည်းငယ်သာရှိတဲ့အတွက် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာဈေးလည်း မပြောင်းလဲဘဲ ယခင်တစ်ပတ် ဈေးအတိုင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရပါတယ်။ **ယဉ်ယဉ်အေး**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါဖစ် (၂၀၁၁) GES | M | ၁၇၀ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | ဖစ်ရှာတဲလ် (၂၀၁၁) | N | ၂၆၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ဟိုက်ဂျက် (၂၀၀၈) | N | ၈၅ သိန်း | ၀. ၆ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ဗီဒါ (၂၀၁၁) | Q | ၃၂၀ သိန်း | ၁.၅ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၅။ | စူပါကပ်စတန် (၂၀၀၂) | 8H | ၁၅၅ သိန်း | ၂.၀ ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | လိုက်အေ့စ် (၂၀၀၂) | F | ၁၆၀ သိန်း | ဒီဇယ်၊ ရန်ကုန် |
| ၇။ | ပရိုဘောက် (၂၀၁၄) | N | ၂၃၅ သိန်း | ၁.၅ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၈။ | ပရိုဘောက် (၂၀၁၂) | HH (နီ) | ၂၅၀ သိန်း | စီအန်ဂျီ၊ ရန်ကုန် |
| ၉။ | မက် (၂၀၁၁) | L | ၁၈၅ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | တောင်ဥက္ကလာပမြို့နယ် ၊ မေတ္တာလမ်းသွယ် | ၁၂၀၀ စ/ပေ | အခန်းဖွဲ့(၃) လွှာ | ၉၅၀ သိန်း | | ၀၉/၉၇၆၂၁၁၂၃ |
| ၂။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ် ၊ (၁၄/၂) ရပ်ကွက်၊ ဟသ်ာလမ်း | (၃၅ x ၄၅ )ပေ | RC (၁) ထပ် | ၂၀၀၀ သိန်း | | ၀၉/၉၇၆၂၁၁၂၃ |
| ၃။ | အိမ်/မြေ | သာကေတမြို့နယ် (၇) ရပ်ကွက်၊ လမ်းမကြီးအနီး | (၂၀ x ၆၀ )ပေ | (၁)ထပ်၊ ပျဉ်ထောင် | ၇၀၀ သိန်း | | ၀၉/၅၆၃၀၇၀ |
| ၄။ | ကွန်ဒို | ဗိုလ်အောင်ကျော်လမ်း၊ ကွန်ဒို | ၂၅၀၀ စ/ပေ | MB(3) BR(1) | ၃၈၀၀ သိန်း | ဓါတ်လှေခါးပါ | ၀၉/၅၆၃၀၇၀ |
| ၅။ | တိုက်ခန်း | သယ်္န်းကျွန်းမြို့နယ်၊ သမာဓိလမ်း (၁၀/၁) ရပ်ကွက် | (၁၃ x ၄၈ )ပေ | ဟောလ်၊ (၂) လွှာ | ၁၆၈ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၆။ | တိုက်ခန်း | သယ်္န်းကျွန်းမြို့နယ်၊ သမာဓိလမ်း (၁၀/ခ) ရပ်ကွက် | (၁၅ x ၅၀ )ပေ | ခန်းဖွဲ့ (၄) လွှာ | ၂.၅ သိန်း | ရပ်ကွက်သန့် ၁ လ ငှားနှုန်း | ၀၉/၂၅၀၃၇၆၃၇၉ |
| ၇။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်၊ ဖဆပလ | (၁၂.၅ x ၅၈ )ပေ | လှေကားထိုးခင်း၊ (၂) လွှာ | ၆၅၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၈။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ မင်းလမ်း | (၁၈ x ၄၀)ပေ | ကြွေခင်း၊ မြေညီထပ် | ၇၅၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၉။ | မြေ | လှည်းကူးမြို့နယ်၊ မြို့အထွက် | ၁၀၀၀၀ စ/ပေ | မြေသီးသန့် | ၈၀၀၀ သိန်း | လမ်းမကြီး ရပ်ကွက် | ၀၉/၅၁၁၇၂၆၂ |

## ရှမ်းပြည်နယ် စီးပွားရေးရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုပ်ငန်းရှင်တို့၏ အခန်းကဏ္ဍ Forum ကျင်းပ

တောင်ကြီးမြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမတွင် ရှမ်းပြည်နယ် စီးပွားရေးရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုပ်ငန်းရှင်တို့၏ အခန်းကဏ္ဍ Forum ကို အောက်တိုဘာလ ၂၈ ရက်က ကျင်းပခဲ့ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး arcFoundation (နာယက) ဦးဇော်သန်းက စီးပွားရေး Forum ပြုလုပ်ရခြင်း ရည်ရွယ်ချက်နှင့် arcFoundation ၏ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးခြင်း၊ SSSCCI (ဥက္ကဋ္ဌ)ဦးအောင်ဆန်းဝင်းက ယခု Forum ကျင်းပခြင်းဖြင့် ရှမ်းပြည်နယ်စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုပ်ငန်းရှင်တို့၏ အခန်းကဏ္ဍအတွက် အထောက်အကူပြုနိုင်မည်ဖြစ်၍ ကျေးဇူးတင်ကြောင်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

ယခု Forum ကို arc Foundation နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းတို့က ဦးဆောင်ကျင်းပခဲ့တယ်လို့ သိရပါတယ်။ arc Foundation (နာယက) ဦးဇော်သန်း၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဒေါက်တာတင်ထူးနိုင်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအဖွဲ့ ဦးသန်းဝင်းအောင်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) စွန့်ဦးတီထွင်လုပ်ငန်းရှင်(အဖွဲ့ဝင်) ဦးစိုင်းဖြိုးလွင်ဦး၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာမြင့်ဆန်းတို့က ပါဝင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများက သိရှိလို၍ မေးမြန်းခဲ့သည့် မေးခွန်း(၆)မျိုးကိုလည်း သက်ဆိုင်ရာကဏ္ဍ တာဝန်ရှိသူများက အသီးသီး ပြန်လည်ဖြေကြားပေးခဲ့ပြီး ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဦးစိုးညွန့်လွင်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့တယ်လို့ သိရပါတယ်။ အဆိုပါ Forum သို့ ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ arc Foundation မှ တာဝန်ရှိသူများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ စီးပွားရေးသိနှံ့ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ စိတ်ပါဝင်စားသူများ အင်အား ၁၂၀ ခန့် တက်ရောက်ခဲ့ကြတယ်လို့ သတင်းရရှိပါသည်။

**စောမောင် (တောင်ကြီး)**

## လိမ္မော်သီးများ ဈေးကွက်အတွင်းသို့ စတင်ဝင်ရောက်လာ



လိမ္မော်သီးများဟာ ဈေးကွက်အတွင်းသို့ ဝင်ရောက်လာကြပါပြီဖြစ်ပါတယ်။

ရာသီ သီးနှံများစိုက်ပျိုးရောင်းချသည့်နိုင်ငံများထဲတွင် မြန်မာနိုင်ငံဟာလည်း ပါဝင်နေပါတယ်။ ယခုအချိန်ဟာ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာရှိတဲ့ နောင်တရား၊ ပင်လောင်း၊ ကလောမြို့နယ် (ပလောင်တောင်ရွာ)၊ ပင်းတယ၊ ရပ်စောက်၊ ရွာငံမြို့နယ် (ရေဦးရွာ) တို့တွင် အဓိကစိုက်ပျိုးတဲ့ လိမ္မော်သီးပေါ်ချိန်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိနောင်တရား၊ ပင်လောင်းနှင့် ကလောမြို့နယ် ပလောင်တောင်ရွာတို့မှ ဂ၎င်းဒေသတွင်းရှိတောင်သူတွေဟာ မိမိတို့ခြံထွက် လိမ္မော်သီးများကို အောင်ပန်းရှိ သီးနှံပွဲရုံများသို့ တင်ပို့ရောင်းချကြကြောင်း၊ အောင်ပန်းမှတစ်ဆင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နဲ့ အခြားတိုင်း ဒေသကြီးများသို့စတင်တင်ပို့ရောင်းချနေကြကြောင်း၊ လက်ရှိမှာတော့ အောင်ပန်းဈေးကွက်မှာ တစ်ပိဿာလျှင် ကျပ် ၁၀၀၀ မှ ကျပ် ၁၁၀၀ ရှိကြောင်း၊ နောက်လများတွင် ပင်းတယ၊ ရပ်စောက်၊ ရွာငံမြို့နယ်တို့ဘက်မှ လိမ္မော်သီးများ ထပ်မံထွက်ရှိလာတော့မှာဖြစ်တဲ့အတွက် ဈေးနှုန်းချိုသာစွာနဲ့ ဝယ်ယူရရှိနိုင်တော့မည် ဖြစ်ကြောင်း သိရှိရပါတယ်။

**မိုမို (တောင်ကြီး)**

## မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် အမေရိကန်သံအမတ်ကြီးတွေ့ဆုံ၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ ဆွေးနွေး

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ပြည်ထောင်စုသံအမတ်ကြီးတို့ တွေ့ဆုံ၍ မန္တလေးတိုင်းဒေသကြီးအတွင်း စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၉ ရက်က ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံစူပါစင်တာစတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်မင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး HE Mr.Scot Alan Marciel က မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ကိုင်ရန် အကောင်းဆုံးနေရာမှာ မန္တလေးမြို့ဖြစ်ကြောင်း၊ အမေရိကန်လုပ်ငန်းရှင်များ လာရောက် ရင်းနှီးမြှုပ်နှံရန် ပြင်ဆင်နေကြကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ညီနောင်အသင်းများမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် အမေရိကန်သံအမတ်ကြီး ဦးဆောင်သောအဖွဲ့တို့သည် ဘဏ်စနစ် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေး နည်းပညာနှင့် အရင်းအနှီးဆိုင်ရာများ ဆွေးနွေးကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ညီနောင်အသင်းများမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။**မောင်ပြည်သူ(မန္တလေး)**

## မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ကုန်စည်ပြပွဲနှင့် ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီ ဆွေးနွေးပွဲ မူဆယ်မြို့တွင် ပြုလုပ်သွားမည်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့ အကြား ချုပ်ဆိုခဲ့သည့် မြန်မာ-တရုတ် နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီမှုစာချုပ် ၁၉၉၇ အရ နယ်စပ်ကုန်စည်ပြပွဲနှင့် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီဆွေးနွေးပွဲကို ၂၀၀၁ ခုနှစ်မှစ၍ အလှည့်ကျကျင်းပလျက်ရှိတယ်လို့ သိရပါတယ်။ ယခု ၂၀၁၈ ခုနှစ်တွင် (၁၇)ကြိမ်မြောက် မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေးကုန်စည်ပြပွဲနှင့် (၁၃)ကြိမ်မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေး ကော်မတီ (JBTCCC) အစည်းအဝေးကို ဒီဇင်ဘာလ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့အထိ (၅) ရက်ကြာ ကျင်းပပြုလုပ်သွားမယ်လို့ ဆိုပါတယ်။ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ(၁၂)ရက်၊ နံနက်(၉)နာရီအချိန်မှာ မူဆယ်ဗဟိုစီးပွားရေးဇုန်၊ မင်္ဂလာမူဆယ်ဈေးမှာ ကျင်းပပြုလုပ်သွားမယ်လို့ သိရပါတယ်။ ကုန်စည်ပြပွဲဖွင့်ပွဲ အခမ်းအနားအပြီးတွင် နယူးစတားလိုက်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်၏ မူဆယ်ဗဟိုစီးပွားရေးဇုန် (မင်္ဂလာမူဆယ်ဈေး) ၌ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ မောရွှေလီကုန်သွယ်မှုဗဟိုဌာန ဖွင့်ပွဲအခမ်းအနားကိုလည်း တစ်ဆက်တည်း ကျင်းပသွားမယ်လို့ သိရပါတယ်။ ယခုနှစ်ပြပွဲကို မင်္ဂလာမူဆယ်ဈေးအတွင်းရှိ လမ်းများတွင် ၃ မီတာ x ၃ မီတာ အကျယ်အဝန်းရှိ ပြခန်းပေါင်း(၄၀၀)ခန့်ဖြင့် တည်ဆောက် ခင်းကျင်းပြသရန် စီစဉ်ထားတယ်လို့ သိရပါတယ်။ ပြပွဲသို့လာရောက်သည့် ဧည့်သည်တော်များ၊ ပြပွဲပြသသူများ၊ လေ့လာသူများ၏ ကျန်းမာရေးဆိုင်ရာ အရေးပေါ်ကိစ္စများ ဆောင်ရွက်နိုင်ရန်နှင့် ပြပွဲကျင်းပသည့်နေရာရှိ စားသောက်ဆိုင်များ၏ သန့်ရှင်းရေးနှင့် အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပြပွဲမတိုင်မီနှင့် ပြပွဲကာလတစ်လျှောက်လုံး မီးလောင်မှုမဖြစ်စေရန်အတွက် မီးဘေး လုံခြုံရေးနှင့် အရေးပေါ် မီးသတ်ကားများပါ စီမံဆောင်ရွက်ထားရှိတယ်လို့ သတင်းရရှိပါတယ်။

**စောမောင် (တောင်ကြီး)**

### နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

## ၅-၁၁-၂၀၁၈ မှ ၁၁-၁၁-၂၀၁၈ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**

**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် လုပ်ကိုင်သမျှအဆင်ပြေနေတတ်သည်။ အထူးသဖြင့် ခရီးသွားလုပ်ငန်းပိုမို၍အားကောင်းနေတတ်သည်။ ဝင်ငွေများ တိုးပွားလာနိုင်သောကာလဖြစ်သည်။ ပညာရပ်ပိုင်းဆိုင်ရာ မိတ်ဆွေကောင်းများတွေ့မည်။ အချစ်ရေးစန်းပွင့်နေတတ်သော်လည်း၊ အိမ်ထောင်ရေးတွင် အဆင်မပြေမှု များ ရှိနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် လေရောဂါ သတိရှိသင့်သည့်ကာလ ဖြစ်ပါသည်။

**ယတြာ။ ။မိမိအိမ်မှ ဘုရားတွင် ကြေးသပိတ်နှင့် ဆွမ်းကပ်ပါ။**



**တနင်္လာသားသမီးများအတွက်** အလုပ်အကိုင်များတွင် ယှဉ်ပြိုင်ယူရသော စီးပွားရေးဖြစ်နေတတ်သည်။ ငွေကြေးကိစ္စများ အရှုပ်အရှင်းဖြစ်နေတတ်သည်။ ဆွေမျိုးသားချင်း၊ ညီအစ်ကိုမောင်နှမများကြောင့် စီးပွားရေးလုပ်ငန်းများတွင် အခက်အခဲကြုံရတတ်သည်။ အချစ်ရေးမှာရွေးချယ်စရာပြိုင်ဖတ်ပေါ်လာတတ်သည်။ အိမ်ထောင်ရေးတွင် ချစ်သူများကြောင့် သောကများရတတ်သည်။ ကျန်းမာရေးတွင် ဆေးသောက်ခြင်းဖြင့် ရောဂါပျောက် ကင်းတတ်ပါသည်။

**ယတြာ။ ။ သစ်သီးဆွမ်းကပ်လှူပြီးလိုရာဆုတောင်းပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် အကြောင်းပြချက် မယ်မယ်ရရမရှိဘဲ သောကများနေရတတ်သည်။ ဒေါသဖြင့်လုပ်သော စီးပွားရေးလုပ်ငန်းများ အောင်မြင်မှု အားနည်းလာတတ်ပါသည်။ နိုင်ငံရပ်ခြားတွင် သင်တန်းတက်ရခြင်း၊ ခရီးထွက်ရခြင်းများ ရှိနေတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေး သင့်တင့်နေမည်။ ကျန်းမာရေးတွင် ခွဲစိပ်ကုသမှုခံယူရတတ်သည်။

**ယတြာ။ ။ မိမိအိမ်မှ ဘုရားတွင် အုန်းထမင်းဆွမ်းကပ်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** မထင်မှတ်သော လုပ်ငန်းအခွင့်အလမ်းများ ပေါ်ပေါက်တတ်သည်။ အနုပညာလုပ်ငန်းများနှင့် စာပေလုပ်ငန်းများ အကျိုးပြုနေမည့်ကာလ ဖြစ်နေတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် သည်းခံခွင့်လွှတ်ခြင်းဖြင့် အဆင်ပြေမှုများ ရရှိလာပါလိမ့်မည်။ ကျန်းမာရေးတွင် ဝမ်းဗိုက်ဝေဒနာ ခံစားရတတ်သည်။ အစာမကြေရောဂါ၊ ရင်ပြည့်ရင်ကယ်ရောဂါတို့ ဖြစ်တတ်ပါသည်။

**ယတြာ။ ။ ခေါက်ဆွဲကျော် ကပ်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** နိုင်ငံရပ်ခြား စီးပွားကုန်သွယ်မှုလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှု အားကောင်းနေလိမ့်မည်။ စိုက်ပျိုးရေးလုပ်ငန်း ပိုမိုကောင်းမွန်နေလိမ့်မည်။ ဝင်ငွေများရရှိမည်။ အချစ်ရေးတွင် အထင်မှားမှုများ ရှိနေတတ်သည်။ အိမ်ထောင်ရေး သာယာခိုင်မြဲမှုရှိနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အစားအသောက်နှင့် ပတ်သက်၍ အမှားရှိနိုင်သောကြောင့် ဝမ်းပျက်ရောဂါဖြစ်တတ်သည်ကို သတိရှိသင့်ပါသည်။

**ယတြာ။ ။အိမ်မှဘုရားတွင် ပေါက်ပေါက်များလှူဒါန်းပါ။**



**သောကြာသားသမီးများအတွက်** လုပ်ကိုင်သမျှလုပ်ငန်းများသည် ရှေ့ပိုင်းအခက်အခဲရှိသော်လည်း၊ နောက်ပိုင်းအဆင်ပြေလာတတ်ပါသည်။ ပညာရှင်အသိုင်းအဝိုင်းနှင့် ပတ်သက်ပြီး လုပ်ငန်းများ လုပ်ကိုင်ရမည်။ ဝင်ငွေအားကောင်းလိမ့်မည်။ လုပ်ငန်းမှ ငွေကြေးမထင်မှတ်ဘဲရရှိမည်။ ပညာရေးတွင် အတိုက်အခံကိစ္စများကြုံမည်။ အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ သွေးတိုး၊ နှလုံးဝေဒနာ ခံစားရတတ်သည်ကို သတိပြုသင့်ပါသည်။

**ယတြာ။ ။ အမွှေးနံ့သာလှူပါ။**



**စနေသားသမီးများအတွက်** မိသားစုစီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရတတ်သည်။ လုပ်ငန်းခွင်အောင်မြင်မှု ရရှိသည့်အတွက် ဝင်ငွေအားကောင်းလိမ့်မည်။ တပည့်များ ပညာရှင်များနှင့် ပတ်သက်ပြီးသောက ပြဿနာများ ဖြေရှင်း လုပ်ဆောင်ရမည်။ ပညာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး သင့်တင့်ကောင်းမွန်နေမည်။ ကျန်းမာရေးအနေဖြင့် မတော်တဆထိခိုက်မှု၊ ရန်သူအနှောင့်အယှက်များကြောင့် ရောဂါဝေဒနာ ခံစားရမှု ရှိတတ်ပါသည်။ **ယတြာ။ ။သစ်အယ်ပင်ကို အရှေ့တောင်အရပ်တွင် စိုက်ပါ။ အန္တရာယ်ကင်း၍ ချမ်းသာသုခရရှိမည်။**

# ဆန်နဲ့ဆန်ကွဲ ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၉ သန်းကျော်ရရှိ



မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အောက်တိုဘာ ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၉၅ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၁၁၆၇၀ နီးပါးတင်ပို့ခဲ့ကြောင်း သိရပါတယ်။ စခန်းအလိုက် တင်ပို့မှုများမှာ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ညှော့မထဆန် တန်ချိန် ၁၀၁၀၀၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ညှော့မထဆန် တန်ချိန် ၁၃၀၀ နဲ့ ငစိန်ဆန် တန်ချိန် ၁၅၀၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ညှော့မထဆန် ၁၁၉ တန်ကျော် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၉၅ တန် ပိုမိုတင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။

အောက်တိုဘာ ၁၄ ရက်မှ ၂၇ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၂၀၃ သန်း တန်ဖိုးရှိ ဆန် ၂၉၃၁၇ တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုများမှာ ဗီယက်နမ်နိုင်ငံသို့ ညှော့မထဆန်တန်ချိန် ၂၅၀၊ တရုတ်နိုင်ငံသို့ ငစိန်ဆန် ၁၀၃ တန်၊ မလေးရှားနိုင်ငံသို့ ညှော့မထဆန် ၃၃၁၂ တန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ညှော့မထဆန် တန်ချိန် ၁၂၇၀၀ တင်ပို့ခဲ့ပြီး အာဖရိကနိုင်ငံများဖြစ်တဲ့ အိုင်ဗရီကို့စ်နိုင်ငံသို့ ညှော့မထဆန်တန်ချိန် ၁၆၅၀၊ တိုဂိုနိုင်ငံသို့ ညှော့မထဆန် တန်ချိန် ၄၀၀ နဲ့ ဂါနာနိုင်ငံသို့ ညှော့မထဆန်တန်ချိန် ၃၅၀၀ တင်ပို့ခဲ့ပါတယ်။ ဒါ့အပြင် အီးယူနိုင်ငံများသို့ ညှော့မထဆန်နဲ့ ပေါင်းဆန် ၇၄၀၂ တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခုကာလအတွင်း ဆန်တင်ပို့မှုတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ကြောင်း သိရှိရပါတယ်။

ဆန်ကွဲတင်ပို့မှုမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၁၉ သန်းနဲ့ တန်ချိန် ၁၅၉၉၀ ကျော်ဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၄၉၇၀၊ စင်ကာပူနိုင်ငံသို့ ၃၇၅ တန်၊ ဂါနာနိုင်ငံသို့ တန်ချိန် ၅၀၀၀ နဲ့ အီးယူနိုင်ငံများသို့ ၅၆၄၅ တန်တင်ပို့ခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ်ဆန်နဲ့ ဆန်ကွဲ တင်ပို့မှုမှာ နယ်စပ်ကုန်သွယ်ရေးစခန်းများနဲ့ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၁၁၇ သန်းနဲ့ ဆန်တန်ချိန် စုစုပေါင်း ၄၀၉၈၇ တန်၊ ဆန်ကွဲတန်ချိန် ၁၁၉၉၀ ဖြစ်ကြောင်း သိရပါတယ်။

**ယဉ်ယဉ်အေး**

# အညာဒေသတွင် ကင်ပွန်းချဉ်ကို ကိုင်းမြေများ၌ စိုက်ပျိုးကာ ဝင်ငွေရနေ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် ကင်ပွန်းချဉ် စိုက်ပျိုးပြီး ဝင်ငွေရနေကြောင်း ရေနံချောင်းမြို့နယ် တောင်သူများထံက သိရသည်။

ကိုင်းမြေများတွင် ကင်ပွန်းချဉ်ပင်ကို နှစ်ပေခြား၍ စိုက်ပျိုးကြပြီး အနည်းဆုံးအပင်သုံးဆယ်အထိ စိုက်ကြကြောင်း၊ ကင်ပွန်း ချဉ်ပင်သည် သုံးနှစ်သားအရွယ်တွင် စတင်ပြီး အညွန့်အား ဆွတ်ခူးရောင်းချနိုင်ကာ အနည်းဆုံး ရှစ်နှစ်အထိ ဆွတ်ခူး ရောင်းချနိုင်ကြောင်း ရေနံချောင်းမြို့နယ် ဖေါင်းကတောရွာသစ်က တောင်သူတစ်ဦးကပြောသည်။

“ကင်ပွန်းချဉ်အညွန့်ကတော့ ကိုင်းမြေများမှာ သီးနှံပင်တွေနှင့် သီးညှပ်ပင်အဖြစ်၊ အတန်းလိုက်စိုက်တယ်။ ဆောင်းသီးနှံတစ်မျိုးကတော့ ကောင်းကောင်းစိုက်ရတယ်။ ယခင်နှစ်ကဆိုရင် ကြက်သွန်စိုက်တာ ပိဿာ ၇၀၀ ထွက်တယ်။ တစ်ပိဿာ ကျပ် ၁၅၀၀ နှင့် ရောင်းရတယ်၊ ကျပ်ဆယ်သိန်းရတယ်။ နောက်ထပ်မစိုက်ဘူး။ ကင်ပွန်းချဉ် ခူးရောင်းတာ တစ်လကို ကျပ်တစ်သိန်း ဝင်ငွေရတယ်။နွေမှာတော့ အထွက်ကျပြီး တစ်လကို ကျပ် ၆၀၀၀ ဝင်ကြောင်း” စိုက်တောင်သူတစ်ဦးက ရှင်းပြသည်။

“ကုန်စိမ်းသီးနှံပါပဲ၊ ရေနံချောင်းကနေ မကွေး၊ ကျောက်ပန်းတောင်းအထိပို့တယ်၊ ပွင့်ဖြူမြို့နယ်ကလည်း ထွက်တယ်။ ဈေးကွက်မှာ ကင်ပွန်းချဉ်အညွန့် ငါးညွန့်ပါတစ်စည်းကို ကျပ် ၄၀ ဒိုင်ကကောက်တယ်။ အစည်းတစ်ရာ ကျပ် ၄၀၀၀ ဝယ်တယ်။ ပြန်ပြီးရောင်းတော့ ကျပ် ၅၀၀၀ ဈေးဖြစ်တယ်။ စားသုံးသူလက်မှာတော့ တစ်စည်းကို ကျပ် ၇၀ ကနေ ကျပ် ၁၀၀ ဖြစ်တယ်”ဟု ကင်ပွန်းချဉ်ဒိုင်က ပြောသည်။ တောင်သူများသည် ဟင်းသီးဟင်းရွက်များကို တွဲဖက်စိုက်ပျိုးခြင်းဖြင့် သီးနှံကတစ်မျိုး ဟင်းသီးဟင်းရွက်က တစ်ဖုံဝင်ငွေရနေပါကြောင်း သတင်းရရှိပါသည်။ **ရွှေစင်**

# မအူပင်မြို့နယ်တွင် ကောက်စောစပါးများ လှိုင်လှိုင်ပေါ်ပြီး ရန်ကုန်နှင့် အနီးအနားမြို့နယ်များမှ ဝယ်လိုအားကောင်း

မအူပင်ခရိုင်၊ မအူပင်မြို့နယ်ရှိ ကျေးရွာအုပ်စု (၇၆) အုပ်စုတွင်ရှိသော စပါးစိုက်ဧက ၁၃၄၃၈၉ မှစွန်သိုက်၊ ငါးကြီးဂရက်၊ ရေလဲ၊ တော်တလုပ်၊ ရွှေတောင်မော်ကျေးရွာများမှ ကောက်စောစပါးများ လှိုင်လှိုင်ထွက်နေကြောင်း သိရသည်။ ဈေးကွက် အခြေအနေများကို အမှန်အတိုင်းသိရှိရပြီး လိုအပ်သည့် အခြေအနေများကို ဆောင်ရွက်ပေးနိုင်ရန်အတွက် မအူပင်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်မင်း၊ ဒု-ခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးနှင့် ဝန်ထမ်းများသည် အောက်တိုဘာ ၃၀ ရက်က ကောက်စောစပါးများ ထွက်ရှိသည့် ကျေးရွာများသို့ ကွင်းဆင်း စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါကွင်းဆင်းလေ့လာဆောင်ရွက်မှုတွင် ရေလဲကျေးရွာအုပ်စုနှင့် အခြားကျေးရွာအုပ်စုများမှ တောင်သူများ၊ စက်ပိုင်များနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ ကောက်စောစပါးအဖြစ် ဆင်းသုခနှင့် မနောသုခစပါးများ ထွက်ရှိပြီး (၂) ရက်၊ (၃) ရက် နေလှမ်းပြီး စပါး တင်း ၁၀၀ လျှင် ကျပ် ၅၆၀၀၀၀ ရရှိ၍ ကောက်စောဆန်များကို ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံမှ တစ်အိတ်လျှင် ကျပ် ၂၅၆၀၀ ဖြင့် အနည်းငယ်သာ ဝယ်ယူပြီး ကောက်စောစပါးများကို မအူပင်မြို့နယ်နှင့် ထိစပ်နေသော ကျိုက်လတ်၊ ဝါးခယ်မ၊ မြောင်းမြမြို့များမှ ဝယ်ယူကြောင်း တောင်သူများ၏ ပြောပြချက်အရ သိရှိရပါသည်။

**MT-CONSUMER**

Vol: 18, No.44 Monday November 5 2018

# မြန်မာ့ ထောပတ်သီးကို နိုင်ငံတကာသို့ တင်ပို့နိုင်စေရန် အမေရိကန်မှ ထောပတ်သီးမျိုးကိုင်းများ ပြည်တွင်း၌ ဖြန့်ဝေထား



ပြည်ပမှ ဝယ်လိုအားရှိသည့် မြန်မာ့ထောပတ်သီးကို နိုင်ငံတကာသို့ တင်ပို့နိုင်စေရန် အမေရိကန်ထောပတ်သီး မျိုးကိုင်းများအား ပြည်တွင်း၌ ဖြန့်ဝေထားရှိကြောင်း သိရသည်။

ပြည်တွင်း၌ စိုက်ပျိုးထွက်ရှိသည့် ထောပတ်သီးနှံမှာ မျိုးကွဲများစွာရှိခြင်း၊ အရွယ်တူသီးနှံကို ပမာဏများစွာ ရရှိခြင်း၊ မျိုးကောင်းမျိုးသန့် ရွေးချယ် စိုက်ပျိုးရန် အခက်အခဲများရှိခြင်း၊ နည်းပညာလိုအပ်နေခြင်းနှင့်အခြေခံအဆောက်အဦများ လိုအပ်ချက်ရှိနေခြင်းတို့ကြောင့် နိုင်ငံတကာမှ ဝယ်လိုအား ရှိနေသော်လည်း ထင်သလောက် တင်ပို့နိုင်မှုမရှိကြောင်း သိရသည်။

"ထောပတ်မျိုးကိုင်းတွေပြည်တွင်းကို တရားဝင်တင်သွင်း စိုက်ပျိုးနိုင်ဖို့ အရင်ကတည်းက လုပ်ခဲ့ပါတယ်။ အခုကတော့ သူတို့ဆီက ထောပတ်ပွဲတော်ကို တက်ရောက်ရင်း ပထမအသုတ် အနေနဲ့ မျိုးကိုင်း တစ်သောင်းကို သယ်လာတာပါ။ ထောပတ်ပွဲတော်ကို သွားရင်းနဲ့ သူတို့ဆီက ထောပတ်သီးစိုက်ပျိုးချိန်ကနေ ထုတ်လုပ်မှုကွင်းဆက်တစ်ခုလုံးကို လေ့လာခဲ့ရပါတယ်။ သယ်လာတဲ့ မျိုးကိုင်းတွေကိုလည်း ရှမ်း၊ ချင်းနဲ့ ပြင်ဦးလွင်က အသင်းသားတွေကို ဖြန့်ဝေပေးထားပါတယ်"ဟု မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာ့ ထောပတ်အသင်းမှာ ကယ်လီဖိုးနီးယား ထောပတ်အသင်းတွင် အသင်းဝင်အဖြစ် ပါဝင်ထားပြီး မြန်မာ့ထောပတ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များလည်းရှိကြောင်း သိရသည်။

လက်ရှိတွင် မြန်မာ့ထောပတ်သီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် မဖြစ်မနေ လျင်မြန်ဆောင်ရွက်ရမည့် လုပ်ငန်းများရှိနေပြီး စိုက်ပျိုးမှုအပိုင်းတွင်လည်း မျိုးကောင်းမျိုးသန့်များကို ဇုန်အလိုက် စိုက်ပျိုးထုတ်လုပ်ခြင်း၊ တစ်ဦးတစ်ယောက်ချင်းစီ စိုက်ပျိုးခြင်းထက် စုပေါင်းစိုက်ပျိုးထုတ်လုပ်သည့် ပုံစံများကို ပြောင်းလဲသင့်ကြောင်း သိရသည်။ **ချောစု**

# EU မှ ကုန်သွယ်မှုအခွင့်အရေး ရုတ်သိမ်းမည်ဆိုပါက နိုင်ငံ့ပြုပြင်ပြောင်းလဲရေးကို အထောက်အပံ့မဖြစ်နိုင်

ဥရောပသမဂ္ဂ၏ ကုန်သွယ်မှုအထူးအခွင့်အရေးကို ပြန်လည်ရုတ်သိမ်းမည်ဆိုပါက မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးနှင့် တိုးတက်ရေးအတွက်အထောက် အပံ့မဖြစ်လာနိုင်ကြောင်း မြန်မာနိုင်ငံကုန်သည်စက်မှုအသင်းချုပ်နှင့် ပြည်တွင်းလုပ်ငန်းရှင်များက အောက်တိုဘာ ၂၉ ရက်၌ အီးယူကုန်သွယ်မှု အခွင့်အရေးစိစစ်လေ့လာရေးအဖွဲ့ (EU EBA Monitoring Mission) နှင့်တွေ့ဆုံစည်ပြော ကြားခဲ့ကြောင်း သတင်းရရှိသည်။

"အထူးကုန်သွယ်ခွင့်ကိစ္စမျိုး ရနေတာက ကျွန်မတို့တိုင်းပြည်အတွက် အလွန်ကိုအကျိုးရှိတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေရသလို ရင်းနှီးမြှုပ်နှံမှုတွေလည်း ဝင်လာတယ်။ အလုပ်သမားတွေအလုပ်ရတာကြောင့် သူတို့ရဲ့ လူမှုပတ်ဝန်းကျင်တွေအထိ ကောင်းကျိုးရနိုင်ပါတယ်လို့ တင်ပြခဲ့ပါတယ်။ ကျွန်မတို့ကို ဆက်ပြီးတော့ တိုးတက်စေချင်ရင် အဆက် အသွယ်ဖြတ်လို့တော့မရပါဘူး။ ဆက်ပြီး အားပေးနေရပါမယ်လို့တင်ပြခဲ့ပါတယ်"ဟု မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ဥရောပ သမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့တင်ပို့နေသော ကုန်ပစ္စည်းများအနက် အထည်ချုပ်လုပ်ငန်းမှာ ၇၂ရာခိုင်နှုန်း၊ စိုက်ပျိုးရေးလုပ်ငန်းမှာ ၉ ရာခိုင်နှုန်းနှင့် ဖိနပ်ချုပ်လုပ်ငန်းမှာ ၆ရာခိုင်နှုန်းရှိကြောင်း သိရသည်။

"မြဝတီမှာ ဖိနပ်စက်ရုံတည်ထောင်ပြီး အီးယူကိုပဲ တင်ပို့နေပါတယ်။ ကျွန်မတို့စက်ရုံက ထိုင်းနိုင်ငံကပြန်လာတဲ့ ရွှေ့ပြောင်းလုပ်သားတွေကိုလည်း အလုပ်ပြန်ခန့်ပေးပါတယ်။ မြဝတီမှာ စက်ရုံဖွင့်ထားတာကလည်း GSP ကုန်သွယ်မှုအခွင့်အရေးရှိတာကြောင့်ဖြစ်လို့ လုပ်ငန်းတွေ တိုးချဲ့လုပ်ကိုင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီကုန်သွယ်မှုအခွင့်အရေးကို လက်လွှတ်ဆုံးရှုံးခံလို့မရပါဘူး"ဟု ဖိနပ်ထုတ်လုပ်ရေးလုပ်ငန်းရှင် ဒေါ်သင်း သင်းမြတ်ကပြောသည်။

အီးယူကုန်သွယ်မှုအခွင့်အရေး စိစစ်လေ့လာရေးအဖွဲ့ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ အလုပ်သမား အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များအပေါ် စိစစ်သုံးသပ်လေ့လာနိုင်ရန် အောက်တိုဘာလအတွင်း လာရောက်ခဲ့ပြီး အစိုးရဝန်ကြီးဌာနများ၊ အထည်ချုပ်အလုပ်သမားများနှင့် အလုပ်သမားသမဂ္ဂများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံခဲ့ကြောင်း၊ အဖွဲ့တွေ့ရှိချက်များနှင့် မြန်မာအစိုးရထံမှရရှိသည့် အချက်အလက်များကိုဦးစားပေးသုံးသပ်ပြီး ကုန်သွယ်မှု ဦးစားပေးအစီအစဉ်ဖယ်ရှား သင့်/မသင့် EU က ဆုံးဖြတ်မည်ဟု နောက်ဆက်တွဲသတင်းများအရ သိရသည်။ **သန်းထိုက်အောင်**

# ငါးလုပ်ငန်းသိပ္ပံကျောင်းကို လာမည့်နှစ်အတွင်း အပြီးတည်ဆောက်မည်

မြန်မာကျပ်ငွေ ၁ ဘီလီယံခန့် ကုန်ကျမည့် ငါးလုပ်ငန်းသိပ္ပံကျောင်းကို တွံတေး ငါးမွေးမြူရေးစခန်းတွင် လာမည့်နှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကျောင်းကို ငါးမွေးသူများအပြင် ရန်ကုန်တက္ကသိုလ် သတ္တဗေဒဘာသာတက်ရောက်နေသည့် ကျောင်းသား/သူများ လေ့လာနိုင်စေရန်နှင့် စိတ်ဝင်စားသူများ အခမဲ့လေ့လာနိုင်စေရန် ရည်ရွယ် ဆောက်လုပ်ခြင်းဖြစ်ပြီး မြေဧက ၇ ဧက ကျယ်ဝန်းသည့် တွံတေးငါးမွေးမြူရေးစခန်း၏ မြေပေါ်တွင် တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

"အခုကတော့ တင်ဒါခေါ် ယူဆဲ ကာလပဲရှိပါသေးတယ်။ ရွေးချယ်တာတွေမလုပ်ရသေးပါဘူး။ စိစစ်မှုအပိုင်းတွေကို ဒီဇင်ဘာလမှာ အပြီးသတ်လုပ်သွားပြီး လာမယ့်ဇန်နဝါရီမှာ စဖြစ်ဖို့များပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တည်ဆောက်သွားမည့် ငါးလုပ်ငန်းသိပ္ပံကျောင်းတွင် သင်တန်းခန်းမ၊ သရုပ်ပြအဆောက်အအုံ၊ ဓာတ်ခွဲခန်း၊ သင်တန်းသားများအိပ်ဆောင်အပြင် RCC ၈ ခန်းတွဲ ဝန်ထမ်းအိမ်ရာများကိုပါ ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ငါးဆေးထိုးသားဖောက် သင်တန်းများ၊ ငါး၊ ပုစွန်၊ ကဏန်းများတွင် ဖြစ်လေ့ရှိသည့် ရောဂါများ၊ မွေးမြူ ရေးနည်းစနစ်များ၊ ရေဓာတ်ခွဲစမ်းသပ်မှုများကို အဓိကထား သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **ချောစု**

# လက်လီလုပ်ငန်းသည် နိုင်ငံ့ GDP ၏ ၁၈ ရာခိုင်နှုန်းရှိနေပြီး မိသားစုတစ်သန်းခန့် မှီခိုနေရ

လက်လီရောင်းချခြင်း လုပ်ငန်းသည် မြန်မာနိုင်ငံဂျီဒီပီ၏ ၁၈ ရာခိုင်နှုန်းရှိနေပြီး လုပ်ကိုင်သူမှာလည်း သုံးသိန်းကျော်ရှိကာ မိသားစုတစ်သန်းခန့် မှီခိုနေရကြောင်း မြန်မာနိုင်ငံ လက်လီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းတင့်က ပြောသည်။

အောက်တိုဘာ ၂၇ ရက်က ရန်ကုန်မြို့ရှိ ကုန်သည်စက်မှုအသင်းချုပ်တွင်ပြုလုပ်သော လက်လီလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲတွင် ယခုလိုပြောကြားခဲ့ခြင်း ဖြစ်သည်။

"လက်လီရောင်းချခြင်း လုပ်ငန်းဟာဆိုရင် မြန်မာနိုင်ငံဂျီဒီပီရဲ့ ၁၈ ရာခိုင်နှုန်းပါဝင်တဲ့ကဏ္ဍဖြစ်လို့ အလွန်အရေးကြီးတဲ့ကဏ္ဍဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လက်လီရောင်းချသူပေါင်း သုံးသိန်းခန့်ရှိနေပြီလို့ စာရင်းပြုစုထားပါတယ်။ ဒီလက်လီလုပ်ငန်းသုံးသိန်းကို မှီခိုသူ ပေါင်းတစ်သန်းခန့်ရှိနေလို့ အလွန်ကျယ်ပြန့်တဲ့အခန်းကဏ္ဍဖြစ်ပါတယ်"ဟုဒေါ်ဝင်းဝင်းတင့်က ပြောသည်။

ထို့ပြင် လက်လီရောင်းချခြင်း လုပ်ငန်းဟာ စားသုံးသူတွေနဲ့ထိစပ်ပြီး ဝန်ဆောင်မှုပေးနေရတဲ့ လုပ်ငန်းဖြစ်သည့်အတွက်စားသုံးသူများ၏ စိတ်ကျေနပ်မှုကိုပုံဖော်ပေးနေသလို လူနေမှုပုံစံကောင်းများကိုလည်း ဖော်ထုတ်ပေးနိုင်ကြောင်း၊ ကုန်သွယ်မှုကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍကိုလည်း မြှင့်တင်ပေးနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းနှင့် အသေးစားအလတ်စားလုပ်ငန်းများကိုလည်း ပံ့ပိုးပေးနိုင်ကြောင်း ဒေါ်ဝင်းဝင်းတင့်က ဆိုသည်။

စီးပွားရေးပညာရှင် ဒေါက်တာအောင်ထွန်းသက်က "နိုင်ငံရဲ့ အရေးကြီးတဲ့ကဏ္ဍတွေထဲမှာ လက်လီလုပ်ငန်းပါပါတယ်။ ပြည်တွင်းမှာ ခေတ်မီလက်လီလုပ်ငန်း ဘယ်လောက်များရှိလဲလို့ စုံစမ်းကြည့်လိုက်တဲ့အခါ အများစုဟာ မိရိုးဖလာလုပ်ငန်းတွေဖြစ်ပါတယ်။ မိရိုးဖလာလုပ်ငန်းတွေပဲ လုပ်တာဖြစ်ဖြစ်၊ ခေတ်မီ လုပ်ငန်းလုပ်တာပဲဖြစ်ဖြစ် အားလုံးဟာ အောင်မြင်တဲ့သူဖြစ်ဖို့ လိုပါတယ်။ လက်လီလုပ်ငန်းနဲ့ပတ်သက်ပြီး ဥပဒေအသစ်၊ ရင်းနှီးမြှုပ်နှံမှုအသစ်တွေ၊ နိုင်ငံတကာက ယှဉ်ပြိုင်မှုတွေမှာ ပါဝင်နိုင်ဖို့ အသင်းဝင်တွေကိုယ်စား မြန်မာနိုင်ငံ လက်လီလုပ်ငန်းရှင်များအသင်းက လှုံ့ဆော်ပေးဖို့လိုပါတယ်"ဟု ဆိုသည်။

နိုင်ငံတော်အစိုးရမှ လက်လီ လက်ကားလုပ်ငန်းကို နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုခဲ့ပြီးနောက် ပြည်တွင်းရှိလက်လီ လုပ်ငန်းများအနေဖြင့် တိုးတက်လာနိုင်မည့် အလားအလာများနှင့် အခွင့်အလမ်းများအတွက်လည်း အသင့်ပြင်ဆင်ထားသင့်ကြောင်း သုံးသပ်မှုများလည်း ရှိနေသည်။

**သန်းထိုက်အောင်**

# ပြည်တွင်းရှိ အထည်အလိပ်နှင့် ရက်ကန်းလုပ်ငန်းများတွင် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်မည်

ပြည်တွင်းရှိ အထည်အလိပ်နှင့် ရက်ကန်းလုပ်ငန်းများတွင် ပြည်ပမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ ရင်းနှီးမြှုပ်နှံရာတွင် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းဖြစ်သည့် Turquoise Mountain၊ လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်း Myanmar Artisans နှင့် ယူကေနိုင်ငံတကာဖွံ့ဖြိုးရေးဌာန (DFID) ၏ လုပ်ငန်းဖြစ်သည့် DaNa Facility တို့ ပူးပေါင်း၍ ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး မြန်မာ့ရိုးရာ ချည်မျှင်အထည်အလိပ်လုပ်ငန်းနှင့် ရက်ကန်းလုပ်ငန်းလုပ်ကိုင်သူများ၏ဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အလုပ်အကိုင်များ ဖန်တီးပေးနိုင်ရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။ လုပ်ငန်းအကောင်အထည်ဖော်ရာတွင် ကနဦးစီမံချက်အနေဖြင့် ကချင်၊ ချင်းနှင့် ရှမ်းပြည်နယ်တို့တွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ မတူကွဲပြားတဲ့ လက်ရက်ကန်းအနုပညာတွေက လက်ရာမြောက်တဲ့အတွက် ကျွမ်းကျင်တဲ့လက်မှုအနုပညာရှင်တွေနဲ့ ပူးပေါင်းပြီး ထုတ်ကုန်တွေကို တန်ဖိုးမြင့်ဈေးကွက်ရောက်အောင် ဆောင်ရွက်သွားမှာပါ"ဟု Turquoise Mountain မှ ဌာနေကိုယ်စားလှယ် Harry Wardill က ပြောသည်။

စီမံကိန်းလုပ်ဆောင်ရာတွင်လည်း အဆင့်မြင့်အထည်များ ရက်လုပ်ရန်နှင့် ဈေးကွက်ဝင်ဆံ့ရန်အတွက် ရက်ကန်းလုပ်သူများနှင့်အတူ ပူးပေါင်းလုပ်ကိုင်မည်ဖြစ်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း၊ အထည်ချုပ်အတွက် အလုပ်ရုံကို ရန်ကုန်မြို့တွင် ထားရှိမည်ဖြစ်ပြီး အထည်အလိပ်ထုတ်လုပ်မှုနှင့် အရည်အသွေး ထိန်းသိမ်းခြင်းကို ဂရုပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချောစု**

စာမျက်နှာ (၁၂) စျေးကွက်ဝင် တွက်ခြေကိုက်၍ . . . . မှအဆက်

ထောပတ်ပဲကိုဂျပန်က တော်တော်များများ ဝယ်ပါတယ်၊ ထိုင်ဝမ်ကလည်း ဝယ်တယ်၊ ချေးမများဘူး၊ မြင်းခြံကိုတော့ တရုတ်ကဆင်းမဝယ်ဘူး၊ ဂျပန်စျေးကွက်က အဟောင်းမသုံးဘူး၊ ဂျပန်ကထောပတ်ပဲမှာပါတဲ့ HCN ကိုကြောက်တယ်၊ ပဲဟောင်းပါလာရင်သူတို့နဲ့အခြေအတင် ဖြစ်ရတယ်။ မြင်းခြံဘက်က ထောပတ်ပဲတွေကိုတစ်တင်းခွဲအိတ် (ပိဿာ ၃၀)တွေနဲ့ ရန်ကုန်တင်ပို့ရောင်းချတယ်၊ မြင်းခြံခရိုင်မှာ ထောပတ်ပဲကို နွားထိုးနဲ့တောင်သာအစပ် တောင်သာနဲ့မလှိုင်အစပ်မှာ အများဆုံး စိုက်ကြတယ်။ ရန်ကုန်စျေးကွက်က မကြာခဏမေးတယ်။ လက်ကျန်လည်းမရှိတော့ဘူး။ ရှိလည်း မကောင်းတော့ဘူး။ မြင်းခြံခရိုင်၊ မိတ္ထီလာခရိုင်နဲ့ မတ္တရာကလည်းထွက်တယ်၊ ထောပတ်ပဲက ဒီဇင်ဘာလဆို စျေးကွက် ဆင်းလာပြီး မတ်၊ ဧပြီဆိုရင် လှိမ့်ပေါ်လာတာ။ ဒီနှစ်လိုနှစ်မျိုးတော့ ရောပေါ် လိမ့်မယ်လို့ မျှော်လင့်တယ်။ နောက်မိုးသိမ်းတဲ့အပေါ် မူတည်တယ်။ ဒီနှစ်တော့ရာသီဥတုအခြေအနေ ကြည့်ရတာ နောက်မိုးသိမ်းမှာပါ၊ အောက်တိုဘာ ၁၅ ရက်နောက်ပိုင်းမိုးရွာရင် ကျွန်တော်တို့အပင်တွေ ကောင်းတယ်။ ဒီနှစ်တော့ပဲ ကောင်းကောင်းထွက်ကြမှာပါ။

စျေးကွက်ကလည်းမေးနေပါပြီ၊ စျေးကွက်ကရန်ကုန်က လုပ်တဲ့စျေးကွက်၊ ဟိုဘက်နိုင်ငံကို စျေးပိုတောင်းလို့ရရင်တော့ စျေးက မြောက်လာတာပေါ့။ ပြည်တွင်းစားသုံးမှုအနေနဲ့ကတော့ ပြည်တွင်းက သိပ်မစားဘူး။ ဂျပန်က စားတယ်ဆိုတာ အမေရိကန်ကလာတဲ့ ဘေဘီလိုင်းမာနဲ့ တူလို့ စားတာ၊ ချက်ပြီးမှသိတာ ဘေဘီလိုင်းမာက ချိုတယ်၊ ထောပတ်ပဲက ခါးတယ်၊ ဒီနှစ်တော့ ပဲစင်းငုံအစား ထောပတ်ပဲကိုပိုအားထည့် စိုက်လာကြပါတယ်”လို့ ပြောပါသည်။

ထောပတ်ပဲစတင်ပေါ်သည့် ၂၀၁၈ ခုနှစ်၊ မတ်လတွင် ထောပတ်ပဲအလတ်တစ်ပိဿာ ကျပ် ၂၁၀၀ နှုန်း၊ အသေး ကျပ် ၂၀၅၀ နှုန်းဖြင့် စျေးကွက်သို့စတင်ဝင်ရောက်လာခဲ့ပြီး ထောပတ်ပဲလှိုင်လှိုင်ပေါ်သည့် ဧပြီနှင့်မေလများတွင် ကျပ် ၁၇၅၀ သို့ စျေးများကျဆင်းခဲ့ပါသည်။ ၂၀၁၈ ခုနှစ်၊ မေလတွင် ထောပတ် ပဲတစ်ပိဿာ ကျပ် ၂၂၀၀ နှုန်းဖြင့် တရိပ်ရိပ်စျေးတက်လာပြီး ဇူလိုင်လတွင် ထောပတ်ပဲ (အလတ်) တစ်ပိဿာ ကျပ် ၂၇၀၀ နှုန်းအထိ စျေးမြင့်တက်လာပါသည်။ ကာလတူနှိုင်းယှဉ်ချက်အနေဖြင့် ၂၀၁၇ ခုနှစ်၊ မတ်လနှင့် ဧပြီလများ၏ ထောပတ်ပဲ စျေးနှုန်းမှာတစ်ပိဿာ ကျပ် ၁၁၅၀၊ ကျပ် ၁၁၀၀၊ ကျပ် ၉၅၀ စျေးသာ ရှိခဲ့သော်လည်း ယခုနှစ် ထောပတ်ပဲစျေးမှာ အဆမတန် မြင့်တက်လျက်ရှိပါသည်။

မြင်းခြံခရိုင်တွင် ထောပတ်ပဲအများဆုံး ထွက်ရှိသည့် နွားထိုးကြီးမြို့နယ်၊ ကျွန်းဒေါင့်ကျေးရွာမှ ထောပတ်ပဲတောင်သူဦးမိုးမိုးနှင့် တွေ့ဆုံ ဆွေးနွေးရာ၌ “ဒီနှစ်တော့ ထောပတ်ပဲစျေး အရမ်းကောင်းလို့ တောင်သူတွေ ဝမ်းသာနေကြပါတယ်။ ဒီနှစ်ထောပတ်ပဲ ၁၀ ဧက စိုက်ပြီးပါပြီ၊ တစ်ဧက ၁၀ တင်းလောက် ထွက်ပါတယ်၊ မနှစ်က ထောပတ်ပဲ(အသေး)တစ်ပိဿာ ကျပ် ၂၀၀၀ နှုန်းလောက်ရလို့ မဆိုးဘူး။ တွက်ခြေကိုက်တယ်လို့ ပြောလို့ရပါတယ်။ ကျွန်တော်တို့က မန္တလေးနဲ့ မြင်းခြံစျေးကွက်ပို့ပါတယ်၊ စျေးကွက် ထောက်ပြီးသာတဲ့ဆီ ရောင်းရတာပေါ့ဗျာ။ မနှစ်က ပဲစင်းငုံကစျေးမရတော့ ဒီနှစ်မှာ ပဲစင်းငုံ လုံးဝ မစိုက်တော့ပါဘူး။ ဒီနှစ် ပဲစင်းငုံအစား ထောပတ်ပဲကို ပိုစိုက်ပါတယ်။ မျိုးက တစ်တင်း ကျပ် ၆၀၀၀၀ စျေးလောက်ရှိတော့ ဒီနှစ်မျိုးစျေးကြီးတယ်။ မျိုးကတော့ မတ္တရာဘက်ကလာတဲ့ မျိုးက ပဲဆိုဒ်အရွယ်အစား နည်းနည်းကြီးတော့ အဲဒီမျိုးဝယ်စိုက်တယ်။ ဒေသအခေါ် တော့ (ဂေါက်) မျိုးလို့ခေါ်ပါတယ်။ မြစ်ရိုးဘက်ကထွက်တဲ့ ထောပတ်ပဲက အရွယ်အစား နည်းနည်းကြီးတယ်။ ကုန်းရိုးဘက်ကထွက်တဲ့ ထောပတ်ပဲက သေးတယ်။ ပြီးခဲ့တဲ့နှစ်က မျိုးစျေးကြီးတယ်။ ဒီနှစ်လည်း မျိုးရှားတယ်။ မိုးကမရွာတော့အပင်တွေ အပူလွန်ကဲပြီး သေကုန်တယ်။ ပဲအတော်ရင့်တဲ့အချိန်မှ နောက်ပိုင်းမိုးရွာတော့ အစိုဓာတ်ပြန်တယ်။ ခြောက်သွားပြန်တော့လည်း ပဲစေ့ကတွန့်ကုန်တယ်။ တချို့တောင်သူတွေဆိုနှစ်ခါပြန်စိုက်ရတယ်။ ဒီနှစ်တော့အခုရက်ပိုင်းရွာတဲ့မိုးကြောင့် ထောပတ်ပဲတွေအထွက်ကောင်းမယ်လို့မျှော်လင့်ရပါတယ်။ တစ်ဧကမျိုး လိုအပ်ချက်က စိုက်တန်းပေါ် မူတည်တယ်။ စိုက်တန်းက 18" တန်း၊ 21" တန်း၊ 31" တန်း ဆိုပြီး ခွာစိုက်ပါတယ်။ မျိုးက ၈ ပြည်နဲ့ ၁၀ ပြည်ကြား လိုအပ်မှာပါ။ ကုန်ကျစရိတ်အနေနဲ့ တစ်ဧက ကျပ် ၁၃၀၀၀၀ ခန့်ကုန်ကျပါတယ်။ သဘာဝဓာတ်မြေဩဇာ နွားချေးကို ကောင်းကောင်းထည့်ရင် ထောပတ်ပဲ တစ်ဧက ၁၀ တင်းလောက် ထွက်ပါတယ်။ မထည့်ရင်တော့ ၃/၄ တင်းသာထွက်ပါတယ်။ အခုရက်ပိုင်းရွာတဲ့ မိုးကြောင့် ထောပတ်ပဲအထွက်အတော်ကောင်းမယ့်မိုးပါ။ ဒီနှစ်ကတော့ ထောပတ်ပဲ စျေးကောင်းရလို့ တောင်သူများ တွက်ခြေကိုက်ပါတယ်”လို့ ၎င်းက ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ထောပတ်ပဲကို ၁၉၆၂-၁၉၆၃ ခုနှစ်တွင် စတင်စိုက်ပျိုးထုတ်လုပ်ခဲ့ရာ တစ်ဧကအထွက်နှုန်း ၄ ဒသမ ၆၇ တင်းဖြင့် စိုက်ဧက ၁၀၀၀၀၀ ကျော်တွင် အထွက်တင်း ၄၆၀၀၀၀ ကျော် ထွက်ရှိခဲ့ပါသည်။ ထိုမှ တစ်နှစ်ထက်တစ်နှစ် ပိုမိုစိုက်ပျိုးထုတ်လုပ်လာကြပြီး အထွက်နှုန်းလည်း ပိုမိုများပြားလာကာ ပြည်ပနိုင်ငံများသို့လည်း ပိုမိုတင်ပို့လာနိုင်၍ နိုင်ငံခြားဝင်ငွေလည်း ရှာဖွေပေးနေသော စျေးကွက်ဝင် ပဲတစ်မျိုး ဖြစ်ပါသည်။ ၁၉၈၁- ၁၉၈၂ ခုနှစ်တွင် တန်ချိန် ၁၂၀၀၀ ခန့် တင်ပို့ခဲ့ပြီး နိုင်ငံခြားဝင်ငွေ အမေရိကန် ဒေါ်လာ ၅၄ ဒသမ ၇ သန်း ရရှိခဲ့ပါသည်။ ယခုနှစ်ထောပတ်ပဲစျေးမှာ အမြင့်စျေးတွင်ငြိမ်လျက်ရှိပြီး ရန်ကုန် ဘုရင့်နောင် စျေးကွက်တွင်တစ်တန် စျေး ကျပ် ၁၅၉၅၀၀၀ (နိမ့်)နှင့် ကျပ် ၁၈၁၂၀၀၀ (မြင့်)စျေးရှိပါသည်။ မန္တလေးစျေးကွက်တွင် ပဲထောပတ်သည် ၂၀၁၇ ခုနှစ်၊ ဧပြီလ၌ သုံးတင်းတစ်အိတ် စျေး ကျပ် ၆၆၀၀၀ ခန့်သာရှိခဲ့ရာ ယခုနှစ် ဧပြီလတွင် ကျပ် ၁၀၀၅၀၀ စျေးဖြင့် စျေးကွက်အတွင်း စတင်ဝင်ရောက်လာခဲ့ပါသည်။ ယခုနှစ် ဇူလိုင်လမှစ၍သုံးတင်းတစ်အိတ်စျေးနှုန်း ကျပ် ၁၅၀၀၀၀ ဖြင့်စျေးမြင့်တက်လာပါသည်။ ဩဂုတ်လ ပထမပတ်တွင် ထောပတ်ပဲ(ကြီး)သုံးတင်းဝင်တစ်အိတ် ကျပ် ၁၅၅၀၀၀ နှုန်းဖြင့် စတင်စျေးမြင့်တက်လာကာ စက်တင်ဘာလနှင့် အောက်တိုဘာလ ဒုတိယပတ်အထိ ကျပ် ၁၆၅၀၀၀ နှုန်းဖြင့် အမြင့်စျေးတွင် ငြိမ်လျက်ရှိပါသည်။

ယခုကဲ့သို့ ထောပတ်ပဲစျေးနှုန်းများ မြင့်တက်နေရခြင်းမှာ တရုတ်နိုင်ငံမှ ထောပတ်ပဲများ ရသလောက် ဝယ်ယူနေခြင်းကြောင့် ဖြစ်ပြီး စျေးကွက်အတွင်း ပစ္စည်းပြတ်လျက်ရှိခြင်း၊ ဝယ်လိုအားမြင့်တက်မှုနှင့် ပဲသစ်ထွက် ပေါ်မှုမရှိသေးခြင်းတို့ကြောင့် ရောင်းလိုအားမမျှဖြစ်နေ၍ ယခုကဲ့သို့ ပဲထောပတ်စျေးများ မကြုံဘူးအောင် မြင့်တက်လျက်ရှိကြောင်း မန္တလေးပဲစျေးကွက်မှ လေ့လာသိရှိရပါသည်။

အချုပ်အားဖြင့် ထောပတ်ပဲသည် ပဲမျိုးစုံသီးနှံများအနက် ပြည်တွင်းစျေးကွက်လည်း အသင့်အတင့်ရှိခြင်း၊ ပြည်ပစျေးကွက်တွင်လည်း စျေးကောင်းရ၍ နိုင်ငံခြားဝင်ငွေရှာဖွေပေးနေသည့် စျေးကွက်ဝင်ပဲသီးနှံဖြစ်ခြင်းတို့ကြောင့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင်အိန္ဒိယနိုင်ငံ၏ ပဲဝယ်ယူမှု မူဝါဒအရ ပဲစင်းငုံစျေးကွက်ပျက်ကာ အထိနာခဲ့သော တောင်သူများအနေဖြင့် စီးပွားရေးအရ တွက်ခြေကိုက်သော ပဲထောပတ်ကို ပဲစင်းငုံသီးနှံအစား ပိုမိုစိုက်ပျိုးခြင်းအားဖြင့် အလားအလာကောင်းများ ရရှိပြီး နိုင်ငံ၏လူမှု၊ စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

■

# ဖိလစ်ပိုင်နိုင်ငံတွင် တိုက်ဖွန်းမုန်တိုင်း ယာတူတိုက်ခတ်မှုကြောင့် လူငါးဦးသေဆုံး

ယာတူတိုက်ဖွန်းမုန်တိုင်း ကျရောက်စဉ်ဖြစ်ပွားသော မြေပြိုမှုများကြောင့် ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း ဒေသလူဇုန်ကျွန်းတောင်ပေါ် ဒေသရှိပြည်နယ်များတွင် လူငါးဦးသေဆုံးပြီး လူ ၃၀ ကျော်မြေစာများအကြား ပိတ်မိနေကြောင်း VNA သတင်းဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။ မုန်တိုင်းကျရောက်စဉ် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းများတိုက်ခတ်ခဲ့ကြောင်းလည်း သတင်းတွင်ဖော်ပြသည်။

အောက်တိုဘာ ၃၀ ရက်ကအပူပိုင်းဆိုင်ကလုန်းမုန်တိုင်းသည် လူဇုန်ကျွန်းကို ဖြတ်ကျော်၍ ဝင်ရောက်ခဲ့ရာ လေတိုက်ခတ်နှုန်းမှာ တစ်နာရီလျှင်ကီလိုမီတာ ၁၄၀ နှုန်းရှိခဲ့ပြီး လေပြင်းမုန်တိုင်းများက တစ်နာရီကိုကီလိုမီတာ ၂၄၀ အထိ တိုက်ခတ်သည်။လေပြင်း မုန်တိုင်းဒဏ်ကြောင့် အိမ်ခေါင်မိုးများ ပျက်စီးပြီး သစ်ပင်များခါးလယ်မှ ကျိုးပြတ်ခဲ့သည်။

မြေပြိုမှုကြောင့် လမ်းများပြတ် တောက်ကာ အချို့ဒေသများသို့ သွားလာမရတော့သဖြင့် ပိတ်မိနေသော ဒုက္ခသည်များထံသို့ ကယ်ဆယ်ရေးအဖွဲ့များသွား၍မရ အောင်ဖြစ်နေကြောင်း အမျိုးသားသဘာဝဘေး အန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့အကြီး အကဲ ရှုဘင်ကာရန်ဒန်းက အောက်တိုဘာ ၃၁ ရက်ကပြောသည်။ ကယ်ဆယ်ရေးအဖွဲ့များကို ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက် ရှိပြီး မြေစာများဖြင့် ပိတ်မိနေသော ဒုက္ခသည်များကို ရှာဖွေရန် ခွေးများကို အသုံးပြုရှာဖွေလျက်ရှိကြောင်း သူကပြောသည်။

ယခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံအတွင်း ဝင်ရောက်ခဲ့သော မုန်တိုင်းများအနက် ယာတူသည် ၁၈ ခုမြောက် မုန်တိုင်းဖြစ်သည်။ ယင်းမုန်တိုင်းသည် ၂၀၁၈ ခုနှစ်အတွင်း ဝင်ရောက်ခဲ့သောမုန်တိုင်းများအနက် အပြင်းထန်ဆုံး ဖြစ်နိုင်ကြောင်း အမေရိကန်နာဆာ အဖွဲ့မှ ထုတ်ပြန်ထားသည်။ သို့သော်လည်း ဖိလစ်ပိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာအရာရှိများကမူ လွန်ခဲ့သော ရက်သတ္တခြောက်ပတ်က ဖြစ်ပွားခဲ့သော မန်ကွပ်တိုက်ဖွန်းမုန်တိုင်းလောက် ပြင်းထန်မှုမရှိကြောင်း ပြောကြားသည်။ **စံမီအောင်**

# ဗီယက်နမ်ရင်ဆိုင်ရမည့် အန္တရာယ်များကို ရာသီဥတုပြောင်းလဲမှုအစီရင်ခံစာသစ်တွင် အလေးပေးဖော်ပြ

ကမ္ဘာကြီး၏ပျမ်းမျှအပူချိန်သည် စက်မှုတော်လှန်ရေးမတိုင်မီကာလကထက် ၁၅ ဒီဂရီဆယ်လ်စီးယပ် ပိုမိုမြင့်တက်လာသည့်အတွက် ဗီယက်နမ်နိုင်ငံတွင် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသော ဂယက်ရိုက်ခတ်မှုများကို ရာသီဥတု ဆိုင်ရာအစိုးရဌာနတွင်းခုံအဖွဲ့က ယခုလဆန်းပိုင်းက ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။ ထုထည်ကြီးမားစွာ မတည်မငြိမ်ဖြစ်ပေါ်နေသော ရာသီဥတုဆိုင်ရာ အဖြစ်အပျက်များက ယခုလက်ရှိ အသက်ရှင်နေထိုင်ဆဲဖြစ်သောလူတို့၏သက်တမ်းကာလအတွင်း ဖြစ်သော ၂၀၄၀ ပြည့်နှစ်ရောက်သည်နှင့် ကမ္ဘာ့လူ့အဖွဲ့အစည်းကို စတင်ထိခိုက်စေတော့မည်ဖြစ်ကြောင်း



အစီရင်ခံစာတွင်ဖော်ပြထားသည်။

အောက်တိုဘာ ၁၀ ရက်က ဟန်ရှိုင်းမြို့တွင် ဗီယက်နမ်အစိုးရထံသို့ တင်ပြခဲ့သော အစီရင်ခံစာအရ ဗီယက်နမ်နိုင်ငံသည် အခြားသော အန္တရာယ်များနှင့်အတူ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုနှင့် အင်အားပိုမိုကြီးမားသော မုန်တိုင်းများ၏ ဒဏ်ကို ခံစားရသည့် ပြည်သူအနည်းဆုံး သန်း ၅၀ ရှိသော နိုင်ငံကိုးနိုင်ငံထဲတွင်ပါဝင် သည်။

ဗီယက်နမ်နိုင်ငံ၏ ပထဝီအနေအထားကလည်း သဘာဝဘေးဒဏ် အများအပြား ကျရောက်စေနိုင်သော အခြေအနေမျိုးကို ဖန်တီးပေးထားသည်။ မိုင် ၁၈၀၀ ရှည်လျားသော ကမ်းရိုးတန်းဒေသများအနက် အများစုက အပူပိုင်းမုန်တိုင်းများနှင့် တိုက်ဖွန်းမုန်တိုင်းများ နှစ်စဉ်ဖြစ်ပေါ်ရာ လမ်းကြောင်းပေါ်တွင် ကျရောက်လျက်ရှိသည်။ တောင်ထူထပ်သောမြောက်ဖျားပိုင်းဒေသများသည် မြေပြိုမှုနှင့် ရုတ်တရက် ရေလွှမ်းမိုးမှုများဖြစ်ပွားရာ ဒေသများဖြစ်သကဲ့သို့ တောင်ဘက်စွန်းဒေသရှိ မဲခေါင်မြစ်ဝှမ်းလွင်ပြင်ဒေသမှာလည်း ကမ္ဘာပေါ်တွင် ပင်လယ်ရေပြင်မြင့်တက်မှုဒဏ်ကို အများဆုံးခံရသော နယ်မြေများတွင် ပါဝင်သည်။ **စံမီအောင်**

## အရာတော်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ FDA နှင့် ပူးပေါင်း၍ စည်ပင်သာယာဈေးအတွင်း ကွင်းဆင်းစစ်ဆေး

အရာတော်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးစီးဌာန (FDA) ၏ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ် ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းလျက် အောက်တိုဘာ ၃၀ ရက်က (FDA) မှ Dr.လဝန်းရွှေတို့ ပူးပေါင်းပါဝင်သောအဖွဲ့သည် အရာတော်မြို့ပေါ်ရှိ ဆေးဆိုင်များအား ကွင်းဆင်းစစ်ဆေးခြင်းနှင့် (FDA) မှ ဒေါ်ခင်ထွေးရီဦးဆောင်သောအဖွဲ့က မြို့မ စည်ပင်သာယာဈေးအတွင်း ကွင်းဆင်းစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ပါသည်။

စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်၊ ရောင်းချသူများမှလည်း စားသုံးရန် မသင့်သော စားသောက်ကုန်များ ရောင်းချမှုမရှိစေရေး၊ ခွင့်မပြုဆိုးဆေးပါ ကုန်ပစ္စည်းများ မရောင်းချစေရေး၊ ကုန်ပစ္စည်းများ ရောင်းချရာတွင် သန့်ရှင်းမှုရှိစေရေးအတွက် ဈေးအတွင်းရောင်းချနေသောကုန်မျိုးစုံဆိုင်များ၊ မုန့်မျိုးစုံရောင်းချသောဆိုင်များမှ ကုန်ပစ္စည်းနှင့်မုန့်မျိုးစုံများ အား စစ်ဆေးခဲ့ပါသည်။ (FDA) မှ ဦးကျော်စွာလင်းက ဈေးဆိုင်ရှင်များအား စားသောက်ကုန်များနှင့် ပတ်သက်၍ အသိပညာပေးဟောပြောခြင်းများနှင့် ဒေါ်ခင်ထွေးရီက ကုန်ပစ္စည်းအား ခွင့်မပြုဆိုးဆေးများ သုံးစွဲထားခြင်းရှိမရှိ စစ်ဆေးရန် ငရုတ်သီးမုန့်နမူနာများ၊ မုန့်မျိုးစုံနမူနာများ ဝယ်ယူခဲ့ကြောင်း သိရှိရပါသည်။

**ဒေလီ (အရာတော်)**

## ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူအခြေပြုမှုဖြေရှင်းရေးအဖွဲ့မှ အုတ်ကျင်းဈေးနှင့် ဆင်မလိုက်ဈေးတို့တွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး ကွင်းဆင်းစစ်ဆေး

ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ အတွင်းရေးမှူးဦးကျင်ဌေး ဦးဆောင်သော ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ အနောက်ပိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများမှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဈေးတာဝန်ခံနှင့် ဝန်ထမ်းများ ပူးပေါင်းပါဝင်သောအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အုတ်ကျင်းဈေးအား အောက်တိုဘာ ၁၉ ရက်ကလည်းကောင်း၊ ကမာရွတ်မြို့နယ်၊ ဆင်မလိုက် စည်ပင်သာယာဈေးအား အောက်တိုဘာ ၂၉ ရက်ကလည်းကောင်း ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။ ထိုသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေး ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါအချက်များ၊ ကုန်စည်များတွင် သုံးစွဲပုံအညွှန်း၊ ထားသို သိမ်းဆည်းပုံအညွှန်း၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်၊ ကြိုတင်သတိပေးချက်၊ ဘေးထွက်ဆိုးကျိုး စသည့်သုံးစွဲပုံနှင့် ပတ်သက်သော သတင်းအချက်အလက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြပါရှိရန် အသိပညာပေးခြင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းဈေးကွက်များတွင် FDA မှ ဘူးသွင်းစားသုံးဆီများ၏အမှတ်တံဆိပ်တွင် ဖော်ပြထားသောပါဝင်ပစ္စည်းဖော်ပြချက်နှင့် Iodine Value ကိုက်ညီမှုမရှိကြောင်းနှင့် ဓာတုအနံ (Essence) များ ရောနှောထည့်သွင်းထားသော စံမညီစားသုံးဆီ (၁၃) မျိုးတို့အား ဈေးကွက်အတွင်း ရောင်းချမှုရှိ/မရှိနှင့် တွေ့ရှိသော စံမညီ စားသုံးဆီများကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းခြင်း (Market Recall) ပြုလုပ်ခြင်းများဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Yangon West DOCA**

## ပုသိမ်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ မြို့ပေါ်ရှိစတိုးဆိုင်များနှင့် အောင်ဇေယျာဈေးတွင် လူသုံးကုန်၊ အလှကုန်နှင့် စားသောက်ကုန်များအား ကွင်းဆင်းစိစစ်

ပုသိမ်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဒုခရိုင်ဦးစီးမှူး ဦးထွေးသိမ်းနှင့် ဝန်ထမ်းများသည် စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်စားသုံးသူရေးရာအဖွဲ့များ လိုက်ပါ၍ ပုသိမ်မြို့ပေါ် အမှတ်(၈)ရပ်ကွက်ရှိ အလှကုန်နှင့်လူသုံးကုန်ရောင်းချသောဆိုင်(၅)ဆိုင်သို့ အောက်တိုဘာ ၁၂၉ ရက်တွင် သွားရောက်၍ သုံးစွဲရန်မသင့်တားမြစ်ထားသော ပစ္စည်းများ ရောင်းချခြင်းရှိ/မရှိ ကွင်းဆင်းစိစစ်ခဲ့ပြီး ဆက်လက်၍ ပုသိမ်ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် အောက်တိုဘာ ၃၀ ရက်တွင်လည်း စည်ပင်သာယာရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ အောင်ဇေယျာ ဈေးကော်မတီများပါဝင်လျက် အောင်ဇေယျာဈေးအတွင်း သန့်ရှင်းလတ်ဆတ်သော အသား၊ ငါး၊ ပုဇွန်များ ရောင်းချရေး၊ အေးခဲအသားနှင့် ရက်လွန်အသား၊ ငါးများ ရောင်းချခြင်း မရှိစေရန် ပညာပေးခဲ့ပြီး ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒေါက်တာအောင်နိုင်မှလည်း အသိပညာပေးဆွေးနွေးခဲ့ကာ ကုန်စုံ ဆိုင်များတွင်လည်း စားသုံးရန်မသင့်သောစားသောက်ကုန်၊ လူသုံးကုန်၊ စားသုံးဆီများ ရောင်းချခြင်းမရှိစေရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။

**ဇေယျာမြေ(ပုသိမ်)**

## မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ မိဘဈေးနှင့် နီးစပ်ရာစတိုးဆိုင်များ စက်မှု(၁)ဈေးနှင့် နီးစပ်ရာ စတိုးဆိုင်များအား ဈေးကွက်စောင့်ကြည့် ကွင်းဆင်းစစ်ဆေးခြင်း ပြုလုပ်

မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူများ ဘေးကင်းလုံခြုံစိတ်ချရမှုရှိစေရန် အောက်တိုဘာလ ၂၂ ရက်နှင့် ၃၀ ရက်တို့တွင် အောင်မြေသာစံမြို့နယ်ရှိ မိဘဈေးနှင့်နီးစပ်ရာ စတိုးဆိုင်များ၊ ပြည်ကြီးတံခွန်မြို့နယ်ရှိစက်မှု(၁)ဈေးနှင့် နီးစပ်ရာ စတိုးဆိုင်များသို့ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မေသက်ထွန်းနှင့် ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဥပဒေချုပ်ရုံး၊ စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးတို့ ပါဝင်သောအဖွဲ့ဖြင့် ဈေးကွက် စောင့်ကြည့်ခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။

ကွင်းဆင်းစစ်ဆေးရာတွင် သက်တမ်းလွန်ကုန်ပစ္စည်းများသက်ဆိုင်ရာဌာနများမှ တားမြစ်ပိတ်ပင်ထားသော စားသုံးရန်မသင့်/ သုံးစွဲရန်မသင့် ကုန်ပစ္စည်းများရောင်းချမှုရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်း၊ ကလေးကစားစရာ မြွားပစ်တံ၊ ကလေးကျောင်း သင်ခန်းစာအခြေခံ လေ့ကျင့်ရေးပစ္စည်းများအား ဈေးကွက် စောင့်ကြည့်စစ်ဆေးခြင်း၊ ဈေးရောင်းချသူများအား စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့်တာဝန်များအား ပြောကြားခဲ့ပြီး မိဘဈေးနှင့် နီးစပ်ရာစတိုးဆိုင်များ၊ စက်မှု(၁)ဈေးနှင့် နီးစပ်ရာ စတိုးဆိုင်များမှ ဝန်ထမ်းများအား လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရပါတယ်။

**သီတာဝင်း၊ စားသုံးသူ(မန္တလေး)**

## မြောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၈) ကျင်းပ

မြောက်ပိုင်းခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၀/၂၀၁၈) ကြိမ် အစည်းအဝေးကို ခရိုင်အုပ်ချုပ်ရေးမှူးရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ စည်သူခန်းမ၌ အောက်တိုဘာ ၁၈ ရက်က ကျင်းပခဲ့ပြီး အစည်းအဝေးသို့ အဖွဲ့ဝင်များ၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဝန်ထမ်းများ စုစုပေါင်း ၁၂ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ မြောက်ပိုင်း ခရိုင်ဦးစီးမှူးရုံး၊ စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်တင်စိုးက အဖွင့်အမှာ စကားပြောကြားရာတွင် ယခင်လအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ အောက်တိုဘာလတွင် ဈေး၊ ကျောင်းနှင့် ရပ်ကွက်ကျေးရွာများသို့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများနှင့် ဈေးကွက်ကွင်းဆင်း ပညာပေးဆောင်ရွက်ပြီးစီးမှုအခြေအနေများ မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ ဈေးများသို့ ကွင်းဆင်းဆောင်ရွက်ထားမှုအခြေအနေများကို ဆွေးနွေးပြောကြားခဲ့ပါသည်။

ဆက်လက်၍ အတွင်းရေးမှူးက စံမညီစားသုံးဆီ ထုတ်လုပ်ဖြန့်ဖြူးနေသည့် ရွှေပြည်သာမြို့နယ်နှင့် လှိုင်သာယာမြို့နယ်များအတွင်းရှိ လုပ်ငန်းနေရာ(၆)နေရာသို့ မိတ်ဖက်ဌာနများနှင့်ပူးပေါင်း၍ ရှောင်တခင် ကွင်းဆင်းစစ်ဆေးပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ဆွေးနွေးပြောကြားခဲ့ သည်။

ထို့နောက် အတွင်းရေးမှူးက စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျောင်း၊ ဈေး၊ ရပ်ကွက်များတွင် အသိပညာပေးဟောပြောပွဲ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကွင်းဆင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ စားသုံးသူ တိုင်ကြားမှုများကို လက်ခံဖြေရှင်းဆောင်ရွက်ခြင်း၊ အခါအားလျော်စွာ အသိပညာပေးတားမြစ်ချက်များ ထုတ်ပြန်ကြေညာခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များမှ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ကေခိုင်မျိုးထွန်း (ရန်ကုန်)**

## ကသာခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ (၂၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၂၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ ၃၀ ရက်တွင် ကသာခရိုင် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးရုံးတွင် ကျင်းပပြုလုပ်ခဲ့ရာ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ အဖွဲ့ဝင်များနှင့် စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများ စုစုပေါင်း ၁၁ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ကသာခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်အုန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စက်တင်ဘာလ(၂၀)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက် အရ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် မိမိဌာနအနေဖြင့် ကသာခရိုင်အတွင်း အသိပညာပေးဟောပြောပွဲများကို (၃)နှစ်အတွင်း ဆောင်ရွက်ပြီးဖြစ်သောကြောင့် နိုဝင်ဘာလမှစ၍ စစ်ဆေးခြင်းများကိုသာ ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အောက်တိုဘာလအတွင်း ကွင်းဆင်း ဟောပြောဆောင်ရွက်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံအသိပညာပေးဆွေးနွေးခြင်း စုစုပေါင်း (၄၂)ကြိမ် ဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အနေဖြင့် တိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ကျောင်း၊ ဈေး၊ ရပ်ကွက်၊ ကျေးရွာများတွင် စားသုံးသူရေးရာအဖွဲ့များ ဖွဲ့စည်းနိုင်ရေးအတွက် ပြောကြားခဲ့ကြောင်း၊ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ ဌာနများအနေဖြင့် နေရာဒေသအလိုက် စားသုံးသူရေးရာအဖွဲ့များဖွဲ့စည်းနိုင်ရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးစေလိုကြောင်း၊ ကသာမြို့ပေါ်ရှိ ရပ်ကွက်(၅)နှင့် ရပ်ကွက်(၈)တို့တွင် ရပ်ကွက်စားသုံးသူရေးရာအဖွဲ့ (၂)ဖွဲ့ကို အဖွဲ့ဝင် ၁၉ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ နိုဝင်ဘာလအတွင်း ဈေးစားသုံးသူရေးရာအဖွဲ့နှင့် ကျောင်းစားသုံးသူရေးရာအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး၊ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ ဖြစ်ကြသော ကျန်းမာရေး၊ ပညာရေး၊ စည်ပင်ဌာနများမှပူးပေါင်းပါဝင် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**လှလှခိုင် (ကသာ)**

## လှိုင်ကော်ခရိုင် စားသုံးသူအခြင်းပွားမှုဖြေရှင်းရေးအဖွဲ့(၇/၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ကယားပြည်နယ် လွိုင်ကော်ခရိုင် စားသုံးသူရေးရာဦးစီးဌာနသည် အောက်တိုဘာ ၃၀ ရက်က ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏(၈/၂၀၁၈)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အစည်းအဝေးသို့ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးတွင် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစန်းဝင်းက အဖွင့်အမှာစကား ပြောကြားရာတွင်စားသုံးသူပြည်သူများအတွက် ဘေးန္တရာယ်ကင်းသော ကုန်စည်များ ရောင်းချနိုင်ရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဌာနများကပါ ပူးပေါင်း ဆောင်ရွက်ကြမှာသာ စားသုံးသူအကာအကွယ်ပေးတဲ့လုပ်ငန်း အကောင်အထည်ဖော်နိုင်မှာဖြစ်ကြောင်း၊ ရှေ့ဆက်ဆောင်ရွက်မယ့် လုပ်ငန်းစဉ်များအပေါ် အဖွဲ့ဝင်များက ဝိုင်းဝန်း အကြံပြုဆွေးနွေးစေလိုကြောင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်၍ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ခရိုင်စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်မြို့ရီက ယခင်လ (၇/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များ၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ 4TV ရုပ်သံလိုင်းများကို Canal+ ရုပ်သံလိုင်းများဖြင့် ပြောင်းလဲပြသခြင်းအပေါ် စိတ်ကျေနပ်မှု မရှိသော သုံးစွဲသူပြည်သူများ၏ နစ်နာမှုများကို ဖြေရှင်းဆောင်ရွက်ပေးမှု အခြေအနေများ၊ Sky net ရုပ်သံလိုင်း သက်တမ်းတိုးရာတွင် ဝန်ဆောင်မှုအား စိတ်ကျေနပ်မှုမရှိသဖြင့် ဖြေရှင်းဆောင်ရွက်ပေးမှုအခြေအနေများ၊ ဈေးကွက်စောင့်ကြည့် စစ်ဆေးမှု အခြေအနေများအား အမှာစာဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီမှ ကုန်စည်များ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ ပြုရာတွင် စားသုံးသူ ဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေဖော်ပြခြင်း အမိန့်ကြော်ငြာစာထုတ်ပြန်ထားမှုကိုလည်းကောင်း၊ ရှေ့ဆက်လက် ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း တင်ပြဆွေးနွေးခဲ့ကာ အဖွဲ့ဝင်များကလည်း အသီးသီး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**ကျော်ဇင်ထွေး (စားသုံးသူ၊ ကယား)**

## မြောင်းမြမြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာ/ဆရာမများအား စားသုံးသူအသိပညာပေး သင်တန်းဆွေးနွေးပို့ချ

ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန၊ မြောင်းမြခရိုင် စားသုံးသူရေးရာဦးစီးမှူးရုံးမှ ကြီးမှူး၍ အောက်တိုဘာ ၃၁ ရက်က မြောင်းမြမြို့ အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်းခန်းမဆောင်မှာ မြောင်းမြမြို့နယ်ရှိ အခြေခံပညာမူလတန်းစာသင်ကျောင်း၊ ကျောင်းအုပ် ဆရာ/ဆရာမများအား စားသုံးသူအသိပညာပေးသင်တန်း ဆွေးနွေးပို့ချခဲ့ပါသည်။



အဆိုပါသင်တန်းတွင် စားသုံးသူရေးရာဦးစီးဌာန၊ မြောင်းမြခရိုင်ဦးစီးမှူးရုံး၊ ခရိုင်ဦးစီးမှူး ဦးတိုးလွင်က စားသုံးသူအကာအကွယ်ပေးရေးဥပဒေအကြောင်း သိကောင်းစရာများနှင့် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းဆောင်ရွက်နေမှုများအားလည်းကောင်း၊ စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် ကုန်စည်များထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ ပြုလုပ်ရာတွင် စားသုံးသူများ ဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြား ဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရန်လိုအပ်ကြောင်း၊ ကုန်စည်များတွင် သုံးစွဲပုံအညွှန်း၊ ထားသိုသိမ်းဆည်းပုံအညွှန်း၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်နှင့် ကြိုတင်သတိပေးချက် ဘေးထွက်ဆိုးကျိုးများ ဖော်ပြရမည်ဖြစ်ကြောင်း၊ လိုက်နာခြင်းမရှိပါက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပုဒ်မ-၁၉ အရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ မြောင်းမြခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ကျန်းမာရေးမှူး ဒေါ်သန်းသန်းအေးက ကျောင်းကျန်းမာရေးသိကောင်းစရာများကိုလည်းကောင်း၊ ဒု-ခရိုင် ဦးစီးမှူးဦးဇော်မင်းက စားသုံးသူအသိပညာပေး ဟောပြောပွဲများကို တိုက်နယ်အလိုက် ဆောင်ရွက်မည့်အစီအစဉ်များအား လည်းကောင်း၊ ဌာနခွဲမှူး ဦးလှထွန်းဦးက စားသုံးရန်မသင့်မှုန့်များအား လက်တွေ့နမူနာပြသ၍ လည်းကောင်း၊ ဆွေးနွေးခဲ့ပါသည်။

၎င်းနောက် တက်ရောက်လာသူဆရာ/ဆရာမများ၏ ဆွေးနွေးချက်များအပေါ် ခရိုင်ဦးစီးမှူး ဦးတိုးလွင်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ အဆိုပါသင်တန်းသို့ မြောင်းမြမြို့နယ်ရှိ အခြေခံပညာမူလတန်း စာသင်ကျောင်း ကျောင်းအုပ်ဆရာ/ဆရာမများ စုစုပေါင်း ၂၈၂ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**တိုးလွင်(မြောင်းမြ)**

## ပုသိမ်မြို့စားသုံးသူရေးရာဦးစီးဌာနမှ ကက်သလစ်သာသနာစိန့်ပီတာဘုရားကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲပြုလုပ်

ပုသိမ်မြို့တိုင်းဦးစီးမှူးရုံး စားသုံးသူရေးရာ ဦးစီးဌာနခွဲမှူး ဦးစောမိုက်ကယ်နှင့် ဝန်ထမ်းများသည် မြို့ပေါ်ရှိ ကက်သလစ် သာသနာစိန့်ပီတာဘုရားရှိခိုးကျောင်းတွင် တိုင်းဒေသကြီးအတွင်း ၁၈ မြို့နယ်မှ မိခင်များအသင်း ကိုယ်စားလှယ် အမျိုးသမီး ၅၀၀ ဦးအား အောက်တိုဘာ ၂၇ ရက်တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပါသည်။

စားသုံးသူရေးရာ ဌာနခွဲမှူး ဦးစောမိုက်ကယ်မှ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပေါ်ပေါက်လာပုံ ရည်ရွယ်ချက်၊ ရည်မှန်းချက်များ၊ ခွင့်မပြုဆိုးဆေးများနှင့် ရက်လွန်အစားအစာများ၊ ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသော လူသုံးကုန်၊ စားသောက်ကုန်နှင့် ရက်လွန်အစားအစာများ၊ စားသုံးသူများ၏ အခွင့်အရေးနှင့် အစားအသောက် လုံခြုံစိတ်ချရမှုအကြောင်း သိကောင်းစရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်နှင့် တားမြစ်ချက်များ၊ စားသုံးသူအကာအကွယ်ပေးရေး အသိပညာဗဟုသုတများကို ရှင်းလင်းဟောပြော၍ စားသုံးသူ အသိပညာပေး လက်ကမ်းစာစောင်များ၊ ဂျာနယ်၊ သတင်းစာများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စောမိုက်ကယ် (ပုသိမ်)**

## ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း ထုတ်ကုန်လုံခြုံစိတ်ချမှု ရရှိစေရေး အသိပညာပေး ဟောပြောဆွေးနွေး

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးနှင့် စားသုံးသူပြည်သူများအား ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များ စားသုံးနိုင်ရန် ရည်ရွယ်၍ ခရမ်းမြို့နယ်ရှိ လုပ်ငန်းရှင်များအား ရန်ကုန်တောင်ပိုင်းခရိုင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲကို အောက်တိုဘာလ ၁၉ ရက်တွင် ခရမ်းမြို့နယ်၊ ပြည်သူ့ဆေးရုံ မွန်မြတ်မေတ္တာခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲတွင် ခရမ်းမြို့နယ်၊ ဆေးရုံအုပ်ကြီး ဒေါက်တာစောသူရိန်မှ အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တောင်ပိုင်းခရိုင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူး ဦးရွှေဖြူမှ စားသုံးသူ၏အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့်တာဝန်များ၊ တားမြစ်ချက်များ၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အရေးယူပိုင်ခွင့်၊ ပြစ်မှုနှင့်ပြစ်ဒဏ်များအား ရှင်းလင်းပြောကြားပါသည်။ ဆက်လက်၍ ရန်ကုန်တောင်ပိုင်းခရိုင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အဖွဲ့ဝင်လုပ်ငန်းရှင်ကိုယ်စားလှယ် ဦးဌေးမိုးက စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် စားသုံးဆီများအား ထုတ်လုပ်ရောင်းချဖြန့်ဖြူးပေးကြရန်၊ စံမညီသည့် စားသုံးဆီများအား ရောင်းချဖြန့်ဖြူးခြင်းမပြုရန် ရှင်းလင်းပြောကြားပြီး ခရမ်းမြို့နယ် ဆေးရုံအုပ်ကြီး ဒေါက်တာစောသူရိန်မှ နိဂုံးချုပ်စကားပြောကြားခဲ့ပါသည်။ အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ ခရမ်းမြို့မဈေးရှိ လုပ်ငန်းရှင် ၆၁ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**သိန်းနိုင်(သန်လျင်)**

## ရန်ကုန်အရှေ့ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့(၁၀/၂၀၁၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန်အရှေ့ပိုင်းခရိုင်၊ စားသုံးသူရေးအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၀/၂၀၁၈) ကြိမ်မြောက် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်အရှေ့ပိုင်းခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၃၀ ရက်တွင် ကျင်းပခဲ့ရာ အရှေ့ပိုင်းခရိုင်၊ စားသုံးသူရေးရာ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် အရှေ့ပိုင်းခရိုင် ရုံးဝန်ထမ်းများ အပါအဝင် စုစုပေါင်း ၁၅ ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အတွင်းရေးမှူး ဦးစိုးတင့်က ဗိုလ်တထောင်မြို့နယ်အတွင်း အခြေခံပညာစာသင်ကျောင်းများကို ပညာပေးဟောပြောခဲ့ခြင်း၊ သက်ဆိုင်ရာကျောင်းများရှိ မုန့်ဈေးတန်းများအား ကွင်းဆင်းစစ်ဆေးခြင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန်အတွက် ခရိုင်အတွင်းရှိ ဈေးများ၊ အိမ်ဆိုင်များ၊ စတိုးဆိုင်များကို ကွင်းဆင်းစစ်ဆေးခြင်း၊ စံမညီစားသုံးဆီများနှင့် ပတ်သက်ပြီး စားသုံးသူများအား သတင်းအချက်အလက်မှန်ကန်မှုရှိစေရေးအတွက် တောင်ဒဂုံမြို့နယ်နှင့် မြောက်ဒဂုံမြို့နယ်အတွင်းရှိ စားသုံးဆီထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသော စက်ရုံ၊ အလုပ်ရုံများသို့ မိမိတို့ ထုတ်လုပ်ထားသော စားသုံးဆီများတွင် ပဲဆီပါဝင်မှု ရာခိုင်နှုန်းနှင့် စားအုန်းဆီပါဝင်မှုရာခိုင်နှုန်းများအား မှန်မှန်ကန်ကန် ဖော်ပြပြီး ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချကြရန် လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆွေးနွေးမှုလုပ်ငန်းများအား ကွင်းဆင်းဆောင်ရွက်ခြင်း၊ Online Shopping နှင့် ပတ်သက်၍ တိုင်ကြားမှုအပေါ် ကွင်းဆင်းဆောင်ရွက်ချက်များတို့အပြင် ဗဟိုကော်မတီ၏ အမိန့်ကြော်ငြာစာ (၁/၂၀၁၈)ဖြင့် ထုတ်ပြန်ကြေညာခဲ့သော ကုန်စည်များ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ပြုလုပ်ရာတွင် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရန်တို့ကို ထည့်သွင်းဆွေးနွေးခဲ့ပါသည်။

အဖွဲ့ဝင်များမှလည်း အတွင်းရေးမှူး၏ ဆွေးနွေးချက်များထဲမှ ဗဟိုကော်မတီ၏ (၁/၂၀၁၈) ထုတ်ပြန်ကြေညာချက်သည် စားသုံးသူများအနေဖြင့် လွန်စွာကောင်းမွန်ပါကြောင်း၊ သို့သော် ထုတ်လုပ်ဖြန့်ချိရောင်းဝယ်သော လုပ်ငန်းရှင်များသိရှိနိုင်ရန် ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်ကြေညာသင့်ကြောင်း၊ သို့မှသာ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများအား လုပ်ငန်းရှင်ဘက်မှ ဥပဒေနှင့်အညီ ပြည့်ပြည့်စုံစုံ ပြင်ဆင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ပူးပေါင်းကူညီဆောင်ရွက်ပေးခြင်းဖြင့် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို တတ်စွမ်းသမျှဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ပါကြောင်း သတင်းရရှိပါသည်။

**နေလင်း**



## မန်စီးတီးနှင့် ငါးနှစ်စာချုပ် သက်တမ်းတိုးရန် စတာလင်း အကြိုသဘောတူညီမှုရရှိ

မန်စီးတီးအသင်း တောင်ပံကစားသမား စတာလင်းသည် အသင်းနှင့် ငါးနှစ်သက်တမ်းတိုးရန် အကြိုသဘောတူညီမှု ရရှိထားပြီဖြစ်ကြောင်း သိရသည်။

စတာလင်းသည် မန်စီးတီးအသင်းနှင့် ၂၀၂၀ ပြည့်နှစ်အထိ စာချုပ်သက်တမ်းရှိနေသော်လည်း နောက်ထပ်ငါးနှစ် ထပ်မံသက်တမ်းတိုးရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ပြီး မကြာမီတွင် တရားဝင်စာချုပ် ချုပ်ဆိုသွားမည်ဟုဆိုသည်။

အသက်(၂၃)နှစ်ရှိ စတာလင်းသည် ယခုနှစ်ရာသီတွင်အသင်း၌ ပုံမှန်ပွဲထွက်ခွင့်ရရှိနေသလို အသင်းအတွက် လိုအပ်သည့် ဂိုးများလည်း သွင်းပေးနေသည်။ ထို့ပြင် စတာလင်းသည် ကိုယ်တိုင်ခြေစွမ်းပြ ဂိုးသွင်းနေနိုင်သည်သာမကဘဲ အသင်းဖော်များ ဂိုးသွင်းနိုင်အောင်လည်း ဂိုးဖန်တီးပေးမှုများကို အကောင်းဆုံးလုပ်ဆောင်ပေးနေသည်။

စတာလင်းသည် မန်စီးတီးအသင်းနှင့် ငါးနှစ်စာချုပ်သစ် ချုပ်ဆိုပြီးပါက ၎င်းကစားသမားသည် တစ်ပတ်လုပ်ခ ပေါင်သုံးသိန်း ရရှိမည်ဖြစ်သည်။ ထို့ပြင် စာချုပ်သစ်ကြောင့် စတာလင်း၏ တန်ကြေးမှာလည်း ပိုမိုမြင့်တက်သွားမည်ဖြစ်သည်။

## မန်ယူအသင်းနှင့် လမ်းခွဲပြီးပါက ဂျူဗင်တပ် သို့မဟုတ် ပီအက်စ်ဂျီသို့သွားရန် ဒီဂီယာ စဉ်းစားနေ

မန်ယူအသင်း၏ ဂိုးသမား ဒီဂီယာသည် ယခုနှစ်ရာသီကုန်တွင် မန်ယူအသင်းမှ ထွက်ခွာရန်မှာ သေချာသလောက်ရှိနေပြီး ၎င်းအနေဖြင့် မန်ယူအသင်းမှ ထွက်ခွာပြီးပါက အီတလီစီးရီးအေကလပ်ဂျူဗင်တပ် သို့မဟုတ် ပြင်သစ်လီဂူးဝမ်းကလပ် ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ရန်စဉ်းစားနေပြီး မကြာမီအချိန်အတွင်း၌ တိကျသည့် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်သွားမည်ဖြစ်ကြောင်း ပြောဆိုလိုက်သည်။

ဒီဂီယာက 'အခု နည်းပြ မော်ရင်ဟို လက်အောက်မှာ ကစားနေရတာ ကျွန်တော့်ကိုယ် ကျွန်တော် ယုံကြည်မှုတွေ ပျောက်ဆုံးနေသလိုပဲ။ စိုးရိမ်စိတ်တွေ အမြဲတမ်းရှိနေတယ်။ ဘာတွေကို စိုးရိမ်နေတာလည်းဆိုတော့လည်း ဘာမှရေရာမှုမရှိဘူး။ အလိုလိုကို ယုံကြည်မှုတွေက ပျောက်ဆုံးနေတာ။ အသင်းကစားတဲ့ပွဲရဲ့ အဖြေပေါ့၊ အသင်းရဲ့ ပွဲအပြီးရလဒ်ကိုလည်း ရင်ခုန်စိတ်လှုပ်ရှားနေရတယ်။ မပျော်ရွှင်တော့တဲ့အသင်းမှာ ဆက်မနေဘဲ အဆင်ပြေမယ့်နေရာ၊ ကိုယ့်အတွက် သင့်တော်မယ့်နေရာကို ရွေးချယ်တာက အကောင်းဆုံးဖြစ်မှာပါ။ အဲ့တာကြောင့် ကျွန်တော် အသင်းပြောင်းဖို့ ဆုံးဖြတ်လိုက်ပါပြီ။ ကျွန်တော့်လိုပဲ အသင်းပြောင်းဖို့ ဆုံးဖြတ်တဲ့ ကစားသမားတွေ မန်ယူမှာ ရှိကောင်းရှိနိုင်ပါတယ်။ မန်ယူဟာသမိုင်းအစဉ်အလာ ကြီးမားတဲ့အသင်းပါ။ မန်ယူလို အသင်းမျိုးမှာ ကစားခွင့်ရတာက အဲဒီကစားသမားတစ်ယောက်အတွက် ကြီးမားတဲ့အခွင့်အရေးကြီး တစ်ရပ်ပါ။ ဒါပေမဲ့ ဒါတွေက သံသရာတရားတွေပါ။ ဘယ်အရာမှ မတည်မြဲပါဘူး'ဟု ပြောကြားခဲ့သည်။




အခြားတစ်ဖက်တွင် မန်ယူအသင်းသည် အသင်းမှ ဂိုးသမားဒီဂီယာ ထွက်ခွာသွားပါက ၎င်း၏နေရာတွင် အစားထိုးနိုင်ရန် ဘရိုက်တန်အသင်းမှ ဩစတြေးလျ ဂိုးသမား မက်သရူးရိုင်ယန်ကို ဆက်သွယ်ကမ်းလှမ်းနေကြောင်း သိရသည်။

အသက်(၂၆)နှစ်ရှိ မက်သရူးရိုင်ယန်သည် လက်ရှိအချိန်တွင် ဘရိုက်တန်အသင်း၌ လက်စွမ်းပြနေသည့် ဂိုးသမားတစ်ဦးဖြစ်ပြီး ကမ္ဘာ့အဆင့်မီ ဂိုးသမားတစ်ဦးအဖြစ် အသိအမှတ် ပြုနေကြကာ ဥရောပအသင်းကြီးများက ၎င်းဂိုးသမားကို ခေါ်ယူရန် စောင့်ကြည့်နေသည်ဟုလည်း သတင်းများတွင် ဖော်ပြထားသည်။

ဘရူဂျက်၊ ဗလန်စီယာ၊ ဂျန့်စသည့် အသင်းများတွင် ကစားဖူးသည့် မက်သရူးရိုင်ယန်သည် အတွေ့အကြုံများစွာ ရင့်ကျက်သည့် ဂိုးသမားတစ်ဦးလည်းဖြစ်သည်။ ထို့ကြောင့် လက်ရှိ ဘရိုက်တန်အသင်းတွင်ပြသနေသည့်လက်စွမ်းနှင့် အတွေ့အကြုံများကြောင့် မက်သရူးရိုင်ယန်ကို မန်ယူအသင်းက ခေါ်ယူရန် ပြင်ဆင်လာခဲ့ခြင်းလည်း ဖြစ်သည်။



## ဂျာဒွန်ဆန်ချိုမှာ တစ်နေ့တခြား တန်ဖိုးမြင့်မားလာသည့် ကစားသမားဟု ဒေါ့မွန်နည်းပြပြောကြား

ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဒေါ့မွန်အသင်း နည်းပြ လူစီရင်ဖာဗရီက လက်ရှိအသင်း၏ လူငယ်တောင်ပံကစားသမား ဂျာဒွန်ဆန်ချိုမှာ တစ်နေ့တခြား တန်ဖိုးမြင့်တက်လာသည့် ကစားသမား တစ်ဦးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

အသက်(၁၈)နှစ်သာရှိသေးသည့် အင်္ဂလန်နိုင်ငံသား ဂျာဒွန်ဆန်ချိုသည် ဒေါ့မွန်အသင်းနည်းပြ လူစီရင်ဖာဗရီ၏ ယုံကြည်စွာနေရာပေးမှုနှင့်အတူ အသင်းအတွက် ခြေစွမ်းပြနေသူဖြစ်ပြီး ဂိုးများလည်း သွင်းပေးနိုင်သည်ကို တွေ့ရသည်။

တောင်ပံကစားသမား ဂျာဒွန်ဆန်ချိုနှင့် ပတ်သက်၍ ဒေါ့မွန်အသင်းနည်းပြ လူစီရင်ဖာဗရီက 'ဂျာဒွန်ဆန်ချိုဟာ အရွယ်နဲ့မလိုက်အောင် ခြေစွမ်းပြနေပါတယ်။ ကျွန်တော် ထင်ထားတာထက်တောင် သူက ပိုတော်နေပါတယ်။ ဂျာဒွန်ဆန်ချိုဟာ ပါရမီရှင် ကစားသမားတစ်ယောက်ဆိုတာ ကျွန်တော်ပြောရဲပါတယ်။ သူ့ရဲ့ တစ်ပွဲထက်တစ်ပွဲ ခြေစွမ်းပြနိုင်မှုတွေကြောင့် သူဟာ တစ်နေ့တခြား တန်ဖိုးမြင့်မားလာတဲ့ ကစားသမားတစ်ယောက်ဖြစ်လာပါပြီ။ သူ့အတွက် ကျွန်တော် များစွာဂုဏ်ယူရပါတယ်။ သူဟာ အင်္ဂလန်အသင်းရဲ့ အနာဂတ် ကြယ်တစ်ပွင့်ဖြစ်လာမှာပါ'ဟု ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် အဆိုပါ လူငယ်ကစားသမား ဂျာဒွန်ဆန်ချိုကို အင်္ဂလန်ပရီးမီးယားလိဂ် အသင်းကြီးများအပါအဝင် တခြားဥရောပအသင်းကြီးများကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

ဂျာဒွန်ဆန်ချိုသည် မိခင်နိုင်ငံ အင်္ဂလန်လူငယ် လက်ရွေးစင်အသင်းများတွင် အဆင့်ဆင့် ကစားခဲ့သလို လက်ရှိ အင်္ဂလန်လက်ရွေးစင်အသင်း နည်းပြဆောက်ဂိတ်လက်ထက်တွင် အင်္ဂလန်အသင်းကြီးအတွက် ရွေးချယ်ခြင်းခံထားရသူလည်း ဖြစ်သည်။ ဂျာဒွန်ဆန်ချိုသည် ယခုနှစ်ဘောလုံးရာသီတွင် ဒေါ့မွန်အသင်းအတွက် ကိုးပွဲ ပါဝင်ကစားရာတွင် လေးဂိုးသွင်းပေးထားနိုင်သည့်အပြင် အသင်းဖော်များ ဂိုးသွင်းနိုင်အောင်လည်း စွမ်းဆောင်ပေးနေသူဖြစ်သည်။

## ဒူးဒဏ်ရာကြောင့် ဒီဘရိုင်း ပြန်လည်အနားယူရဦးမည်

မန်စီးတီးအသင်း၏ ကွင်းလယ်ကစားသမား ဒီဘရိုင်းသည် ကြာသပတေးနေ့ နံနက်ပိုင်းက ဖူလ်ဟမ်အသင်းနှင့် ကစားခဲ့သည့် လိဂ်ဖလား(ကာရာဘာအို)ပွဲတွင် ဒူးဒဏ်ရာရရှိခဲ့ခြင်းကြောင့် ကာလအနည်းငယ်ကြာ ထပ်မံအနားယူရတော့မည် ဖြစ်သည်။

ဒီဘရိုင်းသည် မန်စီးတီးအသင်းက ဖူလ်ဟမ်အသင်းကို ၂-၀ ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲတွင် ဒုတိယပိုင်း ပွဲချိန် ၈၆ မိနစ်တွင် ဒူးဒဏ်ရာ ရရှိခဲ့ခြင်းကြောင့် ဂိုမစ်နှင့် လူစားထိုးလဲလှယ်ခဲ့ရသည်။ ဒီဘရိုင်း၏ ဒူးဒဏ်ရာမှာ ပြင်းထန်မှု မရှိဟုဆိုသော်လည်း တိကျသည့် အဖြေတစ်ခု မပေးနိုင်သေးဘဲ ရက်အနည်းငယ်ကြာ အနားပြန်ယူရမည်မှာ သေချာနေကြောင်း မန်စီးတီးအသင်းက ထုတ်ပြန်ထားသည်။

ဒီဘရိုင်းသည် ယခင်ကလည်း ဒဏ်ရာပြဿနာ ကြုံတွေ့ခဲ့ရ၍ ကာလကြာရှည်စွာ အနားယူနေခဲ့ရရာမှ ပြီးခဲ့သည့် အောက်တိုဘာလကမှ အသင်းနှင့်အတူ လေ့ကျင့်ခန်းပြန်ဆင်းနိုင်ခဲ့သူဖြစ်သည်။

ယခုရရှိခဲ့သည့် ဒီဘရိုင်း၏ ဒူးဒဏ်ရာမှာ ခွဲစိတ်ကုသရမည် မဟုတ်သော်လည်း ၎င်းမပါဝင်နိုင်ခြင်းက အသင်းအတွက် များစွာနစ်နာရကြောင်း မန်စီးတီးအသင်း နည်းပြ ဂွါဒီယိုလာက ထုတ်ဖော်ပြောကြားလိုက်သည်။

နည်းပြ ဂွါဒီယိုလာက 'ပြိုင်ဆိုင်မှု ပြင်းထန်တဲ့ ပရီးမီးယားလိဂ်လို ပြိုင်ပွဲမျိုးမှာ အသင်းတိုင်းအတွက် အရန်ကစားသမားအင်အားက အရေးကြီးပါတယ်။ ကျွန်တော်တို့ သူ့ကို အလိုရှိတယ်၊ သူဒဏ်ရာပြန်ရသွားတာက ကျွန်တော်တို့အတွက် ကြီးမားတဲ့ ဆုံးရှုံးမှုတစ်ခုပါ။ သူ့အတွက် ကျွန်တော် အပါအဝင် အသင်းသားတွေအားလုံးက မြန်မြန်ပြန်ကောင်းလာဖို့ ဆုတောင်းပေးနေကြပါတယ်'ဟု ပြောကြားခဲ့သည်။

ဟန်နေသစ် စုစည်းသည်



**စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . . မှအဆက်**

စပါးဈေးတက်ရခြင်းမှာ ဆန်ဈေးတက်ခြင်းကြောင့်ဖြစ်ပြီး နောက်တစ်ချက်အနေဖြင့် တရုတ်ဘက်သို့ တရားမဝင်မှောင်ခိုပို့နေခြင်းကြောင့်ဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီးတွင်လည်း လက်ရှိတွင် စပါးဈေးများ မြင့်တက်နေကြောင်း၊ ဆန်ကြမ်းစပါး တင်း ၁၀၀ လျှင် ကျပ်ခြောက်သိန်းကျော်နှင့် ဆန်ချောစပါးတင်း ၁၀၀ လျှင် ကျပ် ၁၀ သိန်းခန့် ဈေးရှိနေကြောင်း သိရှိရပါသည်။ ထို့ပြင် မကြာခင်ပေါ်တော့မည့်စပါးများကိုလည်း ယခုအချိန်ကတည်းမှစတင်၍ ဈေးကောင်းများပေးကာ ကြိုတင်ဝယ်ယူမှုများ ရှိနေကြောင်း သိရှိရပါသည်။

စပါးအတိုင်း ပြည်ပပို့နေလျှင် ကြိတ်ခွဲစရာ စပါးရှားပါးမှုဖြစ်လာနိုင်မည်ဟု ပြည်တွင်းဆန်စက်လုပ်ငန်းရှင်များက စိုးရိမ်နေကြပြီး စပါးကြိတ်ခွဲရာမှ ဘေးထွက်ပစ္စည်းအဖြစ်ရသည့် ဖွဲ၊ ဆန်ကွဲ စသည့် တိရစ္ဆာန်အစာ ကုန်ကြမ်းများရရှိမှုနည်းသွားနိုင်သည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များကလည်း စိုးရိမ်နေကြပါသည်။ ထို့ကြောင့် စပါးများတရား မဝင်ပို့နေခြင်းကို တားဆီးပေးရန် နိုင်ငံတော်ကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က တင်ပြထားကြောင်း သိရှိရပါသည်။

ထို့ပြင် တရားမဝင် စပါးရောင်းဝယ်ဖောက်ကားနေသူများအား သတင်းပေး တိုင်ကြားမှုများရှိလာပါက သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသခံအာဏာပိုင်များနှင့် ဆန်စပါးကုန်စည်ဒိုင် (မူဆယ်)က လိုအပ်သလိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ထုတ်ပြန်ကြေညာထားပါသည်။ စပါးအတိုင်းတင်ပို့လျှင် တောင်သူတွေ ဈေးကောင်းရနိုင်သဖြင့် တောင်သူများ အကျိုးအမြတ်ရှိနိုင်သော်လည်း ပဲအချို့နိုင်ငံများမှာ စပါးအတိုင်းတင်ပို့ခြင်းမရှိသည်ကို သိရှိရပါသည်။ ယခင်နှစ်များကလည်း စပါးကို ကိုယ်စားလှယ်အနေဖြင့် အစိုးရမှဝယ်ယူစဉ်ကလည်း ဘင်္ဂလားဒေ့ရှ်ဘက်သို့ ရခိုင်မှစပါးအတိုင်း တင်ပို့ခြင်းများရှိခဲ့ပါသည်။ စပါးအတိုင်းတင်ပို့သည့်အခါတွင် ဆန်စက်လုပ်ငန်းများမှာ တဖြည်းဖြည်းဖြင့် ရခိုင်ဘက်မှာ ပျောက်ကွယ်သွားတော့မည့် အနေအထားဖြစ်နေပါသည်။ စပါးအတိုင်း တင်ပို့သည့်အတွက် ဆန်စက်လုပ်ငန်းကဏ္ဍတစ်ခု ပျောက်ကွယ်သွားမည်ကိုလည်း စိုးရိမ်နေရပါကြောင်း၊ ထို့ကြောင့် စပါးကိုကုန်ကြမ်းအတိုင်း တင်ပို့ခြင်းကို ခွင့်မပြုထားခြင်းဖြစ်ပါကြောင်း လေ့လာသိရှိ ရပါသည်။

သို့သော် တောင်သူများကမူ တရုတ်နိုင်ငံသို့ စပါးမှောင်ခိုတင် ပို့မှုများရှိနေသည့်အတွက် စပါးများဈေးကောင်းရနေခြင်းကို သဘောကျနေသူများလည်းရှိသည်။ တောင်သူများအတွက်မူ တရားဝင်သည်/တရားမဝင်သည်ကို မကြည့်နိုင်တော့ဘဲ ဈေးကောင်းရနေသည့်အတွက် တရုတ်ကိုပို့ရန်စပါးများဝယ်နေခြင်းကို ရောင်းချလိုကြသည်။ ထို့ကြောင့် စပါးများ တရားမဝင်ပို့နေခြင်းကို ထိန်းချုပ်ဖမ်းဆီးမည့်အစား တောင်သူများ အကျိုးရှိစေရန် ဖြေရှင်းနိုင်မည့် အခြားနည်းလမ်းများကိုလည်း စဉ်းစားကြရန်လိုကြောင်း၊ ယခုကဲ့သို့ တရုတ်နိုင်ငံမှ မြန်မာ့စပါးကို ဝယ်ယူလိုလာခြင်းမှာ ဈေးကွက်တစ်ခု ရရှိလာခြင်းဟုသဘောထားပြီး နိုင်ငံတော်အနေဖြင့် အခွန်အကောက်လည်း ဆုံးရှုံးမှုမဖြစ်စေရန် စပါးများကို တရားဝင်ခွင့်ပြုပေးခြင်းမျိုးလည်း စဉ်းစားရန်လိုအပ်ကြောင်း သုံးသပ်ရပါသည်။

တောင်သူများသည် စပါးများကို လက်ဝယ်သိုလှောင်ထားနိုင် ခြင်းမရှိဘဲ အစိုးရဘဏ် ချေးငွေအကြွေး၊ အလုပ်သမားခ၊ လယ်ယာမြေ ကုန်ကျစရိတ်များ ပြန်လည်ထည့်သွင်းနိုင်ရန် ကွင်းအရောက်လာရောက်ဝယ်ယူသည့်ကုန်သည်များကို စပါးများရောင်းချနေကြကြောင်း သိရသည်။ "စပါးတွေကို ရိတ်သိမ်းပြီးတာနဲ့ ရောင်းထုတ် လိုက်တာပါပဲ။ ဟိုအရင်တုန်းကလို စပါးကျီဆောက်ပြီး သိုလှောင်မထားနိုင်သလို ကြိတ်ခွဲရောင်းချတာမျိုးတွေလည်း မလုပ်နိုင်တော့ပါဘူး။ လယ်တွေလုပ်ရတာ တစ်နှစ်နဲ့တစ်နှစ် အကြွေးမပြတ်တဲ့ အခြေအနေတွေ ဖြစ်လာပါတယ်။ အစိုးရ စိုက်ဘဏ်ချေးငွေအကြွေးဆို တစ်ခါမှ မပျက်ဘူး။ ပျက်တဲ့အခါကြတော့ ဘဏ်အတိုး၊ ဒဏ်အတိုး ဒါတွေကလည်း ထိခိုက်ပါတယ်။ လုပ်အားခတွေ၊ အတိုးတွေ၊ စက်ခတွေ ဘဏ်ချေးငွေတွေကို ဆပ်ဖို့အတွက်ငွေပေါ်ပြီးရောဆိုကာ စပါးဝယ်ယူသူတွေကလည်း နည်းမျိုးစုံနဲ့ လယ်ထဲအရောက် လာဝယ်တော့ အရင်လို စပါးကြိတ်ရောင်းရင်ကိုယ့်အတွက် ဘယ်လောက်ကျန်တာ ဘယ်၍ကျန်တာ မတွက်တော့ဘဲ ရောင်းထုတ်ပစ်လိုက်တာပါပဲ" ဟု တောင်သူတစ်ဦးက ပြောကြားခဲ့သည်။

မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၈ ကျပ်နှုန်းရှိပြီး ဧည့်မထ ဆန်တစ်အိတ်လျှင် ကျပ် ၂၅၂၀၀ ခန့်ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် နိုဝင်ဘာ ၁ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ယွမ်လျှင် ၂၂၉ ကျပ်နှုန်းရှိပြီး ဧည့်မထဆန် ၂၅ မှတ်တစ်အိတ်လျှင် ၂၄၇၃၂ ကျပ်မှ ၂၅၁၉၀ ကျပ်ထိ ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းကျဆင်းသွားကြောင်း လေ့လာသိရှိရပါသည်။

ဖိလစ်ပိုင်နိုင်ငံမှ ပြည်တွင်းစားသုံးရန်အတွက် ဆန်တန်ချိန် ၇၅၀၀၀၀ တင်ဒါခေါ်ယူ၍ ဝယ်ယူခဲ့မှုကြောင့် ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် အောက်တိုဘာလအတွင်း ဆန်ဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း တွေ့ရှိခဲ့ရပြီး မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဆန်တင်ပို့မှုများပြားသည့် ဈေးကွက်များဖြစ်သည့် အိန္ဒိယ၊ ထိုင်း၊ ဗီယက်နမ် ဈေးကွက်ကြီးများကို ယှဉ်ပြိုင်နိုင်ရန် အရည် အသွေး ကောင်းတန်းမြင့် ဆန်များ ပိုမိုတင်ပို့နိုင်ရေး၊ ဈေးကွက်နိုင်ငံများနှင့် Regular Supplier & Buyer တည်ဆောက်နိုင်ရေးအချိန်နှင့်တစ်ပြေးညီလိုအပ်သလိုညှိနှိုင်းဆောင်ရွက်သင့်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် အဓိက ကုန်သွယ်ဖက်နိုင်ငံလည်းဖြစ် အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ဈေးကွက်လိုအပ်ချက်များစွာရှိနေသောကြောင့် မြန်မာနိုင်ငံမှ ဆန်ပမာဏအမြောက်အမြား တင်ပို့နိုင်ရန် ဆောင်ရွက်နိုင်မည်ဆိုလျှင် ပြည်ပသို့တင်ပို့သော ဆန်ဈေးကွက်မြင့်တက်လာနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

USDA စာရင်းများအရ ၂၀၁၈ခုနှစ် အောက်တိုဘာလအတွင်း လေ့လာတွေ့ရှိချက်အရ ကမ္ဘာ့ဆန် အဓိက တင်သွင်းသော နိုင်ငံများ၏ တင်သွင်းနိုင်မည့် တန်ချိန်မှာ ဘီနင်း သုည ဒသမ ၆၅၀သန်း၊ ဘင်္ဂလားဒေ့ရှ် ၁ ဒသမ ၁၀၀ သန်း၊ ဘရာဇီး သုည ဒသမ ၆၅၀ သန်း၊ ကင်မရွန်း သုည ဒသမ ၇၀၀ သန်း၊ တရုတ် ၅ ဒသမ ၅၀၀ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၄၅၀ သန်း၊ EU ၂ သန်း၊ ဂါနာ သုည ဒသမ ၆၈၀ သန်း၊ အင်ဒိုနီးရှား ၁ ဒသမ ၂၀၀ သန်း၊ ဂျပန် သုည ဒသမ ၆၈၅ သန်း၊ အီရန် ၁ ဒသမ ၄၀၀ သန်း၊ အီရတ် ၁ ဒသမ ၂၅၀ သန်း၊ ကင်ညာ သုည ဒသမ ၇၅၀ သန်း၊ မလေးရှား ၁ သန်း၊ မက္ကဆီကို သုည ဒသမ ၈၈၀ သန်း၊ မိုဇမ်းဘစ် သုည ဒသမ ၇၅၀ သန်း၊ နိုင်ဂျီးရီးယား ၃ သန်း၊ ဖိလစ်ပိုင် ၁ ဒသမ ၂၀၀ သန်း၊ ဆော်ဒီအာရေးဗျ ၁ ဒသမ ၃၀၀ သန်း၊ ဆီနီဂေါ ၁ ဒသမ ၂၅၀ သန်း၊ တောင်အာဖရိက ၁ သန်း၊ UAE သုည ဒသမ ၉၀၀ သန်း၊ US သုည ဒသမ ၈၅၅ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံများအနက် မြန်မာနိုင်ငံအနေဖြင့် တန်ချိန် ၃ ဒသမ ၂ သန်း တင်ပို့မည်ဟု USDA စာရင်းများအရ ခန့်မှန်းထားပါသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော အချက်အလက် များအရ တစ်ပတ်အတွင်းဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဈေးနှုန်းများ အတက်အကျ အပြောင်းအလဲများဖြစ်ပေါ်လျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၁ ရက်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | | |
|---|---|---|---|---|---|---|---|
| | | | ၂၆.၁၀.၂၀၁၈ | ၂၉.၁၀.၂၀၁၈ | ၃၀.၁၀.၂၀၁၈ | ၃၁.၁၀.၂၀၁၈ | ၁.၁၁.၂၀၁၈ |
| ၁ | ဧယာ | ၅ | ၂၀၂၀၀ | ၂၀၆၀၀ | ၂၀၅၀၀ | ၂၀၇၀၀ | ၂၀၇၀၀ |
| ၂ | ဧယာ | ၁၀ | ၁၉၇၀၀ | ၁၉၈၀၀ | ၁၉၈၀၀ | ၂၀၀၀၀ | ၂၀၀၀၀ |
| ၃ | ဧယာ | ၂၅ | ၁၉၂၀၀ | ၁၉၂၀၀ | ၁၉၃၀၀ | ၁၉၀၀၀ | ၁၉၀၀၀ |
| ၄ | ဧယာ | ၃၅ | ၁၈၈၀၀ | ၁၈၈၀၀ | ၁၈၆၀၀ | ၁၈၇၀၀ | ၁၈၆၀၀ |
| ၅ | ဧည့်မထ | ၅ | ၂၀၂၀၀ | ၂၀၆၀၀ | ၂၀၇၀၀ | ၂၀၃၀၀ | ၂၀၃၀၀ |
| ၆ | ဧည့်မထ | ၁၀ | ၁၉၇၀၀ | ၁၉၈၀၀ | ၁၉၈၀၀ | ၁၉၇၀၀ | ၁၉၇၀၀ |
| ၇ | ဧည့်မထ | ၂၅ | ၁၉၂၀၀ | ၁၉၂၀၀ | ၁၉၃၀၀ | ၁၉၀၀၀ | ၁၉၀၀၀ |
| ၈ | ဧည့်မထ | ၃၅ | ၁၈၈၀၀ | ၁၈၈၀၀ | ၁၈၆၀၀ | ၁၈၇၀၀ | ၁၈၆၀၀ |

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၄၀၀၊ မုံရွာမြို့တွင် ကျပ် ၂၂၀၀၊ ကျိုင်းတုံမြို့တွင် ကျပ် ၁၉၀၀ အသီးသီးဖြင့် အမြင့်ဆုံး ဈေး နှုန်းများ ဖြစ်ခဲ့ပါသည်။ မော်လမြိုင်နှင့် ပုသိမ်မြို့တို့တွင် ကျပ် ၁၂၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော ဈေးနှုန်း စာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | မြို့အမည် | ဧည့်မထဆန်(ကျပ်/ပြည်) | | | | |
|---|---|---|---|---|---|---|
| | | ၂၆.၁၀.၂၀၁၈ | ၂၉.၁၀.၂၀၁၈ | ၃၀.၁၀.၂၀၁၈ | ၃၁.၁၀.၂၀၁၈ | ၁.၁၁.၂၀၁၈ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၂ | လားရှိုး | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၃ | ကျိုင်းတုံ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၄ | တောင်ကြီး | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၅ | လွိုင်ကော် | ၁၇၅၀ | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ |
| ၆ | ဘားအံ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၇ | မော်လမြိုင် | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၈ | ထားဝယ် | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၉ | မြိတ် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၁၀ | ရန်ကုန် | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ |
| ၁၁ | ပုသိမ် | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၂ | စစ်တွေ | ၁၃၅၀ | ၁၃၅၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၃ | ဟားခါး | ၂၄၀၀ | ၂၄၀၀ | ၂၄၀၀ | ၂၄၀၀ | ၂၄၀၀ |
| ၁၄ | မုံရွာ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ |
| ၁၅ | မန္တလေး | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၁၆ | ပခုက္ကူ | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ |
| ၁၇ | မကွေး | ၁၅၀၀ | ၁၅၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၁၈ | ပြည် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၉ | ပဲခူး | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၂၀ | ပျဉ်းမနား | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၂၁ | နေပြည်တော် | ၁၄၅၀ | ၁၄၅၀ | ၁၄၅၀ | ၁၄၅၀ | ၁၄၅၀ |
| ၂၂ | ကလေး | ၁၅၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |

Source-DOCA-Domestic

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက သုည ဒသမ ၈၉ ရာခိုင်နှုန်းကျဆင်းသွားခဲ့သည်ကို သိရှိရပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၈ ခုနှစ် နိုဝင်ဘာလလဆန်းပိုင်းအတွင်း နိုင်ငံတကာဆန်ဈေးနှုန်းများတွင် အတက်အကျပြောင်းလဲမှုများရှိသကဲ့သို့မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းအနည်းငယ် ပြောင်းလဲမှုရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

♦ ♦ ♦

# သကြားလုပ်ငန်းအတွက် အစိုးရထောက်ပံ့မှုကြောင့် လာမည့် နှစ်တွင် အိန္ဒိယနိုင်ငံ၌ သကြားပိုလျှံနိုင်

အိန္ဒိယအစိုးရသည် စက်တင်ဘာ ၂၆ ရက်တွင် သကြားလုပ်ငန်း အတွက် အထောက်အကူပြုစေမည့် ရူပီးကုဋေ ၅၅၀၀ ခွင့်ပြုငွေအား အတည်ပြုလိုက်ကြောင်း၊ လာမည့်နှစ်တွင် သကြားတန်ချိန် (၅) သန်းခန့်အထိ တိုးမြှင့်တင်ပို့နိုင်ရန် ရည်ရွယ်ကာ အဆိုပါခွင့်ပြုငွေဖြင့် ကြံစိုက်တောင်သူများသို့ ထုတ်လုပ်မှုထောက်ပံ့ငွေပမာဏကို နှစ်ဆကျော် တိုးမြှင့်ခြင်း၊ သကြားစက်များသို့ သယ်ယူပို့ဆောင်ရန်အတွက် ကုန်ကျစရိတ်ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

ယင်းအဆိုပြုစာအား ကက်ဘိနက်သို့ စားနပ်ရိက္ခာဝန်ကြီးဌာနက တင်ပြခြင်းဖြစ်ပြီး လက်ရှိဖြစ်ပေါ်နေသည့် ကြံဖိုးကြွေးကျန် ရူပီးကုဋေ ၁၃၀၀၀ အား သကြားစက်များအနေဖြင့် ရှင်းလင်းပေးနိုင်ရေး အထောက်အကူပြုနိုင်ရန်နှင့် ပြည်တွင်း၌ သကြားပိုလျှံနေခြင်းအား ဖြေရှင်းဆောင်ရွက်နိုင်ရန် ရည်ညွှန်းခြင်းဖြစ်ကြောင်း သိရှိရပါသည်။

သို့ဖြစ်၍ ခွင့်ပြုငွေ ရူပီးကုဋေ ၅၅၃၈ အနက် ကုဋေ ၁၃၇၅ ခန့်မှာ သကြားစက်များသို့ သယ်ယူပို့ဆောင်စရိတ် ထောက်ပံ့ငွေအဖြစ် ခွင့်ပြုမည်ဖြစ်ကာ ကျန်ပမာဏမှာ ကြံစိုက်တောင်သူများသို့ ထုတ်လုပ်မှုအထောက်အပံ့အဖြစ် တိုက်ရိုက် ခွင့်ပြုပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံတွင် ပြည်နယ်အချို့၌ လွှတ်တော်ရွေးကောက်ပွဲများ ကျန်ရှိနေပြီး အထွေထွေရွေးကောက်ပွဲမှာလည်း လာမည့် ၂၀၁၉ ခုနှစ်၊ နှစ်လယ်ပိုင်းတွင်ဖြစ်ရာ ကြံစိုက်တောင်သူများအတွက် ငွေပေးချေရမည့်ကိစ္စရပ်အား အစိုးရအနေဖြင့် ပြေလည်စေလိုကြောင်း၊ ယခုခွင့်ပြုငွေသည် ဒုတိယအသုတ်ဖြစ်ပြီး ပြီးခဲ့သည့် ဇွန်လကလည်း သကြားလုပ်ငန်းအတွက် ရူပီးကုဋေ ၈၅၀၀ ခန့် ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံ၌ ၂၀၁၇-၁၈ ဈေးကွက်ရာသီတွင် သကြားတန်ချိန် ၃၂ သန်းအထိ စံချိန်တင် ထွက်ရှိခဲ့သည့် အတွက် စက်တင်ဘာ ရာသီကုန်ချိန်တွင် လက်ကျန်တန်ချိန် ၁၀ သန်းအထိ ရှိနေခဲ့ကြောင်း၊ သို့ဖြစ်၍ အစိုးရသည် ကြံစိုက်တောင်သူများအတွက် ထုတ်လုပ်မှုထောက်ပံ့ငွေကို ၂၀၁၇-၁၈ ရာသီ၌ (၁) ကွင်တယ်လျှင် ရူပီး ၅ ဒသမ ၅ သာ ခွင့်ပြုပေးခဲ့ရာမှ ယခုအခါ 'Comprehensive Policy to deal with excess sugar production in the country' မူဝါဒအရ လာမည့် ၎င်းဈေးကွက်ရာသီတွင် ၁၃ ဒသမ ၈၈ ထိ တိုးမြှင့်ပေးရန် အတည်ပြုခဲ့ကြောင်း၊ ထို့မျှသာမက ရှေ့နှစ်အတွက် အနည်းဆုံး သကြားတင်ပို့ခွင့်ကိုတာ (Minimum Indicative Export Quota-MIEQ) အား တန်ချိန် ၅ သန်းအဖြစ် အတည်ပြုခဲ့ကြောင်း၊ သယ်ယူပို့ဆောင်စရိတ် ထောက်ပံ့ငွေအဖြစ် ဆိပ်ကမ်းနှင့် မီတာ (၁၀၀) အတွင်းရှိ သကြားစက်များအတွက် ၁ တန်လျှင် ရူပီး ၁၀၀၀၊ ကမ်းရိုးတန်းပြည်နယ်များရှိ ဆိပ်ကမ်းများမှ ကီလိုမီတာ (၁၀၀) ကျော်အကွာရှိ သကြားစက်များအတွက် ၁ တန်လျှင် ရူပီး ၂၅၀၀၊ အခြားဒေသများရှိသကြားစက်များအတွက် ၁ တန်လျှင် ရူပီး ၃၀၀၀ အထိ ထောက်ပံ့ပေးရန် အတည်ပြုခဲ့ကြောင်း သိရှိရပါသည်။



အစိုးရ၏ ဖော်ဆောင်ချက်များကြောင့် နိုင်ငံ၏ သကြားပို့ကုန်ကဏ္ဍမြှင့်တင်လာနိုင်ပြီး ကြံဖိုးကြွေးကျန် ရူပီးကုဋေ ၁၃၅၆၇ ကို ဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း၊ ကြံဖိုးကြွေးကျန်ပမာဏအနက် Uttar Pradesh ပြည်နယ်ရှိ သကြားစက်များသည် တောင်သူများသို့ ကြံဖိုးငွေ ရူပီး ၉၈၁၇ ကုဋေခန့်ထိ အများဆုံးပေးရန်ရှိနေကြောင်း သိရှိရပါသည်။

အိန္ဒိယအစိုးရသည် ပြီးခဲ့သည့် တစ်နှစ်လုံးတွင်လည်း ကြံစိုက်တောင်သူများနှင့် သကြားစက်များ၏ အကြွေးကိစ္စများ ဖြေရှင်းနိုင်ရေးအတွက် သကြားသွင်းကုန်ခွန် နှစ်ဆ တိုးမြှင့်ခြင်း၊ ပို့ကုန်ခွန်ဖယ်ရှားခြင်း၊ အီသနောဈေးနှုန်းများ တိုးမြှင့် သတ်မှတ်ပေးခြင်းတို့အပါအဝင် လုပ်ငန်းစဉ်များစွာကို ဖော်ဆောင်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

အိန္ဒိယ၌ စက်တင်ဘာလကုန်က ကုန်ဆုံးခဲ့သည့် ၂၀၁၇-၁၈ ဈေးကွက်ရာသီတွင် သကြားတန်ချိန် (၃၂) သန်း ထွက်ရှိခဲ့ပြီး၊ လာမည့်ဈေးကွက်ရာသီတွင် တန်ချိန် ၃၅ သန်းခန့်ထိ တိုးမြှင့်ထုတ်လုပ်နိုင်မည်ဟု လျာထားကြောင်း၊ အိန္ဒိယနိုင်ငံ၏ ပြည်တွင်း သကြားလိုအပ်ချက်မှာမူ တန်ချိန် ၂၆ သန်းသာရှိသည့်အတွက် လာမည့်နှစ်တွင်လည်း သကြားပိုလျှံမည့်အနေအထားတွင် ရှိနေကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ် (စီးပွားရေးသံမှူး)**
**နယူးဒေလီမြို့**

## ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့အတွက် ကမ္ဘာ့ကုန်သွယ်မှု ခန့်မှန်းချက်ဆိုင်ရာ သတင်းထပ်မံထုတ်ပြန်

ကုန်သွယ်ဖက် အင်အားကြီးနိုင်ငံများအကြား ကုန်သွယ်မှုဆိုင်ရာ ပဋိပက္ခများဖြစ်ပေါ်လာပြီးနောက် ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုများ ဆက်လက်ကျဆင်းမည့် အလားအလာရှိရာ ယင်းအခြေအနေအရ ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်အတွက် ကမ္ဘာ့ကုန်သွယ်မှုနှင့် ပတ်သက်၍ ခန့်မှန်းချက် သတင်းအား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ စက်တင်ဘာ ၂၇ ရက်တွင် ထပ်မံထုတ်ပြန်ခဲ့ပါသည်။

သတင်းကောက်နုတ်ချက်တွင် ၂၀၁၈ ခုနှစ်အတွက် ကမ္ဘာ့ကုန်စည် ကုန်သွယ်မှု (Merchandise Trade) တိုးတက်မှုနှုန်းအား ယခုနှစ် နှစ်ဆန်းပိုင်းက ၄ဒသမ ၄ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားသော်လည်း ကမ္ဘာ့ကုန်သွယ်မှု အခြေအနေမှာ ဆက်လက်ကျဆင်းမည့်အလားအလာများနှင့်အတူ ယခုနှစ်ကုန်ပိုင်း အနေအထား များအရ ၂၀၁၈ ခုနှစ်အတွက် ကမ္ဘာ့နိုင်ငံများ၏ ကုန်စည်ကုန်သွယ်မှု (Merchandise Trade) တိုးတက်မှုနှုန်းမှာ ၃ ဒသမ ၉ ရာခိုင်နှုန်း သာ တိုးတက်လာနိုင်ကြောင်း၊ လက်ရှိဈေးကွက် ငွေလဲနှုန်းများအရ ၂၀၁၈ ခုနှစ်အတွက် ကမ္ဘာလုံးဆိုင်ရာ GDP တိုးတက်မှုနှုန်းမှာ ၃ ဒသမ ၁ ရာခိုင်နှုန်းခန့်ဟု ခန့်မှန်းထားကြောင်း၊ လက်ရှိအနေအထားအရ ၂၀၁၈ ခုနှစ်အတွက် ကမ္ဘာ့ကုန်သွယ်မှုအခြေအနေမှာ အနိမ့်ဆုံး တိုးတက်မှုနှုန်း ၃ ဒသမ ၄ ရာခိုင်နှုန်း မှ အမြင့်ဆုံး တိုးတက်မှုနှုန်း ၄ ဒသမ ၄ ရာခိုင်နှုန်းအတွင်း ဖြစ်လာနိုင်ကြောင်း၊ သို့ရာတွင် ၂၀၁၉ ခုနှစ်အတွက် ကမ္ဘာ့နိုင်ငံများ၏ ကုန်စည်ကုန်သွယ်မှု (Merchandise Trade) တိုးတက်မှုနှုန်းမှာ ၃ဒသမ ၇ ရာခိုင်နှုန်းသို့ လျော့ကျသွားနိုင်ပြီး ကမ္ဘာလုံးဆိုင်ရာ GDP တိုးတက်မှုနှုန်းမှာလည်း ၂ ဒသမ ၉ ရာခိုင်နှုန်းသို့ ကျဆင်းသွားမည်ဟု ခန့်မှန်းထားကြောင်း ဖော်ပြပါရှိပါသည်။

ထို့အပြင် လက်ရှိဖြစ်ပေါ်နေသော ကုန်သွယ်မှုဆိုင်ရာ ပဋိပက္ခများကြောင့် ကုန်သွယ်မှုအား ခန့်မှန်းရာတွင် အခက်အခဲတွေ့ရကြောင်း၊ ငွေကြေး မူဝါဒများ တင်းကြပ်မှုနှင့် ဆက်စပ်ဘဏ္ဍာရေး အခြေအနေများ အတက်အကျမြန်ဆန်နေမှုကလည်း ကုန်သွယ်မှုအပေါ် မတည်မငြိမ်ဖြစ်စေကြောင်း၊ ကုန်သွယ်မှုနှင့် ဆက်စပ်နေသော ညွှန်းကိန်းများမှာလည်း အကျဘက်သို့ဦးတည်နေကြောင်း၊ အထူးသဖြင့် ကမ္ဘာလုံးဆိုင်ရာ ပို့ကုန်အမှာစာများ ကျဆင်းမှုနှင့် စီးပွားရေးမူဝါဒများ မရေမရာဖြစ်မှုများသည် ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုကို အကျဘက်သို့ ဖြစ်ပေါ်စေကြောင်း၊ ၂၀၁၈ ခုနှစ် ပထမနှစ်ဝက်အတွင်း၌ မြောက်အမေရိကဒေသများမှာ ပို့ကုန်တင်ပို့နိုင်မှု အလျင်အမြန်တိုးတက်လာပြီး အာရှဒေသများမှာ သွင်းကုန် တင်သွင်းမှု အားအကောင်းဆုံးဖြစ်သည့် တွေ့ရှိချက်များကိုလည်း အဆိုပါသတင်းတွင် သုံးသပ်ဖော်ပြထားပါသည်။

**ညီညီအောင် ( WTOသံမှူး)၊ ဂျီနီဗာမြို့**

## ဒီဇယ်နှင့် ဓာတ်ဆီတို့အပေါ် Excise duty လျှော့ချသည့်အတွက် အိန္ဒိယအစိုးရ၏ ဝင်ငွေကို ထိခိုက်နိုင်

ပြည်တွင်း၌ စက်သုံးဆီဈေးနှုန်းများ စံချိန်တင် မြင့်တက်နေခြင်းကြောင့် ပြီးခဲ့သည့် အပတ်တွင် အိန္ဒိယဗဟိုအစိုးရသည် ဒီဇယ်နှင့်ဓာတ်ဆီတို့အပေါ် ကောက် ခံသည့် Excise duty နှုန်းထားအား (၁) လီတာလျှင် ရူပီး ၁ဒသမ ၅ ရူပီးခန့်စီ လျှော့ချလိုက်ပြီး၊ စက်သုံးဆီကုမ္ပဏီများအနေဖြင့် (၁) လီတာလျှင် (၁) ရူပီးနှုန်း လျှော့ချရန် ပြည်နယ်အစိုးရများအနေဖြင့်လည်း (၁) လီတာလျှင် ၂ ဒသမ ၅ ရူပီးခန့်ဆီ လျှော့ချရန် တိုက်တွန်းလိုက်ကြောင်း သိရှိရပါသည်။

ဗဟိုအစိုးရအနေဖြင့် Excise duty လျှော့ချလိုက်သည့်အတွက် လက်ရှိဘဏ္ဍာနှစ်အတွင်း ဝင်ငွေရူပီးကုဋေ ၁၀၅၀၀ ခန့် လျော့နည်းသွားမည် ဖြစ်ကာ အစိုးရ၏ ဘဏ္ဍာရေးလိုငွေ ရည်မှန်းချက်ဖြစ်သည့် ဂျီဒီပီ၏ ၃ ဒသမ ၃ ရာခိုင်နှုန်းအတွင်း၌ရှိရေးကို စွန့်စားမှုဖြစ်စေနိုင်ကြောင်း၊ အစိုးရ၏ ဘဏ္ဍာရေးလိုငွေမှာ ပြီးခဲ့သည့် ဩဂုတ်လကုန်တွင်ပင် ၉၄ ဒသမ ၇ ရာခိုင်နှုန်းထိ ရှိနေသည့်အတွက် ရည်မှန်းထားသည့်အတိုင်း စွမ်းဆောင်နိုင်ရေး ဘဏ္ဍာငွေအသုံးစရိတ်ကို ချုံ့ရန် လိုလာနိုင်ဖွယ်ရှိကြောင်း၊ ခန့်မှန်းချက်အရ ဗဟိုအစိုးရ၏ ဘဏ္ဍာရေးလိုငွေမှာ ဂျီဒီပီ၏ ၃ ဒသမ ၄ ရာခိုင်နှုန်းသို့ ရောက်ရှိနိုင်ကြောင်း၊ စက်သုံးဆီ ကုမ္ပဏီများအနေဖြင့်(၁) လီတာလျှင် (၁) ရူပီနှုန်းလျှော့ချရန်မှာလည်း ၎င်းတို့၏ ဝင်ငွေကို ထိခိုက်မှုရှိနိုင်ကြောင်း Moody က သုံးသပ်ထားသည်။

**ယဉ်ယဉ်နွယ်**
**စီးပွားရေးသံမှူး၊ နယူးဒေလီမြို့။**

## ၂၀၁၈ ခုနှစ်၊ ပထမ (၉)လအတွင်း တရုတ်နိုင်ငံ၏ သွင်းကုန်များ ၁၄ ဒသမ ၁ ရာခိုင်နှုန်း အထိ မြင့်တက်လာ

တရုတ်နိုင်ငံ၏ သွင်းကုန်များသည် ၂၀၁၈ ခုနှစ်၊ ပထမကိုးလအတွင်းတွင် အကောက်ခွန် အချက်အလက်များအရ ယွမ် ၁၀ ဒသမ ၄၂ ထရီလီယံ(အမေရိကန်ဒေါ်လာ ၁ဒသမ ၅ ထရီလီယံခန့်) ၁၄ဒသမ ၁ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း ရှင်းဟွာသတင်း ဝက်ဘ်ဆိုဒ်တွင် ဖော်ပြထားပါသည်။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလကာလအတွင်းတွင် တရုတ်နိုင်ငံသည် ရေနံစိမ်း ၃၃၆ မီလီယံတန်၊ သဘာဝဓာတ်ငွေ့ ၆၄ ဒသမ ၇၈ မီလီယံတန်နှင့် သန့်စင်ပြီးရေနံ ၂၄ ဒသမ ၅၉ မီလီယံတန် တင်သွင်းခဲ့သည်။ သတ္တုရိုင်း တင်သွင်းမှုသည် ၈၀၃ မီလီယံတန်ရှိခဲ့ပြီး ၁ ဒသမ ၆ ရာခိုင်နှုန်း လျော့ကျခဲ့ကာ ပဲပိစပ်တင်သွင်းမှုသည် ၇၀ဒသမ ၀၁ မီလီယံတန်ရှိခဲ့ပြီး ၂ ရာခိုင်နှုန်း အသီးသီးလျော့ကျခဲ့ပါသည်။

တရုတ်နိုင်ငံ၏စုစုပေါင်း တင်သွင်းမှုနှုန်းသည် ၄ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့နှင့်ကြေးနီတို့ပါဝင်သည့်အဓိက သွင်းကုန်ပစ္စည်းများတွင် ပမာဏနှင့် ဈေးနှုန်းနှစ်ခုလုံး မြင့်တက်လာခဲ့ပါသည်။

၂၀၁၈ ခုနှစ်တွင် တရုတ်နိုင်ငံသည် သွင်းကုန်များအပေါ်၌ ထပ်တိုးအခွန်များအပြင် မော်တော်ယာဉ်နှင့် မော်တော်ယာဉ်အစိတ်အပိုင်းများ၊ ဆေးဝါးများနှင့် လူသုံးကုန်ပစ္စည်းများ၏ အခွန်များလည်း လျှော့ချခဲ့ပြီး အခွန်ဖြတ်တောက်မှု၊ စီးပွားရေးပတ်ဝန်းကျင် ပိုမိုကောင်းမွန်စေသော မူဝါဒများနှင့် အခွန်နှုန်းထား လျှော့ချခြင်းများ ပါဝင်သည့် အစိုးရ၏ အလေးပေး ဆောင်ရွက်မှုများဖြင့် သွင်းကုန်များ မြင့်တက်လာခြင်းဖြစ်သည်ဟု အကောက်ခွန် အထွေထွေအုပ်ချုပ်ရေးမှ ပြောရေးဆိုခွင့်ရှိသူ Li Kuiwen က ပြောသည်။

**ခြူးသီရိရွှင်(WTO)**

# LINN YAUNG NI CO., LTD.
# 東昇水產有限公司




Factory
No.183, Shu Khin Tar Street,
North Okkalapa Industrial Zone,
Yangon, Myanamr.

Tel : 09 5151408
09 5151140
09 513588
E-mail : linnyaungni.mm@gmail.com

# ASIA WOOD






WARDROBE : 1220 x 610 x H 2185 mm



FACTORY : 24, MYAWADI MINGYI STREET, HLAING THARYAR, INDUSTRIAL ZONE(4), YANGON . Tel : 95-1-685140, 725051

SHOW ROOM : 66,PHOONE GYEE STREET, LANMADAW T/S, YANGON.
Tel : 95-1-225958, 214364

E-mail : asiawood.ygn@gmail.com    www.asiawoodttm.com

# ဆောင်တ်ခွန်
## logistics Services






No.53. 41 Street, Botahtaung Township, Yangon.
PH : 09777333056, 0949333314, 095412227,
09421087062, 09799778426.
Email : zmologistic@gmail.com

CB BANK

# INTERNATIONAL TRADE SERVICES
# နိုင်ငံတကာ ကုန်သွယ်ရေး ဝန်ဆောင်မှု

## Import Services
## သွင်းကုန်ဝန်ဆောင်မှု

- ငွေလွှဲစာတမ်းဖွင့်လှစ်ခြင်း/ ပြင်ဆင်ခြင်း။
- ငွေလွှဲစာတမ်း အတွက် ငွေပေးချေခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ဖြင့် ရောက်ရှိလာသော သွင်းကုန်ပစ္စည်းဖိုးအား ပေးချေခြင်း။
- သင်္ဘောတင်စာရွက်စာတမ်း အာမခံထုတ်ပေးသော ဝန်ဆောင်မှု။
- ပြည်တွင်း ငွေလွှဲစာတမ်းဖွင့်လှစ်ခြင်း။
- ကုန်ရောင်းငွေလွှဲစာတမ်းပေါ် အခြေခံ၍ ကုန်ဝယ်ငွေလွှဲ စာတမ်းအားပြန်လည်ဖွင့်လှစ်ပေးခြင်း။

## Export Services
## ပို့ကုန်ဝန်ဆောင်မှု

- ငွေလွှဲစာတမ်းနှင့် ငွေလွှဲစာတမ်းပြင်ဆင်ခြင်းအား အကြောင်းကြားပေးခြင်း။
- ငွေလွှဲစာတမ်းအတွက် ငွေတောင်းခံခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ဖြင့် ပေးပို့သော ကုန်ပစ္စည်းများအတွက် ငွေတောင်းခံခြင်း။
- ကြိုတင်ရငွေ / ပို့ကုန်ငွေလွှဲအားထည့်သွင်းပေးခြင်း။
- လွှဲပြောင်းနိုင်သော ငွေလွှဲစာတမ်းဖွင့်လှစ်ခြင်း။

## Export/Import Financing
## ပို့ကုန် / သွင်းကုန် ငွေကြေးထောက်ပံ့မှု

**ပို့ကုန် ငွေကြေးထောက်ပံ့မှု**
**( Export Financing )**

- ကုန်ပစ္စည်းဝယ်ယူထုတ်လုပ်ရန် ကြိုတင်ငွေ ထုတ်ယူခြင်း။
- ကုန်တန်ဖိုး ငွေတောင်းခံလွှာပေါ်တွင် ချေးငွေထုတ်ယူခြင်း။
- ဆိုင်းငံ့ကာလစနစ် ထုတ်ကုန်ငွေလွှဲစာတမ်းပေါ်တွင် သင်္ဘောတင်စာရွက်စာတမ်းများ ဝယ်ယူခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ဖြင့် ကုန်ပစ္စည်းတင်ပို့သော စာရွက်စာတမ်းများ ဝယ်ယူခြင်း။

**သွင်းကုန် ငွေကြေးထောက်ပံ့မှု**
**( Import Financing )**

- ယုံကြည်မှုဖြင့် ဝယ်ယူထားသောကုန်ပစ္စည်းအတွက် အချိန်ပိုင်း ချေးငွေထုတ်ပေးခြင်း။
- သွင်းကုန် ငွေတောင်းခံလွှာ ပေါ်တွင် ချေးငွေထုတ်ပေးခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ပေါ် အခြေခံ၍ အချိန်ပိုင်း ချေးငွေဖြင့် ငွေပေးချေခြင်း။
- ကုန်ရောင်းသူ၏ အကြွေးစနစ်ပေါ်တွင်ငွေလက်ငင်းရရှိရန် ကြားခံဘဏ်များမှ ချေးငွေထုတ်ပေးခြင်း။

## International Remittance
## အပြည်ပြည်ဆိုင်ရာ ငွေလွှဲဝန်ဆောင်မှု

- ပြည်ပမှ ငွေလွှဲများဝင်ရောက်ခြင်း။ ( Inward Remittance )
- ပြည်ပသို့ ငွေလွှဲများ ပေးပို့ခြင်း။ ( Outward Remittance )



Call Centre : (+95) **1 231 777 0**

Contact Us : (95-1) 2317698, (95-9) 261997208
www.cbbank.com.mm
STU@cbbank.com.mm

# COMMERCE INTERNATIONAL

# ကုန်အမှတ်တံဆိပ်ဖော်ဆောင်ရေးကို အလေးထားဆောင်ရွက်ရန် ဗီယက်နမ် စီးပွားရေးလုပ်ငန်းများကို တိုက်တွန်း




စီးပွားရေးအရ ပေါင်းစည်းရေးလုပ်ငန်းများကို ဆောင်ရွက်နေချိန်တွင် လုပ်ငန်းများ၏ယှဉ်ပြိုင်နိုင်မှုစွမ်းဆောင်ရည်ကို တိုးမြှင့်ပေးရန်အတွက် ဗီယက်နမ်စီးပွားရေးလုပ်ငန်းများ အထူးသဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် မိမိတို့၏ ကုန်အမှတ်တံဆိပ်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သင့်ကြောင်း နိုဝင်ဘာ ၁ ရက်က ဟိုချီမင်းစီးတီးတွင် ကျင်းပသော နှီးနှောဖလှယ်ပွဲတွင် ပြောကြားချက်များကို ကိုးကား၍ ဗီယက်နမ်နယူးစ်အေဂျင်စီသတင်းတွင် ဖော်ပြသည်။

"ကုန်အမှတ်တံဆိပ်ဆိုတာက လက်ဆုပ်လက်ကိုင်ပြလို့မရပေမဲ့ စီးပွားရေးလုပ်ငန်းအတွက် တန်ဖိုးထားစရာတစ်ခုအဖြစ် ကာလရှည်ကြာစွာကတည်းက အသိအမှတ်ပြုထားပါတယ်။ ကုန်အမှတ်တံဆိပ်က စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးပါတဲ့အခန်းကဏ္ဍကပါဝင်နေပြီး စီးပွားရေးလုပ်ငန်းအောင်မြင်ဖို့အတွက် အဆုံးအဖြတ်ပေးနိုင်ပါတယ်"ဟု ဉာဏပစ္စည်းပိုင်ဆိုင်မှုဌာန ဒုတိယညွှန်ကြားရေးမှူး လေဗော့လမ်းကပြောသည်။

လုပ်ငန်းသဘောအရ ပေါင်းစည်းရေးကို ဆောင်ရွက်နေချိန်ဖြစ်သည့်အတွက် စီးပွားရေးလုပ်ငန်းများ၏ ကုန်အမှတ်တံဆိပ်နှင့် ထုတ်ကုန်များသည် နိုင်ငံတစ်ခု၏ ပုံရိပ်သဖွယ်ဖြစ်နေကြောင်း စီးပွားရေးပညာရှင် လေဒန်ဒိုအမ်းက ပြောသည်။

ဥပမာဘိုရင်းနှင့် မိုက်ခရိုဆော့တို့သည် အမေရိကန်ပြည်ထောင်စု နည်းပညာအောင်မြင်မှုကို ကိုယ်စားပြုသော ပုံရိပ်တစ်ခုဖြစ်ကြောင်း သူကပြောသည်။ ဗီယက်နမ် နိုင်ငံသည် လယ်ယာထွက်ကုန်များနှင့် ပင်လယ်စာများကို တင်ပို့ရာတွင် အကြီးမားဆုံးတင်ပို့သည့်နိုင်ငံများတွင်ပါဝင်နေသော်လည်း နိုင်ငံခြားမှ စားသုံးသူများမှာ သူတို့ဗီယက်နမ်ထုတ်ကုန်များကို သုံးစွဲနေသည်ကို မသိကြပေ။ ဤသို့ဖြစ်ရသည်မှာ ဗီယက်နမ်နိုင်ငံက အဆိုပါထုတ်ကုန်များကို တင်ပို့ရာတွင် ထုပ်ပိုးပစ္စည်းများအပေါ်တွင် ကုန်အမှတ်တံဆိပ်အမည်များကို အသုံးမပြုသည့်အတွက်ဖြစ်ကြောင်း သူကပြောသည်။

## နိုင်ငံခြားအလုပ်သမားဥပဒေကြမ်းကို ဂျပန်အစိုးရကလွှတ်တော်သို့ တင်သွင်း

လူဝင်မှုကြီးကြပ်ရေးထိန်းချုပ်ရေးဥပဒေကို ပြင်ဆင်မည့်ဥပဒေကြမ်းကို ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးအစိုးရက လွှတ်တော်သို့ တင်သွင်းခဲ့ကြောင်း NHK သတင်းတွင် အောက်တိုဘာ ၃ ရက်က ဖော်ပြသည်။

ပြင်ဆင်ချက်ဥပဒေကြမ်းကိုအတည်ပြုမည်ဆိုပါက ကျွမ်းကျင်လုပ်သားမဟုတ်သူ နိုင်ငံခြားအလုပ်သမားများသည် ဂျပန်နိုင်ငံတွင်အလုပ်လုပ်ကိုင်ခွင့်ရတော့မည်ဖြစ်သည်။ ယင်းဆုံးဖြတ်ချက်သည် အဆင့်မြင့်ကျွမ်းကျင်လုပ်သားများကိုသာ လက်ခံခဲ့သော ဂျပန်နိုင်ငံ၏ မူဝါဒတွင်ကြီးမားသောမူဝါဒပြောင်းလဲမှုဖြစ်လာနိုင်သည်။

ပြည်ပမှလုပ်သားများကို ပိုမိုခေါ်ယူခြင်းဖြင့် အာဘေး၏အစိုးရအဖွဲ့သည် ဂျပန်နိုင်ငံတွင် ကာလရှည်ကြာစွာဖြစ်ပွားနေသော အလုပ်သမားရှားပါးမှုပြဿနာကိုဖြေရှင်းရန် ကြိုးပမ်းခဲ့သည်။ လောလောဆယ်တွင် အဆင့်မြင့်ကျွမ်းကျင်ပညာရှင်များကိုသာ အလုပ်အကိုင်ဗီဇာများကို ထုတ်ပေးလျက်ရှိသည်။ အစိုးရ၏ အစီအစဉ်တစ်ခုအရ အလုပ်လုပ်ကိုင်ရင်းကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်း တက်နေသူများအား လက်ခံထားသော်လည်း သူတို့ကို အချိန်ကာလအကန့်အသတ်ဖြင့်သာ လက်ခံထားခြင်းဖြစ်သည်။

ဥပဒေမူကြမ်းတွင် နေထိုင်ခွင့်အဆင့်အတန်းကို နှစ်မျိုးခွဲခြားထားသည်။ တစ်မျိုးမှာ ကျွမ်းကျင်လုပ်သားမဟုတ်သော နိုင်ငံသားများကို ငါးနှစ်အထိ ခွင့်ပြုမည်ဖြစ်သော်လည်း မိသားစုများကို ခေါ်ဆောင်ခွင့်ရမည်မဟုတ်ပေ။ ကျွမ်းကျင်မှုအဆင့်မြင့်မားသော လုပ်သားများအတွက် သတ်မှတ်ထားသော အခြားအတန်းအစားတစ်ခုမှာ နိုင်ငံခြားသားများအား အကန့်အသတ်မရှိ နေထိုင်ခွင့်နှင့် မိသားစုများကိုခေါ်ဆောင်ခွင့်ပြုထားမည်ဖြစ်သည်။

လွှတ်တော်အစည်းအဝေးပြီးဆုံးချိန်တွင် ဥပဒေကို ပြဋ္ဌာန်းနိုင်ရေးအတွက် အစိုးရနှင့် ညွန့်ပေါင်းအဖွဲ့တို့က ဥပဒေမူကြမ်းကို လာမည့်ရက်သတ္တပတ်တွင် ဆွေးနွေးရန်ဆန္ဒရှိနေသည်။ နိုင်ငံခြားအလုပ်သမားများနှင့် ဂျပန်အလုပ်ရှင်တို့နှစ်ဦးစလုံး အပြန်အလှန်လေးစားပြီး အတူတကွယှဉ်တွဲနေထိုင်ရေးအတွက် ပတ်ဝန်းကျင်ကောင်းတစ်ရပ်ကို ဖန်တီးသင့်ကြောင်း ဝန်ကြီးချုပ်ရှင်ဇိုအာဘေးကပြောသည်။ သို့သော်လည်း အတိုက်အခံတို့ကမူ ဥပဒေမူကြမ်းတွင် အသေးစိတ်အချက်အလက်များမပါသည့်အတွက် လွှတ်တော်တွင်အလောတကြီးဆောင်ရွက်ရန်မသင့်ကြောင်းပြောကြားကြသည်။

နိုင်ငံခြားသား အလုပ်သမားမည်၍မည်မျှကို တိုးတက်ခေါ်ယူမည်၊ မည်သည့်ကဏ္ဍများကို ရွေးချယ်မည်ဆိုသော အသေးစိတ်အချက်အလက်များ ဥပဒေမူကြမ်းတွင် မပါဝင်ကြောင်း Constitutional Democratic Party မှ အာကီရာနာကာဆူးမားက ပြောသည်။

## တစ်ဆင့်ခံကန်ထရိုက်များထံမှ လုပ်သားကိုးထောင်နီးပါးကို တောင်ကိုရီးယား ဆမ်ဆောင်း အီလက်ထရွန်းနစ်ပြုပြင်ရေးလုပ်ငန်းက အလုပ်ခန့်အပ်မည်




ကုမ္ပဏီ၏ ဆပ်ကန်ထရိုက်တာများထံမှ လုပ်သား ၈၇၀၀ ကို ကုမ္ပဏီဝန်ထမ်းအဖြစ် ခန့်အပ်သွားမည်ဖြစ်ကြောင်း ဆမ်ဆောင်းအီလက်ထရွန်းနစ်ကုမ္ပဏီ ပြုပြင်ရေးလုပ်ငန်းက နိုဝင်ဘာ ၂ ရက်က ပြောကြားခဲ့ရာ ဝန်ထမ်းများ၏ အာမခံချက်ခိုင်မာစေရန် တောင်ကိုရီးယားကုမ္ပဏီများ၏ နောက်ဆုံး ကြိုးပမ်းချက်တစ်ရပ်ကို ပြသလျက်ရှိကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

ယခုကြေညာချက်သည် တောင်ကိုရီးယား နည်းပညာကုမ္ပဏီကြီးဖြစ်သော ဆမ်ဆောင်းအီလက်ထရွန်းနစ်ကုမ္ပဏီက မိမိ၏ ပြင်ပလက်ခွဲအဖြစ်အပ်နှံလုပ်ကိုင်နေသော လုပ်သားများနှင့် ကန်ထရိုက်ဝန်ထမ်းများ၏ ရာထူးနေရာတည်ငြိမ်ရေးအတွက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကတိပြုခဲ့ပြီးနောက် အကြမ်းအားဖြင့် ခုနစ်လခန့်အကြာတွင် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ပြင်ဆင်ရေးလုပ်ငန်းများ ကျွမ်းကျင်သူ ၇၈၀၀ ဦးကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ဆမ်ဆောင်း၏ တရားဝင်ဝန်ထမ်းများအဖြစ် စတင်ခန့်အပ်သွားမည်ဖြစ်ကြောင်းနှင့် ကောစင်တာများ (Call Centers) ရှိ ဝန်ထမ်း ၉၀၀ ဦးအား နိုဝင်ဘာ ၅ ရက်မှစ၍ အမြဲတမ်းဝန်ထမ်းများအဖြစ် ခန့်အပ်သွားမည်ဖြစ်သည်။

အလုပ်ခန့်ထားရေးလုပ်ငန်းများကို အပြည့်အဝ ဆောင်ရွက်ပြီးစီးပါက ဆမ်ဆောင်း အီလက်ထရွန်းနစ်ပြုပြင်ရေးလုပ်ငန်းသည် အလုပ်အကိုင်အာမခံချက် ပေးထားသော လုပ်သား ၉၀၀၀ နှင့် နိုင်ငံတစ်ဝန်းလုံးတွင်စင်တာပေါင်း ၁၈၄ ခုရှိမည်ဖြစ်ရာ တောင်ကိုရီးယားနိုင်ငံတွင် အကြီးမားဆုံးသော ပြုပြင်ရေးလုပ်ငန်းကြီး ဖြစ်လာနိုင်သည်။

ကုမ္ပဏီ၏ ဆောင်ရွက်မှုသည် ပုံကျလုပ်သားများအား ပုံမှန်လုပ်သားနှင့် အချိန်ပြည့်လုပ်သားအဖြစ် ဖန်တီးရေးနှင့် လူငယ်များအတွက် အရည်အသွေးပြည့်မီသော လုပ်ငန်းများဖန်တီးရေးဟူသော သမ္မတမွန်ဂျေးအင်း၏ မူဝါဒနှင့် ကိုက်ညီလျက်ရှိကြောင်း သိရသည်။

မကြာသေးမီ နှစ်များအတွင်း အငြင်းပွားမှုများ ကာလရှည်ကြာစွာ ဆက်တိုက်ဖြစ်ပွားပြီးနောက်ပိုင်း ပျက်ပြားခဲ့ရသော ကုမ္ပဏီနာမည်ကောင်းကိုထိန်းသိမ်းရန် ဆမ်ဆောင်းအီလက်ထရွန်းနစ်က ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီလအတွင်းက ကုမ္ပဏီဥက္ကဋ္ဌ လီဂျေယွန်း ထောင်မှလွတ်လာပြီးနောက်ပိုင်း ယင်းလုပ်ငန်းများကို အရှိန်မြှင့် ဆောင်ရွက်ပေးလျက်ရှိသည်။

သမ္မတ ပတ်ဂွင်ဟေးအားအယုံအကြည်မရှိအဆို တင်သွင်းခံရပြီး နောက်ပြုတ်ကျခဲ့ရသည့် နိုင်ငံရေးအရှုပ်တော်ပုံတွင် ပါဝင်ပတ်သက်မှုဖြင့် နည်းပညာကုမ္ပဏီကြီး၏ခေါင်းဆောင်ဖြစ်သူလီသည် ထောင်ဒဏ်တစ်နှစ်ကျခံခဲ့ရသည်။ ဆမ်ဆောင်း အီလက်ထရွန်းနစ်လုပ်ငန်းတွင် ကာလရှည်ကြာစွာ ဖြစ်ပွားခဲ့ရသော အလုပ်သမားများတွင် သွေးကင်ဆာရောဂါ ဖြစ်ပွားသည့် အငြင်းပွားမှုကို ဖြေရှင်းပေးခဲ့ပြီးဖြစ်ကြောင်း စေ့စပ်ဖျန်ဖြေရေးကော်မတီက နိုဝင်ဘာ ၁ ရက်က ကြေညာခဲ့သည်။

If you can't reuse it,refuse it

**ပြန်လည်သုံးစွဲ၍မရပါက ထိုပစ္စည်းများ သုံးရန်ငြင်းဆန်ကြ။**

စံမီအောင် စုစည်းသည်